ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွားတိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၀ ခုနှစ် တန်ခူးလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 18 April 2019 ၉၆၂၃

# နိုင်ငံတော်သမ္မတအိမ်တော်၌ အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနား ကျင်းပ

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၁၇

**၁၃၈၀ ခုနှစ် မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။**

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြစဉ်။

### နိုင်ငံသားအကျဉ်းသား/သူ ၉၃၅၃ ဦးအား လွတ်ငြိမ်းသက်သာခွင့်ပေး

စာမျက်နှာ » ၇

### နိုင်ငံခြားသားအကျဉ်းသား ၁၆ ဦးအား လွတ်ငြိမ်းသက်သာခွင့်ပြု

စာမျက်နှာ » ၇

### အင်ဒိုနီးရှားရွေးကောက်ပွဲ သမ္မတ ဝီဒိုဒို ထောက်ခံမဲအသာစီးဖြင့် ဦးဆောင်လျက်ရှိ

စာမျက်နှာ » ၁၂



# ကြေးမုံ

## ငြိမ်းချမ်းသာယာ နှစ်သစ်မင်္ဂလာ

ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံမည့် မြန်မာနှစ်သစ် တစ်နှစ်သို့ ကူးပြောင်းရောက်ရှိပြီဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်ကုန်ဆုံးပြီး ၁၃၈၁ ခုနှစ်သို့ ကူးပြောင်းရောက်ရှိပြီဖြစ်ပါသည်။ နှစ်ဟောင်းတွင် ပြုလုပ်မိခဲ့သည့် အကုသိုလ်အမှုများ၊ အမှားအယွင်းများရှိပါက ယင်းတို့ကို ဆေးကြောသုတ်သင်ပြီး နှစ်သစ်တွင် စိတ်သစ်၊ ကိုယ်သစ်ဖြင့် မိမိအကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်ကြရမည်ဖြစ်ပါသည်။

နှစ်သစ်ကူးပြောင်းသည့် ယခုနှစ်မဟာသင်္ကြန်ကာလအတွင်း မြန်မာတစ်နိုင်ငံလုံး၌ ပြည်သူ ပြည်သားအပေါင်းတို့ ကိုယ်စိတ်ချမ်းမြေ့မှုအပေါင်း ခြံလွှမ်းပြီး အေးချမ်းစွာ၊ ပျော်ရွှင်စွာဖြင့် ကူးပြောင်းခဲ့ကြပြီးဖြစ်ရာ ယခုနှစ်သစ်အချိန်အခါမှစပြီး ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်လောကသစ်ကို ဝိုင်းဝန်းတည်ဆောက်ကြမည်ဟု ခံယူထားသင့်ပါသည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့် အားလုံးသိရှိကြပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်တို့မြန်မာနိုင်ငံတော်အဖို့ လက်ငင်းလိုအပ်နေသည့် ယုံကြည်မှုကို အပြန်အလှန်တည်ဆောက်ကြပြီး တစ်ဦးအပေါ်တစ်ဦး မုဒိတာပွားများကြရန်ဖြစ်ပေသည်။ ဆက်လက်၍ နိုင်ငံတော်အစိုးရ၊ မဏ္ဍိုင်ကြီးများနှင့် အဖွဲ့အစည်းများက အကောင်အထည်ဖော်လျက်ရှိသည့် တိုင်းပြည်ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတို့ကို မဆုတ်မနစ် ကြိုးပမ်းအားထုတ်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နှစ်ဟောင်းတွင် တိုင်းရင်းသားပြည်သူအပေါင်း ကြုံတွေ့ခဲ့ကြပြီးဖြစ်သည့် တိုင်းပြည်၏လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ ပဋိပက္ခများကို ကျော်လွှားလွန်မြောက်စေရန်အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး အရေးကိစ္စအမျိုးမျိုးတို့တွင် လူတိုင်းလူတိုင်း အသိစိတ်ဓာတ်ရှိစွာဖြင့် လက်တွဲပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

နှစ်သစ်တစ်နှစ်ကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံစေမည်ဟု လူမျိုးတိုင်း၊ ဘာသာတိုင်းက ခံယူထားကြပြီးဖြစ်သည်။ မင်္ဂလာဟူသည် မကောင်းမှုများကိုရှောင်ကြဉ်၍ ကောင်းမှုများကို ဆောင်ကြဉ်းခြင်းဖြစ်သောကြောင့် ယခုနှစ်သစ်မင်္ဂလာအခါကာလမှစ၍ ကျွန်ုပ်တို့တိုင်းပြည်တွင် ကောင်းကျိုးချမ်းသာများ ပွားတိုးလာအောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

၁၃၈၁ ခုနှစ် မြန်မာနှစ်သစ်ကူးပြောင်းပြီး နှစ်ဆန်းကာလတွင် နိုင်ငံ့ခေါင်းဆောင်များမှအစ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က နှစ်သစ်မင်္ဂလာဖြစ်ပါစေကြောင်း တောင်းဆုအမျိုးမျိုးခြွေကြသလို မင်္ဂလာဖြစ်စေကြောင်း ကောင်းမှုအထူးများကို ပြုလုပ်ခဲ့ကြသည်ကို ဝမ်းသာကြည်နူးဖွယ် မြင်တွေ့ခဲ့ကြပြီဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်ဝပြီး တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာဝပြောလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ထားပါသည်။

နိုင်ငံ့ခေါင်းဆောင်များ၏ မဆုတ်မနစ် ကြိုးပမ်းအားထုတ်နေမှုများကြောင့် မြန်မာနိုင်ငံတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး နယ်ပယ်များသာမက တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးကဏ္ဍများတွင် တိုးတက်လာမည့် အရိပ်လက္ခဏာများကိုလည်း မြင်တွေ့နေရပါသည်။ ပြည်သူပြည်သားအပေါင်းတို့အနေဖြင့် နှစ်သစ်တွင် စိတ်သစ်၊ ကိုယ်သစ်ဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ဆက်လက်သယ်ပိုး ထမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ နှစ်ဟောင်းမှ အားနည်းချက်များ၊ လိုအပ်ချက်များကို သုံးသပ်ဆင်ခြင်ပြီး ၁၃၈၁ ခုနှစ်တွင် နိုင်ငံတော်သမ္မတကြီး၏ နှစ်သစ်ကူးလမ်းညွှန်မှာကြားချက်အတိုင်း တည်ငြိမ်မှုလည်း မထိခိုက်စေ၊ အပြောင်းအလဲလည်းဖြစ်ပေါ်စေဆိုသည့် နည်းလမ်းအတိုင်း နိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်စီတာဝန်သိစိတ်ဖြင့် ကျရာတာဝန်တို့ကို နှစ်သစ်တွင် ကျေပွန်စွာ ကြိုးပမ်းအားထုတ် ကြိုးကုတ်ရွက်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကဖြစ်အောင် ဝိုင်းဝန်းဖန်တီးကြရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ထာဝရငြိမ်းချမ်းရေးစေတီတော်၌ တင်လှူပူဇော်မည့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား ရွှေတိဂုံစေတီတော် ပတ္တမြားမျက်ရှင်ရုပ်ပွားတော် အာရုံခံသို့ ပင့်ဆောင်ပူဇော်

**ရန်ကုန် မေ ၁၇**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ချမ်းသာကြီးတန်ဆောင်း၌ အပူဇော်ခံ ကိန်းဝပ်တော်မူသော ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိထာဝရငြိမ်းချမ်းရေးစေတီတော်တွင် တင်လှူပူဇော်မည့်ရတနာ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့အား ရွှေတိဂုံစေတီတော် အထက်ပစ္စယံ ပတ္တမြားမျက်ရှင်ရုပ်ပွားတော် အာရုံခံသို့ ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ည ၇ နာရီက ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရတနာ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များအား ရွှေတိဂုံစေတီတော် အထက်ပစ္စယံ ပတ္တမြားမျက်ရှင်ရုပ်ပွားတော် ကိန်းဝပ်တော်မူရာ အာရုံခံသို့ ကြွရောက်တော်မူပါရန် အဘိယာစန ဂါထာတော်ဖြင့် ပင့်ဆောင်သည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌနှင့် ဆရာတော် သံဃာတော်များထံ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရတနာငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များအား လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ရတနာငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များအား ရွှေတိဂုံစေတီတော်ရင်ပြင်၌ လက်ယာရစ်လှည့်လည်အပူဇော်ခံပြီး ရွှေတိဂုံစေတီတော်အထက်ပစ္စယံ ပတ္တမြားမျက်ရှင်ရုပ်ပွားတော် ကိန်းဝပ်တော်မူရာ အာရုံခံ၌ ကိန်းဝပ်စံပယ်တော်မူသည်။

**ဟန်လင်းနိုင်**

## (၅၅)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲ ကျင်းပ

**စစ်တွေ မေ ၁၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်(ယနေ့)နံနက် ၉ နာရီတွင်ကျင်းပသည့် (၅၅)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲသို့ တက်ရောက်ကာ သက်ကြီး အဘိုး အဘွားများအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။



### ရှင်းလင်းပြောကြား

ရှေးဦးစွာ ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲအခမ်းအနားကို ရခိုင်ရိုးရာမင်္ဂလာစည်တော်တီးခတ်၍ ဖွင့်လှစ်ပြီး မြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးစံညွှန့်က ဧကပိုဒ်ရတု ရွတ်ဖတ်ပူဇော်သည်။ ဆက်လက်၍ သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစံသာမောင်က သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက အပူဇော်ခံ အဘိုး အဘွားများအား ကန်တော့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ကြီး အဘိုး အဘွားများအား မင်္ဂလာရေစင်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များ၊ ပင်တိုင်အလှူရှင်များက အဘိုး အဘွားများကို အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။ ယင်းနောက် အပူဇော်ခံ အဘိုး အဘွားများကိုယ်စား အသက် ၈၅ နှစ်ရှိ အဘိုး ဦးကျော်သာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ၊ ယဉ်ကျေးမှုကော်မတီမှ ရက္ခိတအားမာန်ပြိုင်လောင်းဟန် ရခိုင်စည်တီး ပြည်ရွာအီး ယိမ်းအကများဖြင့် ဂါရဝပြု ဖျော်ဖြေပူဇော်ကြသည်။

### ပူဇော်ကန်တော့မည်

အပူဇော်ခံ အဘိုး အဘွား ၁၀၈ ဦးကိုပူဇော်ကြပြီး ရပ်ကွက်အသီးသီးရှိ အဘိုး အဘွား ၉၈၆ ဦးကိုလည်း ပူဇော်သွားမည်ဖြစ်သည်။ စစ်တွေမြို့တွင် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီက အသက် ၈၀ နှင့်အထက် အဘိုး အဘွားများနှင့် အသက် ၁၀၀ အထက် အဘိုး အဘွား ငါးဦး အပါအဝင် စုစုပေါင်း ၁၀၉၄ ဦးအား တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ စီဖြင့် ငွေကျပ် ၄၉၂၃၀၀၀၀ ကို ပူဇော်ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သက်ကြီးပူဇော်ပွဲကျင်းပရေး ကော်မတီဝင်များ၊ မြို့မိ မြို့ဖများ စေတနာရှင်အလှူရှင်များနှင့် ရခိုင်ယဉ်ကျေးမှုအဖွဲ့လူငယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ညို၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၈ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပ မြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့၊ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး နိုင်ငံနဲ့ ပြည်သူများအကျိုးသယ်ပိုးရာမှာ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့ စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်း လူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လို ကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❖ ရှေ့ဖုံးမှ

အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆက်ကပ်လှူဒါန်း

အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ချိုချိုနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ၄ရွှေဝါခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဈေးကုန်းဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

### နာယူကြည်ညို

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဈေးကုန်းဆရာတော်ထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ မြန်မာနှစ်သစ်ကူး သြဝါဒ




တိုင်းသူပြည်သားအားလုံးနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု နှစ်စဉ်အမြဲ ဆုတောင်းမေတ္တာ ပို့သနေကျအတိုင်း ဆုတောင်းမေတ္တာပို့သပါသည်။

ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာပါက သက်ရှိသတ္တဝါတွေ အားလုံး ကျန်းမာချမ်းသာကြပေမည်။

သတ္တဝါတွေအားလုံး ဘုရားဂုဏ်တော်ကို အမြဲမပြတ် အောက်မေ့ပြီး အနုဿတိဘာဝနာပွားများပါမှ ဘုရားခတ်တွေ့ကူးပြီး သတ္တလောကကြီး ချမ်းချမ်းသာသာရှိပေမည်။ ထို့ပြင် မေတ္တာဘာဝနာပွားပါမှ အေးချမ်း သာယာသောလောကကြီး ဖြစ်လာနိုင်ပေမည်။ ဘုရားဂုဏ်တော် ပုတီးစိပ်ပြီး မေတ္တာပွားပါမှ ကမ္ဘာသူ ကမ္ဘာသား သက်ရှိသတ္တလောကကြီး အေးချမ်း သာယာ ရှိပေမည်။

ထို့ကြောင့် သတ္တလောကကြီး အေးချမ်းသာယာ၍ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြစေရန် အလွန်တရာ လိုလားအပ်သော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းနှင့် မေတ္တာကမ္မဋ္ဌာန်း နှစ်ပါးကို ကြိုးစားပွားကြပါစို့။

# စစ်ကိုင်းမြို့သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ မြန်မာနှစ်သစ်ကူးသြဝါဒ



ဒို့များရဲ့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ သဘာဝ သစ်တောများ၊ သဘာဝအားဖြင့် ဖြစ်ပေါ်နေကြတဲ့ ချောင်းမြောင်းတွေ၊ မြစ်တွေ၊ တောတောင်တွေ၊ သတ္တုတွင်းတွေ၊ အထူးသဖြင့်တော့ စေတီပုထိုး၊ ကျောင်းကန် ဘုရားတွေနဲ့ လှပတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ လှပတဲ့ နိုင်ငံတော်မှာနေကြတဲ့ ဒို့မြန်မာနိုင်ငံသူ၊ နိုင်ငံသား၊ အထူးသဖြင့် တိုင်းရင်းသား၊ တိုင်းရင်းသူ၊ ညီအစ်ကို မောင်နှမတစ်တွေ လှပတဲ့စိတ်ဓာတ်တွေကို မွေးနိုင်ကြပါစေလို့ နှစ်ဟောင်းကိုလည်း နှုတ်ဆက်တဲ့အနေနဲ့ ဒို့များ ဆုတောင်းတယ်၊ နှစ်သစ်ကိုလည်း ကြိုဆိုတဲ့ အနေနဲ့ လှပတဲ့နိုင်ငံမှာနေကြတဲ့ လူအပေါင်းဟာ လှပတဲ့ စိတ်ဓာတ်များ မွေးနိုင်ကြပါစေလို့ ဆုတောင်းတယ်။ လှပတဲ့စိတ်ဓာတ်တွေကို မွေးမြူနိုင်ကြမှ ဒီနိုင်ငံတော်ကို ပိုပြီးတော့ လှပအောင် ဖန်ဆင်းတည်ဆောက်နိုင်ကြမှာ ဖြစ်ပါတယ်။

ဂေါသိင်္ဂဥယျာဉ်ကြီးထဲမှာ အရှင်အနုရုဒ္ဓါရယ်၊ အရှင်နန္ဒိယရယ်၊ အရှင် ကိမိလရယ် ရဟန္တာကြီးသုံးပါးတို့ သီတင်းသုံးနေကြတုန်းက မြတ်စွာဘုရားကြွလာပြီးတော့ ဂေါသိင်္ဂဥယျာဉ်ကြီး သိပ်လှတယ်။ ပင်လုံးကျွတ်ပွင့်နေကြတဲ့ အပွင့်တွေက လှနေကြတယ်။ ဒါပေမယ့် ပိုလှတာကတော့ ငါ့ရဲ့တပည့်သား သာဝကကြီးသုံးပါးတို့ နေထိုင်ကြတဲ့အတွက်ကြောင့် ပိုလှတယ်လို့ထင်တယ်။ ဒီလောက် လှနေတဲ့ ဂေါသိင်္ဂဥယျာဉ်ကို ပိုပြီးတော့လှပအောင် သင်တို့ ဘယ်လိုများတန်ဆာဆင်ထားကြသလဲလို့ မေးတော့ မထေရ်ကြီးသုံးပါးတို့က မြတ်စွာဘုရားကို ဖြေကြတယ်။ သာမဂ္ဂီစိတ်ထားနဲ့ တန်ဆာဆင်ထားကြတယ်ဘုရား။

သာမဂ္ဂီဆိုတာ ညီညွတ်ရေးပဲ။ ခေတ်လိုပြောရင်တော့ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်ရေးပဲ။ လွတ်လပ်ရေးကို အရယူတုန်းက စည်းလုံးညီညွတ်ရေးနဲ့ အရယူခဲ့တာ။ ဒီလွတ်လပ်ရေးကို ထိန်းသိမ်းတဲ့အခါမှာလည်း စည်းလုံးညီညွတ်ရေးနဲ့ပဲ ထိန်းသိမ်းကြရမယ်။ နိုင်ငံတော်ကို လှပအောင် တည်ဆောက်တဲ့ နေရာမှာလည်းပဲ စည်းလုံးညီညွတ်ရေးနဲ့ တည်ဆောက်ရမှာ ဖြစ်တယ်ဆိုတာကို ကြားညှပ်ပြီးတော့ ဒို့များ ပြောလိုတယ်။

ဂေါသိင်္ဂဥယျာဉ်ကြီး ဘယ်လို ညီညွတ်ရေးနဲ့ တန်ဆာဆင် အလှပြင်ထားကြသလဲလို့ မြတ်စွာဘုရားမေးတော့-- တပည့်တော်တို့တစ်တွေဟာ ဂေါသိင်္ဂဥယျာဉ်ကြီးထဲမှာ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်သော မျက်လုံးအစုံတို့ဖြင့် ကြည့်၍လည်းနေကြတယ်ဘုရား။ ညီညွတ်သော စိတ်ဓာတ်ဆိုတာ နို့နဲ့ ရေနဲ့ ရောသလို ရောနှောပြီးတော့ နေကြတယ် ဘုရား။ ရေနဲ့ ရေချင်းရောရင် ပြန်ခွဲလို့မရသလိုပဲ၊ နို့နဲ့ရေနဲ့ ရောရင်လည်း ပြန်ခွဲလို့မရဘူး။ ဆီနဲ့ ရေနဲ့သာ ရောရင်တော့ ဘယ်ပုံးထဲ ဘယ်ခွက်ထဲပဲ ထည့်ထားထား၊ ရောတယ်လို့ ပြောကြရုံပဲ၊ ဆီတစ်ထပ် ရေတစ်ထပ်နေကြမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် တပည့်တော်တို့ ညီနောင်သုံးပါး ဂေါသိင်္ဂဥယျာဉ်ကြီးကို နို့နဲ့ ရေနဲ့ ရောသလို ညီညီညွတ်ညွတ် ရောရောနှောနှော ချစ်ချစ်ခင်ခင် ကွဲပြားခြင်းမရှိ ခိုက်ရန်ဖြစ်ခြင်းမရှိ၊ အငြင်းပွားခြင်းမရှိဘဲနဲ့ ချစ်ခင် ညီညွတ်သော စိတ်ဓာတ်နဲ့ အလှပြင် တန်ဆာဆင်ထားကြတယ်ဘုရားလို့ လျှောက်တော့ မြတ်စွာဘုရားက သာဓုခေါ်တယ်။

နောက် ချစ်သားတို့တစ်တွေ ဂေါသိင်္ဂဥယျာဉ်ကြီး အလှပြင်ပုံကို ဆက်၍လျှောက်ကြဦးလော့လို့ ပြောတော့ တပည့်တော်တို့တစ်တွေဟာ အလိုဆန္ဒ စိတ်ဆန္ဒတွေကို လျှော့ထားပြီးတော့ အတူနေပုဂ္ဂိုလ်တို့ရဲ့ အလိုဆန္ဒပြည့်အောင် ဖြည့်စွက်၍နေကြတယ်ဘုရားလို့ လျှောက်ကြတယ်။ ဥပမာ အရှင်အနုရုဒ္ဓါသည် သူ့စိတ်ကို လျှော့ထားပြီးတော့ အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့ အလိုပြည့်အောင် နေပေးတယ်။ အရှင်နန္ဒိယကလည်း သူ့စိတ်ကို လျှော့ထားပြီးတော့ အရှင်အနုရုဒ္ဓါနဲ့ အရှင်ကိမိလတို့ အလိုပြည့်အောင် နေထိုင်ပေးတယ်။ အရှင်ကိမိလကလည်း ထိုအတိုင်းပဲ နေထိုင်တယ်။ ဒီလိုပဲ သုံးပတ်လည်သွားတဲ့ အခါမှာလည်း သုံးပါးလုံး အားလုံးဟာ စိတ်ဆန္ဒတွေကို လျှော့ချထားပြီးတော့ သုံးပါးလုံး အလိုပြည့်နေကြတာ တွေ့ရတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက သာဓု သာဓု သာဓုဟု သာဓုသုံးကြိမ် ခေါ်တော်မူတယ်။ အနုရုဒ္ဓါ၊ ကိမိလ၊ နန္ဒိယတို့၊ ဒါကြောင့် ဂေါသိင်္ဂဥယျာဉ်ကြီး လှပတာပဲလို့ မြတ်စွာဘုရား ချီးမွမ်းတော်မူပါတယ်။ ဒါကြောင့် တိုင်းရင်းသား ညီအစ်ကို မောင်နှမအားလုံး နှစ်ဟောင်းမှာ ဟောင်းနွမ်းဆွေးမြည့်ပြီဖြစ်တဲ့ တင်းမာတဲ့ စိတ်ဓာတ်တွေကို အကုန်လုံးလျှော့ချထားပြီးတော့ နှစ်သစ်မှာ တိုင်းပြည်ကို လှပအောင် တန်ဆာဆင်ကြဖို့၊ မိမိတို့ရဲ့ စိတ်ဆန္ဒတွေကို အကုန်လုံးလျှော့ထား၊ အတူနေ တိုင်းရင်းသားတွေရဲ့ အလိုဆန္ဒတွေကို ပြည့်ဝအောင် ဝိုင်းဝန်းဖြည့်စွက်ပြီးတော့ ဆောင်ရွက်နိုင်ကြပါစေဆိုတာ နှစ်ဟောင်းကိုလည်း ဆုတောင်းနှုတ်ဆက်တယ်၊ နှစ်သစ်ကိုလည်း ကြိုဆိုဆုတောင်းတယ်။


နိဂုံးချုပ်မှာတော့ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလတို့က တစ်ပါးစီ တစ်ပါးစီ မြတ်စွာဘုရားကို လျှောက်ကြတဲ့အထဲမှာ "သကံ စိတ္တံ နိက္ခိပိတွာ နာနာဟိ ခေါ နော ဘန္တေ ကာယာ ဧကမေဝံယေဝ အာယသ္မန္တာနံ စိတ္တဿ ဝသေန ဝတ္တာမိ"

တပည့်တော်တို့တစ်တွေဟာ ကိုယ်ကာယက တစ်ကိုယ်စီ၊ တစ်ကိုယ်စီ ဖြစ်သော်လည်းပဲ ကိုယ်ကာယတွေ ကွဲပြား၍ နေကြစေကာမူ စိတ်တွေမကွဲဘဲနဲ့ နေကြတယ်ဘုရား။ သုံးပါးနေထိုင်တဲ့အတွက်ကြောင့် သုံးကိုယ် ဖြစ်ပေမယ့် စိတ်ကတော့ တစ်စိတ်ထဲပဲလို့ လျှောက်ထားကြပါတယ်။ ဒါကို ခေတ်လို ပြောမယ်ဆိုလို့ရှိရင်တော့ သုံးကိုယ် တစ်စိတ်လို့ ပြောရမှာပေ့ါ။

ဒါဆိုလို့ရှိရင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ရေမြေတောတောင်၊ ပင်လယ်သမုဒ္ဒရာ၊ စေတီပုထိုး၊ ကျောင်းကန်ဘုရားတွေနဲ့ လှပနေတယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အလှပဆုံးစိတ်ဓာတ်ဟာ ဂေါသိင်္ဂဥယျာဉ်ကြီးထဲက မထေရ်ကြီး သုံးပါးတို့ရဲ့ထုံးကို နှလုံးမူ၍ သုံးကိုယ်တစ်စိတ်နဲ့ နေကြတယ်ဆိုကြသလိုပဲ တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာ့သုံးဆယ်ကျော်ရှိပေမယ့် စိတ်ဓာတ်တွေ တစ်ရာ့သုံးဆယ်ကျော် မကွဲပြားဘဲ ညီညွတ်သော၊ ငြိမ်းချမ်းသော၊ သာယာလှပသော နိုင်ငံတော်ကြီးကို တပေါင်းတစည်းတည်း၊ တစည်းတလုံးတည်း တည်ထောင်မယ်ဆိုတဲ့ သုံးကိုယ်တစ်စိတ် ဂေါသိင်္ဂစိတ်ဓာတ်ကို မွေးမြူပြီးတော့ နိုင်ငံတော်ကြီးကို လှပအောင် တည်ဆောက်နိုင်ကြပါစေလို့ နှစ်ဟောင်းကိုလည်း နှုတ်ဆက်တယ်၊ နှစ်သစ်ကိုလည်း ကြိုဆိုသောအားဖြင့် ဆုတောင်းလိုက်ပါတယ်။

သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိကြပါစေ။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏ မြန်မာနှစ်သစ်ကူး သြဝါဒ



၁၃၈၀ ပြည့်နှစ်ကို လွန်မြောက်၍ ၁၃၈၁ ခုနှစ်သို့ ရောက်ရှိရာ မြန်မာနှစ်သစ်ကူး မင်္ဂလာနေ့အခါမှစ၍ မြန်မာပြည်သူ ပြည်သားအားလုံး ဘေးဘယာဝေးကွာလျက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရာသီဥတုပူနွေးလာသည့် ယနေ့ခေတ်မှာ ပြင်ပအပူများကို တွန်းလှန်နိုင်ကြသလို ရင်တွင်းအပူများကိုလည်း တွန်းလှန်ဖို့ ကြိုးစားကြရမှာဖြစ်ပါသည်။ လောဘကြီး၍ ကိုယ်ကျိုးရှာလွန်းခြင်း၊ ဒေါသကြီး၍ အငြိုးအတေးထား မုန်းစိတ်ပွားခြင်း၊ မောဟကြီး၍ တွေဝေခြင်း၊ လုပ်သင့် မလုပ်သင့် မသိခြင်းများသည် ရင်တွင်းအပူများဖြစ်ပါသည်။

ရင်တွင်းအပူများကို ထိန်းချုပ်ငြိမ်းသတ်နိုင်မှသာ စစ်မှန်သော အငြိမ်းဓာတ်ကို ရရှိခံစားနိုင်ကြမှာဖြစ်ပါသည်။ စစ်မှန်သည့် ထာဝရအငြိမ်းဓာတ်ကို ရရှိခံစားနိုင်ကြရန် ဝိပဿနာတရားရှုပွားလျက် ရင်တွင်းအပူများကို မဂ်တရားဖြင့် အပြီးသတ် ငြိမ်းသတ်နိုင်အောင် ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါသည်။

အပူကင်းပြတ် ထာဝရအငြိမ်းဓာတ်ကို ရရှိခံစားနိုင်ကြပါစေ။



# မော်လမြိုင်ကျွန်းတွင် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ

**မော်လမြိုင်ကျွန်း မေ ၁၇**

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ စိတ်တူကိုယ်တူပရဟိတအကျိုးဆောင်အဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်သစ်ဒါနအဖြစ် စတုတ္ထအကြိမ်မြောက်အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို မေ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်)နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့သာယာ ၁၃ ရက်ကွက် မြို့ပတ်လမ်းထိပ် ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ယင်းသက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲတွင် စိတ်တူကိုယ်တူ ပရဟိတအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအေးနိုင်က ပူဇော်ကန်တော့ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၆၉ ဦးတို့အား ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့ စိတ်တူကိုယ်တူပရဟိတ အကျိုးဆောင်လုပ်ငန်းလူငယ်မောင်မယ် ၂၀ တို့က သက်ကြီးဘိုးဘွားများအား ခြေသည်းလက်သည်းများ လှီးဖြတ်ပေးပြီး နှစ်သစ်ဦးကုသိုလ်ယူဆောင်ရွက်ကြသည်။

ယင်းနောက် အဘိုးဦးမောင်လေးနှင့် အဘွားဒေါ်အေးသန်းတို့က တစ်သက်တာ လိုက်နာမှတ်သားစရာ ဆုံးမစကားများကို ပြောကြားပြီး ဆုတောင်းမေတ္တာများပို့သကြသည်။

**မော်ကျွန်း-မြင့်အောင်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



**ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ အမိမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်မှာ တင့်တယ်လာအောင်၊ နိုင်ငံသူ နိုင်ငံသားများရဲ့ လူမှုစီးပွားဘဝမြင့်မားလာပြီး ပျော်ရွှင်ချမ်းမြေ့အောင်၊ ပြည်သူတွေမြင်ချင် တွေ့ချင်နေတဲ့ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင်တွေ့မြင်ရအောင် ခိုင်မာတဲ့စိတ်ဓာတ်၊ ပြင်းထန်တဲ့ဆန္ဒ၊ မလျှော့တဲ့ဝီရိယနဲ့ ကိုယ်ရောစိတ်ပါ မြှုပ်နှံပြီး တာဝန်ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများအားလုံး ကာယစိတ္တ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေကြောင်း နှစ်သစ်မင်္ဂလာအခါသမယမှာ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျာ၊**

ကျွန်တော် နိုင်ငံတော်သမ္မတအဖြစ်နဲ့ ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာပြုခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး လုပ်ဆောင်သွားမယ့် ရည်မှန်းချက်ပန်းတိုင် ၃ ခုကို ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် မနှစ်က မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားမှာလည်း ဒီရည်မှန်းချက် ပန်းတိုင်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ် (၁၁) ရပ်ကိုလည်း ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ဒီနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားအနေနဲ့ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ တတိယ (၁) နှစ်တာ ဖြတ်သန်းမှုကာလအတွင်းမှာ ရည်မှန်းချက်ပန်းတိုင်တွေ၊ အကောင်အထည်ဖော်နိုင်မှု အခြေအနေတွေ ဘယ်လောက်အထိ ပုံပေါ်နေပြီလဲ၊ ဘယ်အတိုင်းအတာအထိ ခရီးရောက်နေပြီလဲဆိုတာ အသိပေးတင်ပြလိုပါတယ်။

ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရာမှာ သိသာထင်ရှားမှုကို ပြပါဆိုရင် ခေတ်အဆက်ဆက်က အမြစ်တွယ်ပြီး ကာလရှည် ဝေဒနာတစ်ရပ်ဖြစ်နေတဲ့ အဂတိလိုက်စားမှုကို အတိုင်းအတာတစ်ခုအထိ ထိရောက်အောင်မြင်အောင် ကာကွယ်တိုက်ဖျက်မှုတွေ ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အဂတိလိုက်စားတာကို ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ တရားဥပဒေနဲ့အညီ ကျောသားရင်သားမခွဲခြားဘဲ နိုင်ငံနဲ့လူမျိုးအကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေးရှုပြီး အရေးယူဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ရုံးခွဲများနဲ့ ဝန်ကြီးဌာနများမှာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ (Corruption Prevention Unit - CPU) ဖွင့်လှစ်နိုင်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွေနဲ့ ပတ်သက်လို့လည်း ပုံမှန်သမားရိုးကျ ဆောင်ရွက်မှုများအပြင် နိုင်ငံတော်သမ္မတရုံးကို အလွယ်တကူ တိုင်ကြားသတင်းပေးနိုင်တဲ့ နည်းလမ်းများကိုပါအသုံးပြုပြီး အထူးစီမံချက်တစ်ရပ်အဖြစ်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးပြီး တစ်ဖက်မှာလည်း ဆုပေး ဒဏ်ပေးစနစ် ထိထိရောက်ရောက်ကျင့်သုံးခြင်းတို့အတွက် ယခင်ကထက်ပိုပြီး ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ပြည်သူလူထုနဲ့ နီးစပ်တဲ့ အောက်ခြေအဆင့်ကနေ စတင်ပြောင်းလဲလုပ်ဆောင်နိုင်ဖို့ရာ အဓိကကျတဲ့ ပြည်သူတွေနဲ့ နိစ္စဓူဝ ထိတွေ့ဆက်ဆံနေရတဲ့ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနရဲ့ကြီးကြပ်ကွပ်ကဲမှုအောက်ကို ပြောင်းလဲဖွဲ့စည်းဆောင်ရွက်ခဲ့တာဟာလည်း ထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတစ်ခုပဲ ဖြစ်ပါတယ်။

တောင်သူလယ်သမားများရဲ့လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးစရိတ် ချေးငွေများကို ယခင်ကထက် ပိုမိုပံ့ပိုးပေးနိုင်ခဲ့သလို မြေပိုင်ဆိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနဲ့ ပတ်သက်လို့လည်း မလိုလားအပ်တဲ့ နှောင့်နှေးကြန့်ကြာမှုတွေ မရှိရလေအောင် ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။ အလားတူပဲ သိမ်းဆည်းထားတဲ့မြေတွေကို နိုင်ငံတော်ရဲ့မူဝါဒနဲ့အညီ ပြန်လည်စိစစ်ကြဖို့၊ စွန့်လွှတ်ပြီးတဲ့ မြေတွေကို မူလပိုင်ရှင်များထံ အမြန်ဆုံး ပြန်လည်အပ်နှံပေးဖို့၊ မစွန့်လွှတ်နိုင်ပါက သင့်လျော်တဲ့ လျော်ကြေး၊ နစ်နာကြေးတွေရရှိဖို့ ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်များဟာလည်း ယခင်ကထက် သွက်လက်မြန်ဆန်ပြီး ထိရောက်မှု ရှိနေတာတွေ့ရမှာဖြစ်ပါတယ်။

ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရတဲ့ ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကူးစက်မြန်ရောဂါခံစားနေရသူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များက အကူအညီတောင်းခံလာပါက ကူညီဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးပြီး ဖြစ်ပါတယ်။

လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး အလုပ်ရုံဆွေးနွေးပွဲများနဲ့ သင်တန်းများပြုလုပ်ပေးခြင်း၊ အသိပညာပေး ဟောပြောပွဲများကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights)ကို မြန်မာဘာသာမှ တိုင်းရင်းသားဘာသာ (၁၀) မျိုးသို့ ဘာသာပြန်ဆိုခြင်း စသည်တို့ကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပိုမိုမြှင့်တင်ကာကွယ်နိုင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ တိုင်းရင်းသားလူမျိုးစုများရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို မှတ်တမ်းတင်ရေး၊ တိုင်းရင်းသားလူမျိုးများရဲ့ဘာသာစကား၊ စာပေတိမ်ကောပပျောက်မှု မရှိစေရေးနဲ့ ဖွံ့ဖြိုးတည်တံ့စေရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျာ၊**

ပြည်သူ့အစိုးရ စတင်တာဝန်ထမ်းဆောင်ခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် မတ်လ ၃၁ ရက်နေ့အထိ (၃) နှစ်တာကာလအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိစစ်ခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်မယ့် ပြည်ပနိုင်ငံပေါင်း (၂၂) နိုင်ငံမှ စီးဝင်ခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက် စုစုပေါင်း (၅၈၄) ခုနဲ့ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉၉ ဘီလီယံ ရှိပါတယ်။

အလားတူကာလအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိစစ်ခွင့်ပြုခဲ့တဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက် စုစုပေါင်း (၃၅၉) ခုနဲ့ တန်ဖိုးကျပ် ၇၃၉၀ ဒသမ ၃၄ ဘီလီယံ ရှိပါတယ်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပထမ(၆)လတွင် စီးပွားရေးတိုးတက်မှု ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစာရင်း (LDC) မှ လွတ်မြောက်ရေး စံသတ်မှတ်ချက် (၃) ခုလုံးကို ၂၀၁၈ ခုနှစ်တွင် ပထမအကြိမ် ပြည့်မီတဲ့ တိုးတက်မှုရလဒ် ရရှိခဲ့ပါတယ်။

တစ်ဖက်မှာလည်း ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနတွေကို အရှိန်အဟုန်မြှင့် ကြပ်မတ်လုပ်ဆောင်နေပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ကို အများက ယုံကြည်လေးစားတဲ့ အားကိုးအားထားပြုရာ ဘက်မလိုက်တဲ့ တရားစီရင်ရေးစနစ်ဖြစ်ရေး လိုအပ်သလို ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံသူ နိုင်ငံသားများအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာများ တည်ဆောက်ခဲ့ပါတယ်။ ဝန်ထမ်းတွေ အငြိမ်းစားယူသွားချိန်မှာ သိက္ခာရှိရှိ နေသွားနိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများလည်း တည်ဆောက်နိုင်ခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းများနဲ့ အငြိမ်းစားဝန်ထမ်းများရဲ့ လစာနဲ့ ပင်စင်တွေကို သင့်လျော်တဲ့ ပမာဏတစ်ခုအထိ တိုးမြှင့်ပေးခဲ့ပါတယ်။ Wave Money မိုဘိုင်းစနစ်ဖြင့် အငြိမ်းစားလစာ ထုတ်ပေးနေပါတယ်။ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေကို တိုးမြှင့်သတ်မှတ်ပေးနိုင်ခဲ့ပါတယ်။ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း မြင့်မားလာစေရေး စီမံပေးနေသလို ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပါတယ်။ ပြည်ပရောက် မြန်မာအလုပ်သမားများ လုံခြုံဘေးကင်းမှုနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရရှိခံစားနိုင်ဖို့ တိုးမြှင့်လုပ်ဆောင် ပေးနိုင်ခဲ့ပါတယ်။ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းများဖြစ်စေရေး ဆောင်ရွက်နေတာတွေ ရှိပါတယ်။ လူငယ်သင်တန်းကျောင်းများ၊ အိမ်တွင်းမှုသင်တန်းကျောင်းများ၊ ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့တာတွေ၊ ကျေးလက်အသက်မွေးဝမ်းကျောင်းနဲ့ ဝင်ငွေမြှင့်တင်ရေးနဲ့ ကျေးလက်ဒေသများ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေးစီမံကိန်းများ အကောင်အထည်ဖော်ခဲ့တာတွေရှိပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လျှပ်စစ်မီးရရှိရေး တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းအရှေ့နဲ့ အနောက် တောင်နဲ့မြောက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေဖို့ လမ်းတံတားအသစ်တွေ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒေသအလိုက် လမ်းတံတားတွေ အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် နယ်ပယ်ချဲ့ထွင်နိုင်ခဲ့ပါတယ်။ e-Visa စနစ်ဖြင့် ခွင့်ပြုပေးနိုင်တာတွေ၊ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့တာတွေရှိပါတယ်။ ကမ်းပါးထိန်း ကာကွယ်ရေးလုပ်ငန်းများနဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သဘာဝသယံဇာတများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်နိုင်ရေးစီမံကိန်းများနဲ့ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိပါတယ်။ စစ်ဘေးရှောင်စခန်းများမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခဲ့ပါတယ်။ မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ခဲ့တာလည်း ရှိပါတယ်။ နိုင်ငံ့ဘဏ္ဍာ အလေအလွင့် မရှိစေဖို့နဲ့ လိုအပ်နေတဲ့ လုပ်ငန်းတွေမှာ ထိထိရောက်ရောက်သုံးစွဲနိုင်ဖို့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့ စည်းမျဉ်းစည်းကမ်းတွေကို စနစ်တကျ သတ်မှတ်ပေးနိုင်ခဲ့ပါတယ်။ တာဝန်ယူမှု တာဝန်ခံမှု မရှိသူအဆင့်ဆင့်ကို ထိထိရောက်ရောက် အရေးယူခဲ့တာတွေ ရှိပါတယ်။ ဒါတွေဟာ ပြည်သူများရဲ့ အကျိုးစီးပွားအတွက် အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရရှိခဲ့ပြီလို့ ပြောနိုင်မှာ ဖြစ်ပါတယ်။

(၂၁) ရာစုပင်လုံညီလာခံ တတိယအစည်းအဝေးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၂) အဖြစ် နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၄) ချက်၊ စီးပွားရေးကဏ္ဍ အခြေခံမူသဘောတူညီချက် (၁) ချက်၊ လူမှုရေးကဏ္ဍ အခြေခံမူသဘောတူညီချက် (၇) ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူသဘောတူညီချက် (၂) ချက်၊ စုစုပေါင်း (၁၄) ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ရာစုနှစ်ထက်ဝက်ကျော်အသားကျနေတဲ့ အတွေးအခေါ် အယူအဆတွေ၊ စွဲကပ်နေတဲ့ အလေ့အကျင့်တွေ၊ ပုံစံကျနေတဲ့လုပ်နည်းလုပ်ဟန်တွေ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အဟန့်အတား အနှောင့်အယှက်တွေကြားမှ ဒီလိုတိုတောင်းတဲ့ကာလအတွင်းမှာ သိသိသာသာ ဖြစ်ထွန်းတိုးတက်လာတဲ့ လုပ်ငန်းရပ်တွေကို ကြည့်မယ်ဆိုရင် အစိုးရနဲ့ပြည်သူ ကြည်ဖြူစွာ အတူတကွ လက်တွဲဆောင်ရွက်မှု၊ ယုံကြည်ချက် ခံယူချက် တူညီမှုတွေကနေရရှိတဲ့ အောင်မြင်မှု အသီးအပွင့်တွေ ဖြစ်ပါတယ်။

ဒီလိုအောင်မြင်မှုတွေ၊ တိုးတက်ဖြစ်ထွန်းမှုတွေရှိနေသလို တစ်ဖက်မှာလည်း ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ဖိအားပေးပြစ်တင်ဝေဖန်မှုတွေ၊ အရေးယူနိုင်ရန် ကြိုးပမ်းမှုတွေကို နိုင်ငံတကာမျက်နှာစာမှာ ရင်ဆိုင်ဖြေရှင်းနေရတာတွေ ရှိပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုဖြစ်စဉ်တွေ၊ ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ်တွေ၊ နေရာဒေသအချို့မှာဖြစ်ပွားနေတဲ့ တိုက်ပွဲဖြစ်စဉ်တွေကြောင့် စစ်ဘေးရှောင်နေရတဲ့ ပြည်သူတွေ စတဲ့ စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေကိုလည်း ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီအခက်အခဲများသည် ပင်လျှင် ကျွန်တော်တို့ရဲ့ စုပေါင်းအင်အားကို ဖြစ်ထွန်းပေါ်ပေါက်စေတဲ့ အခွင့်အလမ်းကောင်းများအဖြစ် မှတ်ယူကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ဘယ်လိုပဲစိန်ခေါ်မှုတွေ၊ အခက်အခဲတွေ၊ အကျပ်အတည်းတွေရှိနေပါစေ၊ ပြည်သူလူထုရဲ့နားလည်စာနာမှု၊ ပူးပေါင်းပါဝင်မှု၊ ကူညီပံ့ပိုးမှုတွေနဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုခရီးကို ကျော်လွှားအောင်မြင်နိုင်မယ်လို့ အခိုင်အမာ ယုံကြည်ပါတယ်။ ပြည်သူလူထုကြီးကလည်း ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေးပဋိပက္ခ ထောက်ချောက်ထဲသို့ မဝင်မိစေရန် ဂရုစိုက်ကြစေလိုပါတယ်။ မိမိတို့အား အာရုံပြောင်းလမ်းကြောင်းလွှဲတဲ့ အဖြစ်အပျက်များကိုလည်း သတိပြုကြစေလိုပါတယ်။ **စာမျက်နှာ ၇ သို့** ❖

# ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



ဒုတိယသမ္မတ ဦးမြင့်ဆွေ

ချစ်ခင်လေးစားအပ်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား

မြန်မာ့နှစ်သစ်ကူး မင်္ဂလာအခါသမယမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနဲ့တကွ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုလို ကောင်းမြတ်တဲ့ မြန်မာ့နှစ်သစ်ကူးမင်္ဂလာအခါသမယမှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေး အမြန်ဆုံးရရှိပါစေ၊ ငြိမ်းချမ်းရေးရရှိတာနဲ့အမျှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပါစေ၊ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကို တိုင်းရင်းသားပြည်သူများအားလုံး အတူတကွ မျှမျှတတ ခံစားနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးရဲ့ စည်းလုံးညီညွတ်တဲ့စွမ်းအား၊ ချစ်ကြည်သွေးစည်းတဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေကို အရင်းခံပြီး စိတ်သစ် လူသစ် အင်အားသစ်တွေနဲ့ ပြည်ထောင်စုကြီးရဲ့ ရှေ့ဆက်ကြမည့် ခရီးလမ်းကို နားလည်မှု၊ ယုံကြည်မှု၊ အပြန်အလှန် လေးစားတန်ဖိုးထားမှုတွေနဲ့အတူ နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ ဆက်လက်လျှောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး နှစ်သစ်မင်္ဂလာအခါသမယမှာ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားတိုးတက်ပြီး ရွှင်လန်းချမ်းမြေ့ကြပါစေ။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ

ချစ်ခင်လေးစားအပ်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား

မြန်မာတို့ရဲ့ နှစ်သစ်ကူးမင်္ဂလာအခါသမယမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒီမိုကရေစီခိုင်မာရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးရဲ့ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတွေဟာ မရှိမဖြစ် လိုအပ်တဲ့ အခြေခံအုတ်မြစ်ပဲ ဖြစ်ပါတယ်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြတဲ့ တိုင်းရင်းသားများအားလုံးရဲ့ ပေါင်းစည်းညီညွတ်မှုအင်အားနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးမှာ ကြုံတွေ့လာမယ့် ဘယ်လိုစိန်ခေါ်မှုမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

တိုင်းရင်းသားသွေးချင်းများအားလုံး နိုင်ငံတော်တည်ဆောက်ရေးမှာ ကျရာအခန်းကဏ္ဍကနေ ပြည်ထောင်စုစိတ်အခြေခံပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ကြပါစေ။

တိုင်းရင်းသားအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုများ တည်ဆောက်နိုင်ကြပါစေ။

ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ပျော်ရွှင်ကြည်နူးဖွယ် နှစ်သစ်ဖြစ်ပါစေ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

ယခုလို နှစ်သစ်မင်္ဂလာ အခါသမယမှာ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ယနေ့အချိန်အခါဟာ နှစ်ဟောင်းမှသည် နှစ်သစ်သို့ ကူးပြောင်းတဲ့ကာလ ဖြစ်ပါတယ်။ မိမိတို့အနေဖြင့် ပြည်သူဗဟိုပြု ဒီမိုကရေစီစနစ် ပိုမိုထွန်းကားလာအောင် ခေတ်စနစ်နှင့်လျော်ညီခြင်းမရှိတဲ့ ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နေသလို ပြည်သူတွေရဲ့အကျိုးစီးပွားဖြစ်ထွန်းစေမယ့် အခြေခံလူ့အခွင့်အရေးများကို အကာအကွယ်ပေးမယ့် ဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် မဲဆန္ဒနယ်မြေများအလိုက် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူများအနေနဲ့လည်း ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် မိမိတို့လွှတ်တော်နှင့်အတူ ပူးပေါင်းပါဝင်နိုင်ကြပါစေ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ပါစေ။ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး အန္တရာယ်ခပ်သိမ်းငြိမ်းကြပါစေ၊ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူအပေါင်းနှင့် ပြည်ပရောက် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး မင်္ဂလာရှိတဲ့နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ဘဝကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ ကူးပြောင်းတိုင်း နှစ်ဟောင်းမှာ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုများစွာ၊ ဘဝသင်ခန်းစာများစွာကို အနာဂတ်အတွက် အခွင့်အလမ်းသစ်များ၊ အောင်မြင်ရေးနည်းလမ်းကောင်းများအဖြစ် မှတ်ယူကာ ပြုပြင်စရာများကို ပြုပြင်ရင်း မှန်ကန်တဲ့ဘက်ကို ပြောင်းလဲစေမည့် အတွေးအမြင်သစ်များဖြင့် ရဲဝံ့စွာ ပြုပြင်ပြောင်းလဲရင်း လှပသော အနာဂတ်အတွက် ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးနှင့်အတူ ကြိုးစားဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ တူညီသောဆန္ဒဖြစ်သည့် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးအတွက် ဦးတည်လျှောက်လှမ်းရာမှာ ဥပဒေပြုကဏ္ဍမှ လွှတ်တော်များအနေဖြင့် ပြည်သူသည်သာ အခရာဖြစ်၍ ပြည်သူ့အသံကို အစဉ်နားစွင့်ရင်း ပြည်သူများ၏ လိုအပ်ချက်နှင့်ဆန္ဒကို သိနိုင်အောင် အမြဲကြိုးစားကာ လူမှုစီးပွားဘဝများ တိုးတက်စေရန် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမယ့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော လွှတ်တော်များဖြစ်စေရေး အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြု ပြောကြားလိုပါတယ်။

နှစ်သစ်မင်္ဂလာ သည်ချိန်ခါမှစ၍ နိုင်ငံသူနိုင်ငံသားများ အားလုံးကလည်း တာဝန်ကိုယ်စီ ရှိကြသည်ဟု အစဉ်နှလုံးသွင်းမှတ်ယူကာ မိမိတို့ ကျရာကဏ္ဍမှ တာဝန်ကျေပွန်နိုင်ကြပါစေ၊ ဘာသာတရားတိုင်း၏ အဆုံးအမများနှင့်အညီ ဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေ၊ ဆောင်ရွက်ဖွယ်ရာ ကိစ္စမှန်သမျှကို **ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာ** ဆိုတဲ့ အောင်မြင်ခြင်းတရား (၄) ပါးနဲ့အညီ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဧပြီ ၁၇**

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

❖ စာမျက်နှာ ၅ မှ

လှုံ့ဆော်ဖန်တီးမှုများကိုလည်း စိတ်ခံစားမှုဖြင့် မတုံ့ပြန်မိကြရန် သတိရှိကြစေလိုပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျာ၊**

ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ရရှိပြီးဖြစ်တဲ့ အောင်မြင်မှုတွေ၊ အောင်မြင်မှု လမ်းကြောင်းပေါ်မှာ ရောက်နေတာတွေကိုကြည့်ပြီး တင်းတိမ်ရောင့်ရဲ ကျေနပ်နေမှာမဟုတ်ပါ။ ပြည်သူက ရွေးချယ်တဲ့အစိုးရပီပီ ပြည်သူလူထုရဲ့အကျိုးစီးပွားကို အစဉ်ရှေးရှုပြီး ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် အချို့ကဏ္ဍများမှာ ပြည်သူလူထုက ဖြစ်စေချင်တဲ့ ဆန္ဒတွေနဲ့ မျှော်လင့်သလောက် မဖြစ်သေးတာတွေ၊ ကျွန်တော်တို့အစိုးရရဲ့ လုပ်ဆောင်နေမှုတွေအပေါ်မှာ အားမလိုအားမရ ဖြစ်နေတာတွေကို အလေးထားပြီး ပြန်လည်သုံးသပ်ကာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာတော့ ကျွန်တော်ပြောကြားလေ့ရှိတဲ့အတိုင်း **"တည်ငြိမ်မှုကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲတွေလည်းဖြစ်ပေါ်စေ"** ဆိုတဲ့ နည်းလမ်းကိုပဲကျင့်သုံးပြီး လုပ်ငန်းစဉ်ပီပြင်ထိရောက်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အားသွန်ခွန်စိုက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ အမိမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်မှာ တင့်တယ်လာအောင်၊ နိုင်ငံသူနိုင်ငံသားများရဲ့ လူမှုစီးပွားဘဝမြင့်မားလာပြီး ပျော်ရွှင်ချမ်းမြေ့အောင်၊ ပြည်သူတွေမြင်ချင်တွေ့ချင်နေတဲ့ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင် တွေ့မြင်ရအောင် ခိုင်မာတဲ့စိတ်ဓာတ်၊ ပြင်းထန်တဲ့ဆန္ဒ၊ မလျှော့တဲ့ဝီရိယနဲ့ ကိုယ်ရောစိတ်ပါ မြှုပ်နှံပြီး တာဝန်ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အလေးအနက်ပြောကြားလိုပါတယ်။

ယခုလို မင်္ဂလာအပေါင်းနဲ့ ခညောင်းပြည့်စုံတဲ့ နှစ်သစ်အခါသမယမှာ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပါစေ၊ မိဘပြည်သူများအားလုံး ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒတွေ ပြည့်ဝကြပါစေ၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ထောင်မှုခရီးမှာလည်း တစုတည်းတစည်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ၊ ခေတ်ဟောင်း စနစ်ဟောင်းက အတွေးအခေါ် အယူအဆ အလေ့အထတွေကို ဘေးဖယ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး အခွင့်ကောင်း အခါကောင်းမှာ အတွေးသစ် အမြင်သစ် ကျင့်စဉ်သစ်တွေကို အတူတကွရွေးချယ်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

## နိုင်ငံသားအကျဉ်းသား/သူ ၉၅၃၅ ဦးအား လွတ်ငြိမ်းသက်သာခွင့်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၃/၂၀၁၉**
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသားအကျဉ်းသား/သူ ၉၅၃၅ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သည်။ ကျန်အကျဉ်းသား/သူများထဲမှ လွှတ်သင့်လွှတ်ထိုက်သူများကိုလည်း စနစ်တကျစိစစ်လျက်ရှိပြီး လွတ်ငြိမ်းသက်သာခွင့် ဆက်လက်ပေးသွားမည်ဖြစ်ပါသည်။

(ပုံ)ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



## နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ အန္တရာယ်ကင်းပရိတ်တရားတော်နာအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် (C) ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်တေဇောဘာသ အမှူးပြုသော သံဃာတော်အရှင်မြတ်တို့ ကြွရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်တေဇောဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ရွတ်ဖတ်သရဇ္ဈာယ်**

ထို့နောက် သံဃာတော်အရှင်မြတ်များက အန္တရာယ်ကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## နိုင်ငံခြားသားအကျဉ်းသား ၁၆ ဦးအား လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၄/၂၀၁၉**
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသားအကျဉ်းသား ၁၆ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှစ်သစ်ကူးဆုမွန်



သင်္ကြန်ဆိုသည့် မူလစကား သင်္ကန္တ၊ ပြောင်းရွှေ့ခြင်း၊ ပြောင်းလဲခြင်းဆိုတဲ့ အဓိပ္ပာယ်အတိုင်း နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပိုမိုကောင်းမွန်သည့်၊ ပိုမိုတိုးတက်သည့်၊ ပိုမိုအေးချမ်းသာယာသည့် အခြေအနေမျိုးကို ပြောင်းလဲနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ၁၃၈၀ ပြည့်နှစ် တစ်နှစ်လုံးအတွင်းမှာ ကဏ္ဍပေါင်းစုံအတွေ့အကြုံများ ဖြတ်သန်းခဲ့ရပါတယ်။ အဆိုပါ အတွေ့အကြုံများဟာ ၁၃၈၁ ခုနှစ်အတွက် ခွန်အားသစ်များဖြစ်ပြီး နိုင်ငံရဲ့ဘက်ပေါင်းစုံတိုးတက်တဲ့အခြေအနေမျိုးကို ဖန်တီးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျေးဇူးတင်ပါတယ်။

## ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ ၂၁၀ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်

**စစ်တွေ ဧပြီ ၁၇**

ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ ၂၁၀ ကို ယနေ့ မွန်းလွဲပိုင်းတွင် လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့လွတ်ငြိမ်းသက်သာခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၁၀၉ ဦး၊ အကျဉ်းသူခြောက်ဦး၊ နိုင်ငံခြားသား တစ်ဦး စုစုပေါင်း ၁၁၆ ဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ အကျဉ်းသား ၃၅ ဦး၊ အကျဉ်းသူ သုံးဦး၊ နိုင်ငံခြားသားတစ်ဦး စုစုပေါင်း ၃၉ ဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား ၃၁ ဦးနှင့် သံတွဲအကျဉ်းထောင်မှ အကျဉ်းသား ၂၃ ဦး၊ အကျဉ်းသူ တစ်ဦး စုစုပေါင်း ၂၄ ဦးတို့ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ၂၁၀ လွတ်မြောက်ကြောင်း သိရသည်။

အဆိုပါ လွတ်မြောက်လာသူများအား မိသားစုဝင်များ၊ မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာ ကြိုဆိုခဲ့ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် "ဝ" အထူးဒေသ(၂) ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ်(၃၀)ပြည့် အခမ်းအနားသို့ သဝဏ်လွှာပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှ**
**"ဝ" အထူးဒေသ(၂) ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ်(၃၀)ပြည့် အခမ်းအနားသို့**
**ပေးပို့သော သဝဏ်လွှာ**

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်)
(၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်)

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ကျရောက်သော "ဝ" အထူးဒေသ(၂)၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ် မင်္ဂလာအခါသမယတွင် အထူးဒေသ(၂) ခေါင်းဆောင်များနှင့်တကွ ပြည်ထောင်စုကြီး၏ သားသမီးများဖြစ်ကြသော "ဝ" တိုင်းရင်းသားညီအစ်ကိုမောင်နှမ မိသားစုများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေဟု ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သောနှစ်(၃၀)ကစတင်ခဲ့သော ငြိမ်းချမ်းရေးလမ်းစဉ်သည် နှစ်ဦးနှစ်ဖက် အပြန်အလှန် လေးစားမှု၊ အပြန်အလှန် အလေးထားမှုနှင့် အပြန်အလှန် စောင့်ထိန်းမှုတို့ဖြင့် ယနေ့အချိန်အထိ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပြီး တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုတို့ကို ဆောင်ကြဉ်းပေးနိုင်နေဆဲ ဖြစ်ပါသည်။ တည်ငြိမ်မှုနှင့်ငြိမ်းချမ်းမှုတို့၏ အသီးအပွင့်ကို ရရှိခံစားလျက်ရှိသော "ဝ" တိုင်းရင်းသားပြည်သူများအတွက်လည်း ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပါသည်။

သို့သော်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရရှိရန်အတွက်မူ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တန်းတူရေးနှင့် တိုင်းရင်းသားအခွင့်အရေးများ အပြည့်အဝရရှိစေမည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရန် အထူးပင် အရေးကြီးလှပါသည်။ ရရှိထားသော တည်ငြိမ်အေးချမ်းမှုကို ရေရှည်ခိုင်မာစွာ ထိန်းသိမ်းနိုင်စေမည့် ပဋိပက္ခလျှော့ချရေး၊ စောင့်ကြည့်ရေးနှင့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များ၊ တိုင်းရင်းသားအခွင့်အရေး၊ တန်းတူရေးနှင့်ညီညွတ်ရေးတို့ကို ဆောင်ကြဉ်းပေးနိုင်မည့် နိုင်ငံရေးဆွေးနွေးပွဲများမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement- NCA) ရေးထိုးပြီးမှသာ ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ NCA သည် "ဝ" အထူးဒေသ(၂) အပါအဝင် တိုင်းရင်းသားများ မျှော်လင့်တောင့်တလျက်ရှိသော အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိရေးဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက် ပန်းတိုင်သို့ လျှောက်လှမ်းရာတွင် ဖြတ်သန်းရမည့် တံခါးပေါက်တစ်ခုသာဖြစ်ပြီး လမ်းဆုံးပန်းတိုင်မဟုတ်သည်ကို သတိချပ်စေချင်ပါသည်။ NCA တွင် ပါဝင်လက်မှတ်ရေးထိုးပြီးသည့်နောက်တွင်လည်း NCA က လွှမ်းခြုံခြင်း မရှိသော ကိစ္စရပ်များရှိလာပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီမှု ရယူနိုင်ကြောင်းလည်း အလေးအနက်ထား အသိပေးလိုပါသည်။

ယနေ့အချိန်အခါတွင် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေး၊ နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းနိုင်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုများ အစဉ်တစိုက်တောင်းဆိုခဲ့ကြသော်လည်း အလှမ်းကွာဝေးခဲ့ရသော နိုင်ငံရေးဆွေးနွေးပွဲများမှာ သမိုင်းကြောင်းတစ်လျှောက် ပထမဦးဆုံးအကြိမ် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရုံမကသည့်အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေးအထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ကာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အိပ်မက်အတွက် ဖက်ဒရယ်အခြေခံမူအများအပြားကို သဘောတူညီမှုရယူနိုင်ခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ ညီလာခံစားပွဲဝိုင်းများတွင် "ဝ" အထူးဒေသ(၂)အပါအဝင် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်နေခြင်းမှာ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူ တိုင်းရင်းသားမျိုးနွယ်စုအားလုံး ပါဝင်နိုင်စေလိုသော နိုင်ငံရေးစိတ်ရင်းစေတနာကြောင့်ပင် ဖြစ်ပါသည်။ ထို့အပြင် နှစ်ဦးနှစ်ဖက် အပြန်အလှန် စောင့်ထိန်းမှုဖြင့် လက်ရှိတည်ဆောက်ထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အဆင့်မှ ရှေ့သို့ တက်လှမ်း၍ ပြည်ထောင်စုတစ်ဝန်းလုံး လွှမ်းခြုံ၍ ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်သည့်အဆင့်သို့ တက်လှမ်းကြပါရန်လည်း အလေးအနက်ထား တိုက်တွန်းလိုပါသည်။

နိဂုံးချုပ်အနေဖြင့် "ဝ"အထူးဒေသ(၂)ခေါင်းဆောင်များ၊ "ဝ"တိုင်းရင်းသားပြည်သူများအားလုံး နှစ်သစ်အခါသမယတွင် စိတ်သစ်၊ လူသစ်၊ အိပ်မက်အသစ်များဖြင့် ငြိမ်းချမ်းအေးမြနိုင်ကြပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုအိပ်မက်အသစ်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် အလေးအနက် ဆန္ဒပြုတိုက်တွန်းရင်း ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

# "ဝ" အထူးဒေသ (၂) ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ် (၃၀) ပြည့် အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့ တက်ရောက်





**ပန်ဆန်း ဧပြီ ၁၇**

"ဝ" အထူးဒေသ (၂) ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ် (၃၀) ပြည့် အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ပန်ဆန်းမြို့၌ ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးမိုးဇော်ဦး တို့ပါဝင်သည့် အစိုးရကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ရှေးဦးစွာ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ် (၃၀) ပြည့် အခမ်းအနားတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံတော်နှင့် "ဝ" အထူးဒေသ (၂) ၏ အလံကို အခမ်းအနားဖြင့် လွှင့်ထူ၍ နိုင်ငံတော်သီချင်းကို တီးမှုတ်ဂုဏ်ပြုသည်။

ထို့နောက် "ဝ" အထူးဒေသ (၂) ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ် (၃၀) ပြည့်ကို စစ်ရေးပြအခမ်းအနားဖြင့် ကြိုဆိုဂုဏ်ပြုခြင်း၊ "ဝ" အထူးဒေသ (၂) နယ်မြေအတွင်းရှိ တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်အဖွဲ့နှင့် လုပ်ငန်းနယ်ပယ်အသီးသီးရှိ ကိုယ်စားလှယ်အဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေမှုများ ပြုလုပ်၍ အခမ်းအနားကျင်းပရာသို့ ဝင်ရောက်နေရာယူခြင်းတို့ကို ပြုလုပ်ကြသည်။

ယင်းနောက် "ဝ"ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) အထွေထွေအတွင်းရေးမှူးချုပ်၊ "ဝ" ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) စစ်ဦးစီးချုပ် ဦးပေါက်ယူချန်းက မိန့်ခွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး "ဝ" အထူးဒေသ (၂) ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ် (၃၀) ပြည့် အခမ်းအနားသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည် ပေးပို့သော သဝဏ်လွှာကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် အခမ်းအနားမှူးက "ဝ" အထူးဒေသ (၂) ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့်ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၃ ဖွဲ့မှ ပေးပို့လာသည့် သဝဏ်လွှာများကို မှတ်တမ်းတင်ပြီး သဝဏ်လွှာ ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးနှင့် ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များအား ပန်ဆန်းမြို့ ပြည်သူ့ခန်းမ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းကော်ရှန်း ဦးဆောင်သော အဖွဲ့တို့သည် ပြည်သူ့ခန်းမ၌ သီးသန့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA လက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စရပ်များနှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သောအဖွဲ့သည် "ဝ" အထူးဒေသ (၂) ပန်ဆန်းမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် လားရှိုးမြို့သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



နေပြည်တော်ရှိ သတ္တသတ္တာဟ စေတီတော်တွင် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

❀ **နေပြည်တော်မှ**

ကျင်းပရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြကာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသောဆရာတော်၊ သံဃာတော်များက ကမ္ဘာသူကမ္ဘာသားများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ်ကင်းရှင်းစေရန် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့်လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေများဖျန်းပက်ကာ မေတ္တာပို့သကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေရှိ ထင်ရှားသော သတ္တသတ္တာဟစေတီတော်၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီ၊ ရန်အောင်မြင်စေတီ စသည့် တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီလခံယူဆောက်တည်ကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားနေပြီး ဇီဝိတဒါနအဖြစ် ငါးနှင့်ငှက်များကို ဘေးမဲ့လွှတ်ကြသူများ များပြားခဲ့သည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများတွင်လည်း ဆရာတော်၊ သံဃာတော်များအားပင့်ဖိတ်၍ ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြကာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။

**သတင်းစဉ်**

# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**ရန်ကုန် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

**ရေစက်ချအမျှပေးဝေ**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော် အထက်ပစ္စယံ၌ စေတီတော်ကြီးအား သံဃာ ၁၀၈ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ၁၃၈၁ ခုနှစ် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခြင်း၊ နံနက် ၅ နာရီခွဲတွင် ရင်ပြင်တော်တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာများအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ နံနက် ၆ နာရီခွဲတွင် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များနာကြားကြပြီး ရေစက်ချအမျှပေးဝေခြင်း အခမ်းအနားများ ကျင်းပကြသည်။

ထို့နောက် နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ၃၅ ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ သွေးလှူဒါန်းပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးအောင်မြတ်က သွေးလှူရှင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဒေါ်သီတာအောင်က သွေးလှူဒါန်းခြင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ပါမောက္ခဒေါက်တာ ဒေါ်သီတာအောင်၊ ဆရာဝန်များနှင့် သွေးလှူရှင်များအတွက် အာဟာရဒါန လှူဒါန်းသော အလှူရှင်များအား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ကြသည်။

**စုပေါင်းရွတ်ဖတ်ပူဇော်**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက် ၉ နာရီခွဲတွင် ဂေါပကရုံး အာရုံခံတန်ဆောင်းအပေါ်ထပ်၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ကယားအဆောင်မှူး အဘိဓမ္မာပိဋကတ်မဟာဌာန ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသက သီလပေးတရားချီးမြှင့်ပြီး မွန်းလွဲ ၁ နာရီတွင် နှစ်သစ်မင်္ဂလာအခါတော်နေ့ အခမ်းအနားကိုကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးဝင်းသိန်းက နှစ်သစ်မင်္ဂလာအခါတော်နေ့အကြောင်း၊ ဓမ္မပူဇာမင်္ဂလာထောမနာစကား ပြောကြား၍ မင်္ဂလသုတ်အမွှန်း ရွတ်ဆိုပူဇော်ခြင်း၊ မင်္ဂလသုတ်ပါဠိတော်ကို ဘာသာရေးဝတ်အသင်းအဖွဲ့များက စုပေါင်းရွတ်ဖတ်ပူဇော်ကြပြီး မေတ္တာပို့ အမျှပေးဝေကြသည်။

ဆူးလေစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင် ကျက်သရေခန်းမဆောင်၌ ဆရာတော်များက သီလပေးတရားများချီးမြှင့်ပြီး အလှူရှင်များက စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၇ နာရီတွင် စေတီတော်လိုဏ်ဂူအတွင်း၌ ဂေါပကအဖွဲ့နှင့် ဧည့်ပရိသတ်များက စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ကန်ဦးဇေတဝန်စာသင်တိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမီဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များက ပရိတ်တရားတော်များချီးမြှင့်ကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ၂၁ ကြိမ်မြောက် ဇီဝိတဒါန ငါးလွှတ်ပွဲများကို နှစ်ဦးဒါနအဖြစ် ကျင်းပကြသည်။



ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

**ကျွေးမွေးလှူဒါန်း**

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ ဘုရားရင်ပြင်တော်ရှိ အောင်ဓမ္မာရုံ၌ ဆရာတော်များပင့်လျှောက်၍ သီလခံယူခြင်း၊ ယနေ့ နံနက်အရုဏ်တက်တွင် နှစ်သစ်ကူး ဆွမ်းဦးတင် ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၁၀ နာရီတွင် ဖြူးကျောင်းတိုက် ဆရာတော်ထံမှ ရှစ်ပါးသီလနှင့် ရေစက်ချတရားများ ခံယူဆောက်တည်ကြခြင်း၊ စေတနာရှင် အလှူရှင်များက စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

ယနေ့ နှစ်ဆန်း ၁ ရက်နေ့တွင် ဆရာတော်၊ သံဃာတော်များက မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ လမ်းမကြီးများတစ်လျှောက်၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ပရိတ်ရေများပက်ဖျန်းခြင်း၊ ရပ်ကွက်များတွင် လမ်းများအလိုက် ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရသည်။

**အခမဲ့လိုက်ပါပို့ဆောင်**

ထို့အပြင် ပုဂ္ဂလိက အငှားယာဉ်တချို့နှင့် ယာဉ်လိုင်းတချို့ကလည်း သံဃာတော်များ၊ သီလရှင်များနှင့် ဘုရားဖူးပြည်သူများထံမှ ယာဉ်စီးခမယူဘဲ ကုသိုလ်ဖြစ် အခမဲ့လိုက်ပါပို့ဆောင်ကြသည်ကိုလည်း တွေ့ရသည်။

ယနေ့သည် မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သည့်အားလျော်စွာ ဘုရားကျောင်းကန်များ၌ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းညှပ်ပေးခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း စသည့် ကုသိုလ်ကောင်းမှု အလှူဒါနအစုစုတို့ ကျင်းပကြသည်ကို ရန်ကုန်တိုင်းဒေသကြီးသာမက မြန်မာပြည်အနှံ့ ကြည်နူးဖွယ်ရာတွေ့မြင်ရသည်မှာ မြန်မာတို့၏ ဘိုးဘွားများလက်ထက်က စတင်ခဲ့သည့် ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှုအစဉ်အလာ လက်ဆင့်ကမ်းအမွေအနှစ် ပုံရိပ်ကောင်းများပင် ဖြစ်ပေသည်။

**သတင်း- ရီရီမြင့်၊ ဓာတ်ပုံ- လှမိုး**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး မြဝတီမြို့ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနား တက်ရောက်

**မြဝတီ ဧပြီ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့၌ ရောက်ရှိနေသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်တို့သည် ယနေ့ နံနက်ပိုင်းတွင် မြဝတီမြို့၌ ကျင်းပသော ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**သောင်ရင်းမြစ်အတွင်းသို့ ဘေးမဲ့လွှတ်**

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ မြဝတီမြို့အမှတ်(၁)ရပ်ကွက် အမှတ်(၁) ချစ်ကြည်ရေးတံတားအောက်၌ ကျင်းပသည့် ဇီဝိတဒါန ငါးလွှတ်ပွဲသို့ ရောက်ရှိကြပြီး ငါးမြစ်ချင်းကောင်ရေ တစ်သောင်း၊ တီလားဗီးယား ရှစ်ထောင်နှင့် ငါးခုံးမ နှစ်ထောင် စုစုပေါင်း ငါးကောင်ရေ နှစ်သောင်းကို မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် သောင်ရင်းမြစ်အတွင်းသို့ ဘေးမဲ့လွှတ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီးတို့သည် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ သာသနာ့ဟိတကာရီ ဗိမာန်တော်၌ ကျင်းပသော သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကာ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့ပြီး အားပေးစကားပြောကြားသည်။

**အိမ်တိုင်ရာရောက် ကူညီထောက်ပံ့**

အဆိုပါ သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ အသက် (၈၅)နှစ်အထက် အဘိုး ၂၂ ဦး၊ အဘွား ၅၃ ဦး စုစုပေါင်း ၇၅ ဦး တက်ရောက်ကြပြီး ထောက်ပံ့ငွေ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများ ကူညီထောက်ပံ့ပေးခဲ့သည်။ အခမ်းအနားသို့ လူကိုယ်တိုင် တက်ရောက်ခြင်းမရှိသော အဘိုး၊ အဘွားများအား အိမ်တိုင်ရာရောက် ကူညီထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် ဦးအိုက်ကျန်ခမ်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်း- မောင်စိန်လွင်၊ ဓာတ်ပုံ- မင်းထက်**




# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မန္တလေးမြို့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**မန္တလေး ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်မှ ၁၃၈၁ ခုနှစ် နှစ်သစ်ကူးပြောင်းသော မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မန္တလေးမြို့ပေါ်၌ နံနက် အရုဏ်တက်ချိန်မှစ၍ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များ၌လည်းကောင်း၊ မြို့နယ်ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံးများတွင်လည်းကောင်း သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပခြင်း၊ အသက်ဂုဏ်ဝါကြီးမြင့်သည့် ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ပေးခြင်း၊ ဘုရားပုထိုးစေတီ ကျောင်းကန်ဓမ္မာရုံများသို့ သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရဟန်းရှင်လူ ပြည်သူများအား စတုဒိသာ အာဟာရပြုခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ကာ ဇီဝိတဒါနသက်လွှတ်ပွဲများကျင်းပခြင်း၊ သွေးလှူဒါန်းခြင်း စသည့် ကောင်းမှုအစုစုတို့ကို ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာမပျက် ထိန်းသိမ်းစောင့်ရှောက်လျက် ကုသိုလ်ဘာဝနာ ပွားများကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။



**ဆက်ကပ်ပူဇော်**

ထိုကဲ့သို့ ကုသိုလ်ပွားများရာ၌ ယနေ့ နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား သဲကုန်းကျောင်း တောင်ပြင်ထီးလင်းတိုက် ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အရှင်သူမြတ်အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ပန်း၊ ရေချမ်း ဆက်ကပ်ပူဇော်ကြသည်။ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီး ပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင် ဇီဝိတဒါန ငါးလွှတ်ခြင်း၊ အစာကျွေးခြင်း စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြရာ မဟာမုနိဘုရားကြီးတွင် မန္တလေးမြို့နှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး အရှေ့ပြင်လုံးဆိုင်ရာ အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဆုတောင်းပြည့်၊ ဆုတောင်းရဘုရား၊ မန္တလေးတောင်၊ ကုသိုလ်တော် စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ ဘုရားနီဘုရား၊ စွယ်တော်မြတ်စေတီနှင့် ဝေရောစနကျောက်စိမ်းစေတီတော် စသည့် တန်ခိုးကြီးဘုရားတို့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိရာ စေတနာရှင် အလှူရှင်များကလည်း စတုဒိသာ အအေး၊ ရွှေရင်အေး၊ ကြာဆံဟင်းခါးတို့ဖြင့် လှူဒါန်းကျွေးမွေးကြသည်။

နှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ မွန်းလွဲပိုင်းအထိ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ အနယ်နယ်အရပ်ရပ်မှ လူမှုရေးအဖွဲ့အစည်းများ၊ သွေးလှူအသင်းများမှ သွေးလှူရှင်များက သွေးများလာရောက် လှူဒါန်းကြသည်။

**စုပေါင်းဘေးမဲ့လွှတ်**

ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီး ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားများကို ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ဧရာဝတီမြစ်အတွင်း ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ နှစ်သောင်းကို စုပေါင်း ဘေးမဲ့လွှတ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့တော်ခန်းမ၌ မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ အသက် ၉၀ နှစ်နှင့်အထက် အဘိုးအဘွား စုစုပေါင်း ၃၂၁ ဦးတို့အား သက်ကြီးပူဇော်ပွဲ ကျင်းပသည်။ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပူဇော်ပွဲကျင်းပရခြင်းနှင့် နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားပြောကြားပြီး အဘိုးအဘွားများအား ရှိခိုးကန်တော့ကြကာ တစ်ဦးလျှင် အလှူငွေကျပ် ၃၂၀၀၀ ကျော်နှင့် ဂါရဝပြုလှူဖွယ်ပစ္စည်းများကို တစ်ဦးချင်း ပေးအပ်လှူဒါန်းကြရာ ကန်တော့ခံများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ မိသားစုများ၏ မြန်မာနှစ်ဆန်း ၁ ရက် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲကို မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန ပါမောက္ခဌာနမှူး ဆရာတော် ဘဒ္ဒန္တ ပဒုမသာရ အရှင်သူမြတ် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြသည်။ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ဧည့်ပရိသတ်တို့က ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ပါမောက္ခဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြသည်။

**သွန်းလောင်း**

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ရုံးရှေ့ ကျုံးရေပြင်အတွင်း၌ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ တစ်သောင်းကို ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြပြီး ငှက်လွှတ်ခြင်းများ ဆောင်ရွက်ကြသည်။ ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အန္တရာယ်ကင်း ပရိတ်ရေများကို မန္တလေးမြို့တော်သူ မြို့တော်သားများ အန္တရာယ်ကင်းဝေးစေရေးအတွက် မန္တလေးမြို့ ၃၄ လမ်းရှိ ရေတွင်းစက်ရုံ အမှတ် (၁) မလွန်ရေလှောင်ကန်အတွင်းသို့ သွန်းလောင်းပေးသည်။

ညနေပိုင်းတွင် မန္တလေးမြို့တော် ကျုံးလေးမျက်နှာတွင် သံဃာတော် အရှင်သူမြတ် ၁၀ ပါးစီဖြင့် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ကြရာ မန္တလေးမြို့တော်သူ မြို့တော်သားများက ပရိတ်ရေ ပရိတ်အိုးတို့ ဆက်ကပ်ကာ တရားနာယူကြသည်။ ထို့ပြင် ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) တွင်လည်း အရာထမ်း၊ အမှုထမ်း မိသားစုများက တိုက်တော်ကျောင်းတိုက် နာယကဆရာတော် အမှူးပြုသော သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။

မန္တလေးမြို့တော်အသီးသီးရှိ ရပ်ကွက်၊ လမ်းများ၌ သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်နှင့် ကမ္မဝါစာများ နာကြားကြကာ နှစ်သစ်တွင် မကောင်းမှုကင်းစင်၍ ကောင်းမှုမင်္ဂလာများ တိုးပွားစေရန် ကုသိုလ်ပွားများကြရာ မြန်မာနှစ်ဆန်း ၁ ရက် နှစ်သစ်မင်္ဂလာအခါသမယနေ့တွင် မန္တလေးမြို့တော်တစ်ခွင်လုံး၌ ကုသိုလ်ပြုသူများ ကုသိုလ်သံများဖြင့် ဝေဆာလျက်ရှိသည်ကို တွေ့မြင်ကြားသိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

### ❖ ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲမှ

ညီညီ၊ လမင်းထွေး၊ ဩဘာခ တို့ပါဝင်ကြသည်။ မြန်မာ ယူ-၁၅ အသင်းတွင် အုပ်ချုပ်သူ-ဦးညီညီလတ်၊ နည်းပြချုပ်- တာကူမူ၊ လက်ထောက်နည်းပြ-ဦးတင်မောင်ဝင်း၊ ဂိုးနည်းပြ- ဦးဇော်လင်းအောင်၊ ကစားသမားများအဖြစ် ဂိုးသမား-ထက်အာကာဝင်း၊အောင်ကျော်ဖြိုး၊ နောက်တန်း- ထူးမြတ်ခန့်၊ ကောင်းထက်ပိုင်၊ အောင်ကိုမင်း၊ ထွန်းထွန်းဝင်း၊ ရဝေကျော်၊ အလယ်တန်း- ကောင်းခန့်၊ ထက်မြတ်လွင်၊ ထက်အောင်ဝင်း၊ ကျော်မင်းခန့်၊ ကောင်းဇော်လင်း၊ ကောင်းစစ်ထူး၊ ရှေ့တန်း- ဟိန်းထက်ဇော်ဝင်း၊ ရန်နိုင်ထွန်း၊ မင်းသူ၊ ဇင်မျိုးအောင်၊ မင်းခန့်သူ၊ ကျော်သူရဦးနှင့် ဝေဖုန်းမြင့်ကျော်တို့ ပါဝင်ကြသည်။

ဟောင်ကောင်ဖိတ်ခေါ် ယူ-၁၈ ပြိုင်ပွဲတွင် အိမ်ရှင်ဟောင်ကောင်၊ မြန်မာ၊ ဗီယက်နမ်၊ စင်ကာပူ၊ ယူ-၁၅ ပြိုင်ပွဲတွင် အိမ်ရှင်ဟောင်ကောင်၊ မြန်မာ၊ မလေးရှားနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၁၉ ရက်တွင် ဟောင်ကောင်အသင်း၊ ဧပြီ ၂၀ ရက်တွင် မလေးရှားအသင်း၊ ဧပြီ ၂၂ ရက်တွင် စင်ကာပူအသင်း၊ မြန်မာ ယူ-၁၈ အသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၁၉ ရက်တွင် ဟောင်ကောင်အသင်း၊ ဧပြီ ၂၀ ရက်တွင် ဗီယက်နမ်အသင်း၊ ဧပြီ ၂၂ ရက်တွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်သည် ယူ-၁၈ ပြိုင်ပွဲနှင့် ယူ-၁၅ ပြိုင်ပွဲကို တစ်ပေါင်းတည်းကျင်းပခြင်းဖြစ်ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် မတ်လနောက်ဆုံးပတ်တွင် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ၊ မြန်မာ ယူ-၁၅ အသင်းသည် ဧပြီလဆန်းတွင် တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ရှိုင်းထက်ဇော်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အဖွဲ့ ပန်ဆန်းမြို့အတွင်း ကြည့်ရှုလေ့လာ

**ပန်ဆန်း ဧပြီ ၁၇**


"ဝ"အထူးဒေသ(၂)၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ် (၃၀) ပြည့် အခမ်းအနားသို့ တက်ရောက်ရန်အတွက် ပန်ဆန်းမြို့၌ရောက်ရှိနေသည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးမိုးဇော်ဦးတို့ ပါဝင်သည့်အဖွဲ့သည် "ဝ"အထူးဒေသ(၂)၏ ဗဟိုရုံးအုပ် ဦးအောင်မြင့်လိုက်ပါလျက် ဧပြီ ၁၆ ရက် ညနေပိုင်းတွင် ပန်ဆန်းမြို့ရှိ အာဇာနည်ကျောက်တိုင်၊ ငြိမ်းချမ်းရေးအထိမ်းအမှတ်ဥယျာဉ်ရှိ ငြိမ်းချမ်းရေးကျောက်တိုင်၊ မုန်ခန်းမြို့နှင့် ပန်ဆန်းကြားရှိ မုန်ခန်းတံတားနှင့် ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ် ဗဟိုစခန်းဟောင်းရှိရာ နေရာတို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ ဥက္ကဋ္ဌ ဦးပေါက်ယူချန်းနှင့်အဖွဲ့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အဖွဲ့ တက်ရောက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

"ဝ"အထူးဒေသ (၂) ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ် (၃၀) ပြည့် အခမ်းအနား အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသည့် အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား "ဝ"တိုင်းရင်းသားရိုးရာတေးသီချင်းများ၊ အက၊ အလှ သရုပ်ဖော်တင်ဆက်မှုများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**





# အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၇၅ ဦးနှင့် နိုင်ငံခြားသားနှစ်ဦး အပါအဝင် ၆၇၇ ဦး လွတ်မြောက်

**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်မြို့ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ယနေ့ နံနက်ပိုင်းတွင် အကျဉ်းသား အကျဉ်းသူ ၆၇၅ ဦးနှင့် နိုင်ငံခြားသားနှစ်ဦး အပါအဝင် ၆၇၇ ဦး လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်ခဲ့ကြောင်း အဆိုပါ အကျဉ်းထောင်မှ သိရသည်။

**လွတ်မြောက်**

အင်းစိန်ဗဟိုအကျဉ်းထောင်မှ ယနေ့ ပြန်လည်လွတ်မြောက်လာသူများတွင် ရဲစည်းကမ်းထိန်းသိမ်းရေးဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ တပ်မတော်အက်ဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ မူးယစ်ဆေးဝါးမှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများနှင့် အခြားသောအမှုများမှ နိုင်ငံခြားသားနှစ်ဦး အပါအဝင် အကျဉ်းသား ၆၂၇ ဦးနှင့် အကျဉ်းသူ ၅၀ ဖြစ်ကြောင်း သိရသည်။

အကျဉ်းသား အကျဉ်းသူများကို ယနေ့ လွှတ်ပေးရာတွင် အင်းစိန်ဗဟိုအကျဉ်းထောင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေသုဝဏ္ဏ၊ တောကြီးတန်း၊ လေ့လှော်အင်း၊ အိုင်ကလောင်၊ အောင်ချမ်းသာ၊ မင်းကုန်း စသည့် အကျဉ်းစခန်းများလည်းပါဝင်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-ဖေဇော်**

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၃၇ ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိ

**မန္တလေး ဧပြီ ၁၇**

မြန်မာ့နှစ်သစ်ကူးမင်္ဂလာအထိမ်းအမှတ်အဖြစ် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၃၇ ဦးအား ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးသူ ၄၃၇ ဦးအနက် အကျဉ်းသူ ၃၉ ဦးနှင့် နိုင်ငံခြားသားသုံးဦးတို့ပါဝင်ပြီး မူးယစ်ဆေးဝါးမှုဖြင့် အကျဉ်းကျခံနေရသူ အများဆုံးဖြစ်ကြောင်း မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းက ပြောသည်။

"ဒီနေ့မှာ နိုင်ငံတော်သမ္မတကြီးရဲ့ လွတ်ငြိမ်းသက်သာခွင့်နဲ့ ကျွန်တော်တို့အကျဉ်းထောင်က ၄၃၇ ဦး လွှတ်ပေးခဲ့ပါတယ်။ သူတို့ကို စားစရိတ်တစ်ထောင်နဲ့ ပြန်ရမယ့်ခရီးအကွာအဝေးအလိုက် ခရီးစရိတ်တွေလည်း ထုတ်ပေးထားပါတယ်။ လွှတ်ပေးတဲ့သူတွေက အမှုပေါင်းစုံပါဝင်ပေမယ့် မူးယစ်ဆေးဝါးမှုနဲ့ အကျဉ်းကျခံနေသူက ၅၀ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ကျွန်တော်တို့ထောင်ကနေ ဒီနေ့လွှတ်ပေးခဲ့တဲ့သူတွေက ပြည်သူတွေစိုးရိမ်သလို လူဆိုးလူမိုက်တွေမဟုတ်ပါဘူး။ ထောင်ထဲမှာ သူတို့ကို စိတ်ဓာတ်ရေးရာတွေ ပြုပြင်ပေးခဲ့ပါတယ်။ လက်မှုပညာတွေ သင်ကြားပေးတဲ့အပြင် အဓိကအားဖြင့် အကျင့်စာရိတ္တတွေပြောင်းလဲအောင် စနစ်တကျ သင်ကြားပေးထားတဲ့အတွက် လူ့ပတ်ဝန်းကျင်မှာ မိသားစုနဲ့နိုင်ငံ့အကျိုးကို ပြည်သူတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်မယ့်လူတွေဖြစ်ပါတယ်"ဟု ၎င်းကဆက်ပြောသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးဗဟိုအကျဉ်းထောင်၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်း၊ ညောင်ဦးနှင့် နေပြည်တော်အကျဉ်းထောင်တို့မှ အကျဉ်းကျခံအကျဉ်းသား ၆၄၆ ဦးနှင့် အကျဉ်းသူ ၅၂ ဦး စုစုပေါင်း ၆၉၈ ဦးကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ကျေးဇူးအထူးတင်**

ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် ယနေ့ လွတ်မြောက်လာသည့် ကျောက်ဆည်ခရိုင် ကူမဲမြို့နယ်တွင် နေထိုင်သည့် မနဒီမောင်က "မူးယစ်ဆေးဝါးမှုနဲ့ ငါးနှစ်ပြစ်ဒဏ်ကျခံရပေမယ့် ထောင်ထဲမှာ သုံးလပဲနေရပြီး လွတ်ငြိမ်းသက်သာခွင့်နဲ့ ဒီနေ့ လွတ်လာတဲ့အတွက် အလွန်ပျော်နေပါတယ်၊ မမျှော်လင့်ဘဲ အခုလိုလွတ်လာတဲ့အတွက် ကျွန်မသမီးလေးရဲ့ကုသိုလ်ကံပါပဲ။ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွှတ်ပေးတဲ့ နိုင်ငံတော်သမ္မတကြီးကို ကျေးဇူးအထူးတင်ပါတယ်"ဟု ပြောသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မွန်ပြည်နယ်ရှိ အကျဉ်းထောင်နှင့် အလုပ်စခန်းများမှ အကျဉ်းသား ၁၀၁၈ ဦး လွတ်မြောက်

**မော်လမြိုင် ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် အကျဉ်းထောင်/စခန်း အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား အကျဉ်းသူ ၉၅၃၅ ဦးအား ဧပြီ ၁၇ ရက်က လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ရာ မွန်ပြည်နယ် မော်လမြိုင် အကျဉ်းထောင်ရှိ နိုင်ငံသား အကျဉ်းသား ၃၄၆ ဦး၊ အကျဉ်းသူ ၁၇ ဦး စုစုပေါင်း ၃၆၃ ဦးကိုလည်းကောင်း၊ သထုံအကျဉ်းထောင်မှ ၄၃ ဦး၊ ရင်းငြိမ်အလုပ်စခန်းမှ ၅၄ ဦး၊ ဇင်းကျိုက်အလုပ်စခန်းမှ ၈၄ ဦး၊ အင်းပြောင်အလုပ်စခန်းမှ ၁၄၅ ဦး၊ အဂ်ဘိုအလုပ်စခန်းမှ ၉၅ ဦး၊



မုပွန်လင်အလုပ်စခန်းမှ အကျဉ်းသား ၈၃ ဦး၊ အကျဉ်းသူ ၄၆ ဦး၊ မုပွန်လင်ရွှေဖြူရော်ဘာအလုပ်စခန်းမှ ၉၅ ဦး၊ တောင်စွန်းမှ ၁၀ ဦး စုစုပေါင်း ၁၀၁၈ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရ သည်။

"မည်သည့် ခံဝန်ချက်မျိုးမှမထားဘဲ ခြွင်းချက်မရှိ လွှတ်ပေးတာပါ။ လွတ်ငြိမ်းချမ်းသာခွင့် နှစ်မျိုးရှိတဲ့ထဲက လွှတ်ပေးလိုက်ရင် ကောင်းမွန်စွာနေထိုင်ပါမယ်၊ ပြစ်မှုပြန်ကျူးလွန်ခဲ့ရင် လက်ရှိကျခံရတဲ့ ပြစ်ဒဏ်တွေကိုပါ ပြန်ပြီးကျခံပါမယ်ဆိုတဲ့ အချက်နဲ့မဟုတ်ဘဲ ကျင့် ၄၀၁ အရ အနှောင်အဖွဲ့စည်းကမ်းချက် မထားဘဲ လွှတ်ပေးခြင်း ဖြစ်ပါတယ်"ဟု မော်လမြိုင်အကျဉ်းထောင်တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်ချိုက ပြောသည်။

**နန္ဒကျော်စွာ**

# မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၂၆၅ ဦးလွှတ်ပေး

**မြိတ် ဧပြီ ၁၇**

မြိတ်မြို့ရှိ မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၂၆၅ ဦးကို လွတ်ငြိမ်းသက်သာခွင့်ဖြင့် ယနေ့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ၁၄၉ ဦး၊ အကျဉ်းသူ ၃၇ ဦး စုစုပေါင်း ၁၈၆ ဦးကို ယနေ့ မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ကျောက်ဖြူတောင် ကုန်ထုတ်စခန်းမှ အကျဉ်းသား ၇၉ ဦးကို ယနေ့ နံနက်ပိုင်းတွင်လည်းကောင်း လွှတ်ပေးခဲ့ပြီး တာဝန်ရှိသူများက ဆုံးမစကားများပြောကြားကာ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားစုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်ပြန်/ဆက်)**

ကြေးမုံ



# မီးလောင်ကျွမ်းခဲ့သော နော်တာဒိန်း ဘုရားကျောင်းကြီးအား ပြန်လည်တည်ဆောက်ရန် နမူနာဒီဇိုင်းများ ဖိတ်ခေါ်

**ပါရီ ဧပြီ ၁၇**

ယမန်နေ့က မီးလောင်ပျက်စီးခဲ့သော ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ နော်တာဒိန်း ကက်သလစ် ခရစ်ယာန်ဘုရားကျောင်းကြီးအား ပြန်လည်တည်ဆောက်ရေးအတွက် ကမ္ဘာတစ်ဝန်းရှိ ဗိသုကာပညာရှင်များအား ပုံစံနမူနာဒီဇိုင်းများတင်သွင်းရန် ဖိတ်ခေါ်လျက်ရှိကြောင်း ယနေ့ အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။



အဆိုပါ ဘုရားကျောင်းကြီး၏ ခေါင်ချွန်းပုံစံကို ခေတ်မီနည်းပညာ ဒီဇိုင်းနှင့်အညီ ပြန်လည်တည်ဆောက်ရန်မှာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်၏ အရေးကြီးဆုံးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ဝန်ကြီးချုပ် ဖီလစ်ပီက မီဒီယာသို့ ပြောကြားခဲ့သည်။

ဘုရားကျောင်းအား လှပသေသပ်သော ခေတ်မီဒီဇိုင်းဖြင့် ငါးနှစ်အတွင်း ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း သမ္မတ အီမန်နျူရယ် မက်ခရွန်က ပြောကြားခဲ့သည်။

၁၂ ရာစုကတည်းက စတင်တည်ဆောက်ခဲ့သော အဆိုပါဘုရားကျောင်းကြီးသည် ပြင်သစ်လူမျိုးများ၏ အထင်ကရနေရာတစ်ခုဖြစ်ပြီး နှစ်စဉ် ကမ္ဘာလှည့်ခရီးသွား ၁၃ သန်းခန့် လာရောက်လည်ပတ်ကြသည်။

ဧပြီ ၁၆ ရက်တွင် ဘုရားကျောင်းကြီး မီးလောင်ကျွမ်းခဲ့ရာ ဘုရားကျောင်း၏ ခေါင်ချွန်းအပါအဝင် ခေါင်မိုးများလည်း ပျက်စီးဆုံးရှုံးခဲ့သည်။ မီးလောင်ကျွမ်းစဉ် ပါရီမြို့နေ ပြည်သူများအပါအဝင် ကမ္ဘာလှည့်ခရီးသွားများက အံ့သြနှမြောတသစွာ စောင့်ကြည့်နေခဲ့ကြသည်။

မီးသတ်သမား ၄၀၀ ကျော်က မီးလောင်ကျွမ်းလျက်ရှိသော ဘုရားကျောင်းကြီးအား အချိန်အတန်ကြာ မီးငြိမ်းသတ်ခဲ့ကြသည်။

ဘုရားကျောင်းကြီး မီးလောင်ကျွမ်းခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်းရှိ အလှူရှင်များက ဘုရားကျောင်းကြီးအား ပြန်လည်တည်ဆောက်ရန် အလှူငွေများ ထည့်ဝင်ရန် ကတိပြုခဲ့ကြသည်။ မီးလောင်ကျွမ်းပြီးနောက် တစ်ရက်အတွင်း၌ပင် အလှူငွေ အမေရိကန်ဒေါ်လာသန်း ၉၀၀ ကျော် ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အိုလံပစ် အားကစားပြိုင်ပွဲမတိုင်မီ အဆိုပါ ဘုရားကျောင်းကြီးအား ပြန်လည်တည်ဆောက်ရန် ဆန္ဒရှိကြောင်း သမ္မတ မက်ခရွန်က ဆိုသည်။

ဂျာမနီ၊ အီတလီနှင့် ရုရှားနိုင်ငံတို့က နည်းပညာအကူအညီများ ပေးရန် ကမ်းလှမ်းထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# အင်ဒိုနီးရှားရွေးကောက်ပွဲ သမ္မတ ဝီဒိုဒို ထောက်ခံမဲအသာစီးဖြင့် ဦးဆောင်လျက်ရှိ

**ဂျကာတာ ဧပြီ ၁၇**

အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကျင်းပပြီးနောက် ဆန္ဒမဲများရေတွက်ရာ၌ တရားဝင်မဟုတ်သော ကနဦးရလဒ်ထွက်ပေါ်မှုများတွင် လက်ရှိသမ္မတဂျိုကို ဝီဒိုဒိုက ထောက်ခံမဲအသာစီးရရှိကာ ဦးဆောင်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ဧပြီ ၁၇ ရက်တွင် နိုင်ငံတစ်ဝန်းလုံး၌ ဆန္ဒမဲများ ရေတွက်လျက်ရှိသည်။ ကနဦးရလဒ်ထွက်ပေါ်မှုအရ သမ္မတ ဂျိုကို ဝီဒိုဒိုက သူ၏ပြိုင်ဘက် ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝို ဆူဘီယန်တိုအား ၁၀ ရာခိုင်နှုန်းခန့် အသာစီးရရှိထားကြောင်း သိရသည်။

သမ္မတ ဂျိုကို ဝီဒိုဒိုအနိုင်ရရှိပါက သမ္မတရာထူးတာဝန်များကို ဒုတိယသက်တမ်း ငါးနှစ်တာအတွက် ဆက်လက်ထမ်းဆောင်ရမည်ဖြစ်သည်။

ငါးနှစ်အကြာက ရွေးကောက်ပွဲတွင် ၎င်းရှုံးနိမ့်ခဲ့သော သမ္မတ ဝီဒိုဒိုအား ယခုအကြိမ်တွင် အနိုင်ရရှိရန် ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝို ဆူဘီယန်တိုက အားသွန်ခွန်စိုက် ကြိုးပမ်းကာ မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ရွေးကောက်ပွဲရလဒ်များကို ဧပြီ ၁၈ ရက်အစောပိုင်းတွင် သိရှိရမည်ဖြစ်သော်လည်း ရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ရလဒ်ထွက်ပေါ်မှုကို မေ ၂၂ ရက်ထိတိုင် ထုတ်ပြန်ကြေညာရန် ရည်ရွယ်ထားခြင်း မရှိသေးကြောင်း သိရသည်။

ရွေးကောက်ပွဲဝင် သမ္မတလောင်းနှစ်ဦးသည် မဲဆွယ်စည်းရုံးရေးဆင်းစဉ် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုမဲဆွယ်ခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**



# ဆူဒန်သမ္မတဟောင်း ဘာရှားကို အကျဉ်းထောင်သို့ လွှဲပြောင်းပို့အပ်

**ခါတွမ် ဧပြီ ၁၇**

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ရာထူးမှ ဖယ်ရှားခံရသည့် ဆူဒန်သမ္မတဟောင်း အိုမာ အယ်လ်ဘာရှားကို မြို့တော် ခါတွမ်ရှိ အကျဉ်းထောင်တစ်ခုသို့ လွှဲပြောင်းပို့အပ်ခဲ့ကြောင်း ၎င်း၏ မိသားစုဝင်တစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ဧပြီ ၁၇ ရက်တွင် ပြောကြားသည်။

ဧပြီ ၁၆ ရက် ညပိုင်းတွင် သမ္မတဟောင်း ဘာရှားကို ခါတွမ်မြို့ရှိ ခါဘာအကျဉ်းထောင်သို့ ရွှေ့ပြောင်းထားခဲ့ကြောင်း လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် အမည်ဖော်ပြခြင်းမရှိသူတစ်ဦးက ပြောကြားခြင်းဖြစ်သည်။

ဆူဒန်သမ္မတ အိုမာအယ်လ်ဘာရှားကို ဧပြီ ၁၁ ရက်က ဆူဒန်စစ်ဘက်မှ သမ္မတရာထူးမှ ဖယ်ရှားခဲ့ခြင်းဖြစ်သည်။ ဆူဒန်နိုင်ငံကို နှစ်ပေါင်း ၃၀ ကြာမျှ တင်းကျပ်စွာ အုပ်ချုပ်ခဲ့သည့် သမ္မတ ဘာရှားအား ဆန္ဒပြသမားများက လေးလကြာ ဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ပြီးနောက်တွင် ဆူဒန်စစ်ဘက်က ၎င်းအား သမ္မတရာထူးမှ ဖယ်ရှားခဲ့ခြင်းဖြစ်သည်။

ဆူဒန်နိုင်ငံအား စစ်ကောင်စီသစ်က အုပ်ချုပ်မှုစတင်ခဲ့ပြီးနောက်တွင် သမ္မတဟောင်းအား ထိန်းသိမ်းမှုပြုခဲ့ပြီး လုံခြုံစိတ်ချရသည့် နေရာတွင်ထားရှိသည်ဟု ပြောကြားခဲ့သည်။

မြို့တော် ခါတွမ်မြောက်ဘက်ပိုင်းတွင်ရှိသည့် အကျဉ်းထောင်သို့ ဆူဒန်သမ္မတဟောင်းအား ပြောင်းရွှေ့ထားရှိရာတွင် ဆူဒန်စစ်ဘက်မှ တပ်ဖွဲ့ဝင်များနှင့် စစ်ရဲတပ်ဖွဲ့ဝင်များအား အကျဉ်းထောင်အပြင်ဘက်၌ ထူထပ်စွာ ချထားသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

စက်သေနတ်များ တပ်ဆင်ထားသည့် စစ်ဘက်မော်တော်ယာဉ်များကိုလည်း အကျဉ်းထောင်အနီးတွင် တွေ့ရှိရကြောင်း မျက်မြင်တွေ့ရှိသူများက အေအက်ဖ်ပီသို့ ပြောကြားသည်။

**အေအက်ဖ်ပီ**

# နိုင်ငံတကာကြက်ခြေနီကော်မတီမှ အထောက်အပံ့ပစ္စည်းများ ဗင်နီဇွဲလားသို့ ရောက်ရှိ

**ကာရာကတ်စ် ဧပြီ ၁၇**

နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)မှ ပထမဆုံးအကြိမ် ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ဗင်နီဇွဲလားနိုင်ငံသို့ ဧပြီ ၁၆ ရက်က ရောက်ရှိလာကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဗင်နီဇွဲလား ပြည်သူများသည် စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများ၊ နေ့စဉ်သုံးလူမှုပစ္စည်းများ ပြတ်လပ်မှုနှင့် ပြင်းထန်စွာ ကြုံတွေ့နေရပြီး မြို့တော် ကာရာကတ်စ်သို့ ကြက်ခြေနီအဖွဲ့မှ ထောက်ပံ့သည့်ပစ္စည်းများ ပထမအကြိမ် ရောက်ရှိလာမှုကို ကြိုဆိုခဲ့ကြသည်။

နိုင်ငံတကာကြက်ခြေနီကော်မတီမှ ပထမအကြိမ် ပေးပို့သည့် ဆေးဝါးနှင့် လျှပ်စစ်မီးစက်များ အပါအဝင် အထောက်အပံ့ပစ္စည်း ၂၄ တန်ပါရှိပြီး ဆေးဝါးများကို နိုင်ငံတစ်ဝန်းရှိ ဆေးရုံများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ် မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုတို့အကြား နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများ ထိပ်တိုက်တွေ့ဆုံမှုအကြားတွင် ဗင်နီဇွဲလားပြည်သူများမှာ အကျပ်အတည်းများနှင့် တွေ့ကြုံနေရသည်။

ဗင်နီဇွဲလားနိုင်ငံတွင် နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းများ တွေ့ကြုံနေရစဉ် အမေရိကန်ပြည်ထောင်စုက ၎င်းနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုအသစ်များ ချမှတ်ခဲ့ခြင်းကြောင့် ဗင်နီဇွဲလားနိုင်ငံအတွင်း၌ လူအချို့သေဆုံးခဲ့ရမှု ဖြစ်ပေါ်စေခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံတွင် အတိုက်အခံခေါင်းဆောင်နှင့် သမ္မတ မာဒူရိုတို့အကြား ပဋိပက္ခများဖြစ်ပွားပြီးကတည်းကစပြီး နိုင်ငံတကာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)၏ လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးမှုကို သမ္မတ မာဒူရိုက ပထမဆုံးအကြိမ်အဖြစ် လက်ခံယူခဲ့ခြင်း ဖြစ်သည်။

သမ္မတ မာဒူရို၏ ဗင်နီဇွဲလားအစိုးရက ရုရှားနှင့် တရုတ်နိုင်ငံတို့မှ ပေးအပ်သည့် အထောက်အပံ့များကိုသာ လက်ခံခဲ့သည်။

အတိုက်အခံခေါင်းဆောင် ဂွါအီဒိုအား ထောက်ခံမှုပေးသည့် အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံအချို့မှ ပေးအပ်သည့် လူသားချင်း စာနာထောက်ထားမည့် အထောက်အပံ့များကို သမ္မတ မာဒူရိုက ငြင်းပယ်ခဲ့ပြီး ယင်းသို့ ထောက်ပံ့မှုများပေးအပ်ခြင်းမှာ ဗင်နီဇွဲလားနိုင်ငံ၏ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)၏ ထောက်ပံ့ပေးမှုသည် ကြားနေသဘောဆောင်သည်ဟု ယူဆကာ ယင်းသို့ထောက်ပံ့ပေးမှုကို သမ္မတ မာဒူရိုအစိုးရအဖွဲ့က ကြိုဆိုလက်ခံခဲ့ခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# နှစ်သစ်ဆုတောင်းစကားများ

**ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်**
**အမှုဆောင်အတွင်းရေးမှူး**
**မွန်ဆီညော်မောရစ်ညွန့်ဝေ**

နှစ်သစ်တစ်လျှောက်လုံးမှာ
အပြုံးတွေ ပေးကာ
အမုန်းတွေ ဝေးကာ
နှလုံးတွေ အေးပါစေ။
စစ်ခင်းတာ တား
ချစ်ခြင်းသာ ပွား
မြစ်တစ်စင်းပမာ အလား
စီးဆင်းကာသွားပါစေ။



ဦးခင်မောင်ဌွေး



ဒေါက်တာလှထွန်း



ဦးညွန့်မောင်ရှိန်



ဒေါက်တာသာညာဏ်

**ဦးခင်မောင်ဌွေး(ရွှေတိဂုံစေတီဂေါပကအဖွဲ့) ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)**

ကျွန်တော်တို့နိုင်ငံမှာ လူမျိုးပေါင်းစုံရှိတယ်၊ ကိုးကွယ်တဲ့ ဘာသာပေါင်းစုံရှိတယ်၊ ပြောဆိုကြတဲ့ ဘာသာစကားပေါင်းစုံရှိတယ်။ အဲဒီလို မတူကွဲပြားတဲ့ လူတွေစုပြီးတော့မှ တည်ထောင်ထားတဲ့ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် အချင်းချင်းကြားမှာ နားလည်မှုရှိဖို့၊ အပြန် အလှန်လေးစားတန်ဖိုးထားဖို့အတွက် အလွန် အရေးကြီးပါတယ်။ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေနဲ့ အဲဒီရည်မှန်းချက် တာဝန်ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နှစ်သစ်မှာ ပြည်သူအားလုံး ကျန်းမာ ချမ်းသာကြပါစေ၊ ဘေးဘယာဝေးကွာကြပါစေလို့ ဆုတောင်းပါတယ်။

**ဒေါက်တာလှထွန်း**
**သနန္တန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ သာသနာပြုအကျိုးတော်ဆောင်**

နှစ်သစ်ကူးအချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၊ ညီအစ်ကိုမောင်နှမများအားလုံး၊ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေတဲ့ အကြီးအကဲအားလုံးနဲ့ နိုင်ငံတော်လုံခြုံရေးအတွက် နယ်စပ်ဒေသမှာ ၂၄ နာရီလုံးလုံး ကြိုးပမ်းအားထုတ်နေကြတဲ့ လုံခြုံရေးပုဂ္ဂိုလ်များအားလုံး ဒီနှစ်သစ်မင်္ဂလာအချိန်အခါမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။ ကျွန်တော်တို့ တိုင်းပြည်ဟာ ငြိမ်းချမ်းသာယာတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ သမိုင်းခေတ်အဆက်ဆက်က မြန်မာနိုင်ငံမှာ ငြိမ်းငြိမ်းချမ်းချမ်း၊ တစ်ဦးနဲ့တစ်ဦး သဟဇာတဖြစ်ပြီး ယနေ့ မျက်မှောက်ခေတ်အထိ နေထိုင်လာကြတာ ကျွန်တော်တို့ခေတ်အချိန်မှာ ငြိမ်းချမ်းမှုကိုမပျက်ဖို့ အားလုံးဆုတောင်းရမှာ ဖြစ်ပါတယ်။ အပြောအဆို၊ ကိုယ့်ရဲ့လုပ်ရပ်အားလုံးဟာ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာနဲ့ သဟဇာတဖြစ်ပြီးတော့ ခေတ်အဆက်ဆက်က ဘိုးစဉ်ဘောင်ဆက်နေလာသလို ကျွန်တော်တို့မှာ ရှိခဲ့တဲ့ မတူကွဲပြားတဲ့ အချက်အလက်တွေကို နှစ်ဟောင်းမှာထားပြီးတော့ စိတ်သစ်၊ လူသစ်နဲ့ စိတ်သဘောထားကြီးကြီးနဲ့ နှစ်သစ်ကို ကြိုဆိုကြပါစို့၊ အတူလက်တွဲပြီး တိုင်းပြည်အကျိုး၊ ဘာသာသာသနာအကျိုးကို ဆောင်ရွက်နိုင်ပါစေ။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

**ဦးညွန့်မောင်ရှိန်(ဥက္ကဋ္ဌ-အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ်) ဒုတိယဥက္ကဋ္ဌ-ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)**

ဒီကနေ့အချိန်အခါဟာ မြန်မာ့ရိုးရာနဲ့ ပတ်သက်တဲ့ မြန်မာနိုင်ငံရဲ့ နှစ်သစ်ကူးအချိန်အခါ သမယဖြစ်တဲ့အတွက် အစ္စလာမ်ဘာသာဝင်တစ်ဦး အနေနဲ့ နှစ်သစ်ကူးကာလမှာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ အတူယှဉ်တွဲနေထိုင်လာတဲ့ နိုင်ငံဖြစ်ပါတယ်။

ဒီနှစ်သစ်ကူးကာလဟာ မြန်မာလူမျိုးတွေအတွက် ယဉ်ကျေးမှုဓလေ့ထုံးတမ်းနဲ့ သက်ဆိုင်တဲ့ ရင်းနှီးမှုနဲ့ဖော်ရွေမှုကိုပြတဲ့ ပွဲတော်လည်းဖြစ်ပါတယ်။ မြန်မာရဲ့နှစ်သစ်ကူးအခါသမယမှာ လူတွေအားလုံးဟာ ပျော်ရွှင်ကြတယ်။ လွန်ခဲ့တဲ့ ကာလတွေမှာ စိတ်မှာစွဲထင်ခဲ့တဲ့၊ ကိုယ်မှာ စွဲထင်ခဲ့တဲ့ အညစ်အကြေးတွေ ဖျူစင်အောင်၊ သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ကြတယ်။ သက်ကြီးရွယ်အိုတွေကို ရေချိုးသန့်စင်ကြတယ်။ တချို့ဆို သာသနာ့ဘောင် ဝင်ကြတယ်၊ အင်မတန်မှ ကြည်နူးစရာကောင်းပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံဟာ မိမိတို့ ကိုးကွယ်ရာ ယုံကြည်ရာ ထုံးတမ်းအစဉ်အလာများနဲ့ ပျော်ရွှင်စွာ အနာဂတ်မှာ အတူယှဉ်တွဲနေထိုင်နိုင်ဖို့ ဆိုတဲ့ ဆန္ဒပြုရင်း နှစ်သစ်ကို ကြိုဆိုလိုက်ပါတယ်။

**ဒေါက်တာသာညာဏ်**
**ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်း (YMCA) အထွေထွေအတွင်းရေးမှူး**

ခရစ်ယာန်တစ်ယောက်အနေနဲ့ မြန်မာနိုင်ငံမှာ မွေး၊ မြန်မာနိုင်ငံမှာ ကြီး၊ မြန်မာ့ရေသောက်၊ နိုင်ငံတော်ရဲ့သစ္စာကို စောင့်သိတဲ့ မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်ပါတယ်။ သင်္ကြန်ကျတိုင်း ရင်ခုန်ပါတယ်။ မြန်မာတို့ရဲ့ ရိုးရာအစဉ်အလာကို အင်မတန်မှ မြတ်နိုးပါတယ်။

နိုင်ငံတော်အကြီးအကဲတွေနဲ့ မြန်မာပြည်သူပြည်သားတွေအားလုံးအတွက် ဘုရားရှင်ရှေ့မှာ အထူးဆုတောင်းချင်တာက အခုလာမယ့် နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ မြန်မာနိုင်ငံ ငြိမ်းချမ်းပါစေ။ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်စတဲ့ မအေးချမ်းသေးတဲ့ဒေသတွေလည်း အေးချမ်းပါစေ။ အတာရေနဲ့ထိလို့ အေးချမ်းသလို အားလုံးငြိမ်းချမ်း အေးချမ်းကြပါစေ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့အခါ အောင်မြင်ကြပါစေ။ လက်နက်ကိုင်တိုက်ခိုက်မှုတွေလည်း အခုလာမယ့်နှစ်မှာ လုံးဝပျောက်ဆုံးသွားပြီး ငြိမ်းချမ်းသာယာဝပြောသော၊ ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သို့ အတူတကွသွားနိုင်ကြပါစေ။ စားဝတ်နေရေး အခက်အခဲများ ပြေပျောက်ပါစေ။ စီးပွားရေးလည်း တိုးတက်အောင်မြင်နိုင်ကြပါစေ။ မြန်မာနိုင်ငံကို အထင်မှားနေသော ကမ္ဘာ့နိုင်ငံကြီးများအချို့ကိုလည်း ဆုတောင်းပေးချင်ပါတယ်။ သူတို့နိုင်ငံမှာရှိတဲ့ အခက်အခဲများ ပြေပျောက်ပါစေလို့ ဆုတောင်းပေးတဲ့အပြင် မြန်မာနိုင်ငံကို မှားယွင်းစွာ သံသယအမြင်နဲ့ ကြည့်နေတဲ့ နိုင်ငံများလည်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အမှန်မြင်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**သီသီမင်း**

# နှစ်သစ်ဆုတောင်း



ဦးအောင်ကိုဝင်း



ဦးဇော်မင်းဝင်း



ဒေါက်တာခင်ရွှေ



ဒေါက်တာဇေယျာညွန့်



ဒေါက်တာဝင်းမြင့်

**ဦးအောင်ကိုဝင်း**
**နာယက၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်**

မြန်မာနှစ်သစ် အခါသမယမှာ ပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာယာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်မေတ္တာပို့သအပ်ပါတယ်။ နိုင်ငံတော်အစိုးရက ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေဖို့ အားသွန်ခွန်စိုက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးကလည်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံတော်အစိုးရနဲ့ အတူတကွလက်တွဲပြီး ကြုံတွေ့လာတဲ့ အခက်အခဲဟူသမျှကို ကျော်လွှားနိုင်ဖို့အတွက် ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်ကြပြီး တာဝန်ကျေပွန်တဲ့ ပြည်သူများဖြစ်ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေး ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရနဲ့အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး အမြန်ဆုံးပေါ်ပေါက်လာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ဦးဇော်မင်းဝင်း**
**ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်**

မြန်မာ့ရိုးရာ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်နဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ အသင်းချုပ်ညီနောင်အသင်းများ၊ အသင်းသူ အသင်းသားများ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး နှစ်သစ်နဲ့အတူ မင်္ဂလာအပေါင်းပြည့်စုံကြပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၍ ပျော်ရွှင်ခြင်းများနဲ့ ပြည့်စုံကြပါစေကြောင်း မေတ္တာပို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကုန်သည်စက်မှုအသင်းချုပ်ဟာ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီနောင်အသင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းဝင်များနဲ့အတူ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နှစ်သစ်မှာ ပြည်သူများအားလုံးပျော်ရွှင်ချမ်းမြေ့မှုများ ရရှိနိုင်ပါစေကြောင်း ထပ်ဆင့်ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ဒေါက်တာခင်ရွှေ**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

နိုင်ငံတော်မှာ အဓိကစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးမှာ ငြိမ်းချမ်းရေးကလည်း အဓိကဖြစ်ပါတယ်။ အားလုံးငြိမ်းချမ်းရေးရရှိဖို့ တိုင်းရင်းသားတွေအားလုံးငြိမ်းချမ်းပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ စီးပွားရေးမှာလည်း နိုင်ငံတကာက မြန်မာနိုင်ငံကို စိတ်ဝင်စားကြပါတယ်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေ ပိုမိုဝင်ရောက်လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့စီးပွားရေးက တစ်ဟုန်ထိုး တိုးတက်လာမယ်။ နှစ်သစ်မှာ စီးပွားရေးတွေ အဆင်ပြေပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဒေါက်တာဇေယျာညွန့်**
**အမှုဆောင်အရာရှိချုပ်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်**

နှစ်သစ်အချိန်ခါသမယမှာ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ပြည့်စုံပြီး ဘာသာသာသနာအကျိုးကို ထမ်းပိုးနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ပေါ်ပေါက်လာကြပါစေ။ မြန်မာနှစ်သစ်မှာ တိုင်းပြည်ရဲ့စီးပွားရေးတွေ ဒီရေအလား တိုးတက်ပြီးတော့ ဘဏ်လုပ်ငန်းကဏ္ဍတွေမှာလည်း ဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ နှစ်သစ်ဆိုတာ မြန်မာလူမျိုးတွေအတွက် မြင့်မြတ်တဲ့နေ့ကောင်းနေ့မြတ် ဖြစ်ပါတယ်။ နှစ်ဟောင်းမှာရှိတဲ့ အညစ်အကြေးတွေကို စွန့်ပစ်ပြီး နှစ်သစ်မှာ မိမိတိုင်းပြည်၊ ဘာသာသာသနာကို အခွန့်ရှည်တည်တံ့ခိုင်မြဲပြီး နိုင်ငံအကျိုး၊ တိုင်းပြည်အကျိုးကို ထမ်းပိုးနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ပေါ်ထွန်းလာပြီး မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး တခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာပါစေကြောင်း နှစ်သစ်မှာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ဒေါက်တာဝင်းမြင့်**
**ဥက္ကဋ္ဌ၊ မြတ်မေတ္တာမွန်ကုမ္ပဏီ**

နှစ်စဉ်နှစ်တိုင်းကျရောက်လေ့ရှိတဲ့ မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော်ကို အတာရေနဲ့ပက်ဖျန်းပြီး နှစ်သစ်ကိုကြိုဆိုကြတာပေါ့။ နှစ်ဟောင်းမှာရှိတဲ့ အညစ်အကြေးတွေ ဆေးကြောပြီး နှစ်သစ်မှာ အသစ်အသစ်တွေနဲ့ ဘဝကြီးကို ဖြတ်သန်းကြမယ်။ နိုင်ငံကိုလည်း ဒီထက်ပိုတိုးတက်အောင် ကြိုးစားသွားကြမယ်။ လက်ရှိအစိုးရကလည်း တိုင်းပြည်ကောင်းအောင် ကြိုးစားပြီးလုပ်နေတယ်။ ထိုက်သင့်တဲ့ တိုးတက်မှုတွေလည်းရနေပါတယ်။ ရလာတဲ့ ဒီမိုကရေစီကို တန်ဖိုးရှိရှိ စည်းကမ်းရှိရှိနဲ့ ဆက်လက်ပြီး နောင်အနာဂတ်မှာ ဒီထက်ပိုပြီး တိုးတက် ကောင်းမွန်အောင် အားလုံးဝိုင်းပြီး ကြိုးစားရမှာဖြစ်ပါတယ်။ အစိုးရတစ်ခုတည်း ကြိုးစားလို့မရပါဘူး။ ပြည်သူတွေအားလုံး ပူးပေါင်းပါဝင်ပြီး ကြိုးစားရမှာဖြစ်ပါတယ်။ ပြစ်တင်ဝေဖန်ရှုတ်ချခြင်း လုပ်နေမယ့်အစား လိုအပ်တာတွေ ဝိုင်းဖြည့်ပြီး အကြံပြုမယ်။ အားလုံးဝိုင်းဝန်းပြီး အကောင်းမြင်ဝါဒနဲ့ အကြံဉာဏ်ပေးမယ်။ စေတနာနဲ့ဝိုင်းလုပ်ပေးမယ်ဆိုရင် လာမယ့်နှစ်သစ်မှာ ကျွန်တော်တို့နိုင်ငံဟာ ဒီထက်ပိုပြီး တိုးတက်ဖွံ့ဖြိုးလာမယ်လို့ ပြောချင်ပါတယ်။

**နေလင်း**

# ၂၀၁၉ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှု

**နေပြည်တော် ဧပြီ ၁၇**

၂၀၁၉ ခုနှစ် မဟာသင်္ကြန်အကြိုနေ့မှစတင်၍ မဟာသင်္ကြန်အတက်နေ့အထိ သင်္ကြန်ကာလအတွင်း ရေပက်ကစားလည်ပတ်ကြရာမှ မူးယစ်သောက်စား အပျော်လွန်ကျူးမှု၊ ယာဉ်မဆင်မခြင်မောင်းနှင်မှု၊ အစအနောက် လွန်ကျူးရာမှ ခိုက်ရန်ဖြစ်ပွားမှုအပါအဝင် မှုခင်းဖြစ်ပွားမှုများအနေဖြင့် နေပြည်တော်တွင် လူသတ်မှု နှစ်မှု( နှစ်ဦးသေဆုံး)၊ ယာဉ်တိုက်မှု နှစ်မှု (နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု လေးမှု (ခြောက်ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု (တစ်ဦးသေဆုံး)၊ ကချင်ပြည်နယ်တွင် ယာဉ်တိုက်မှု နှစ်မှု (နှစ်ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု တစ်မှု (တစ်ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု (တစ်ဦးသေဆုံး)၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လူသတ်မှု သုံးမှု(သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ)၊ ယာဉ်တိုက်မှု တစ်မှု (တစ်ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ရှစ်မှု( ၁၁ ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု ခြောက်မှု(ခြောက်ဦးသေဆုံး)ဖြစ်ပွားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ရေနစ်သေဆုံးမှု တစ်မှု(တစ်ဦးသေဆုံး)၊ ပဲခူးတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု တစ်မှု(တစ်ဦးသေဆုံး)၊ ခိုက်ရန်ဖြစ်ပွားမှု တစ်မှု(တစ်ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု (တစ်ဦးသေဆုံး)၊ မကွေးတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု နှစ်မှု (၁၁ ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု လေးမှု (ခုနစ်ဦးဒဏ်ရာရ)၊ မန္တလေးတိုင်းဒေသကြီးတွင် လူသတ်မှု တစ်မှု (တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ)၊ ယာဉ်တိုက်မှု လေးမှု (တစ်ဦးသေဆုံး၊ ၁၆ ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ၁၃ မှု (၂၀ ဦးဒဏ်ရာရ)၊ မွန်ပြည်နယ်တွင် ခိုက်ရန်ဖြစ်ပွားမှု တစ်မှု (နှစ်ဦးဒဏ်ရာရ)၊ ရန်ကုန်တိုင်းဒေသကြီးတွင် လူသတ်မှု တစ်မှု (တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ)၊ ယာဉ်တိုက်မှု နှစ်မှု (ကိုးဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု သုံးမှု(ခုနစ်ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု(တစ်ဦးသေဆုံး)၊ ရှမ်းပြည်နယ်တွင် ယာဉ်တိုက်မှု ငါးမှု(လေးဦးသေဆုံး၊ ၂၆ ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု နှစ်မှု(နှစ်ဦးသေဆုံး)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု နှစ်မှု (သုံးဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု တစ်မှု (တစ်ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု(တစ်ဦးသေဆုံး)တို့ရှိခဲ့ပြီး စုစုပေါင်း လူသတ်မှု ခုနစ်မှု (ခုနစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ)၊ ယာဉ်တိုက်မှု ၂၀ မှု (ရှစ်ဦးသေဆုံး၊ ၆၉ ဦး ဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ၃၆ မှု (၅၇ ဦး ဒဏ်ရာရ)၊ ခိုးမှု နှစ်မှု၊ ရေနစ်သေဆုံးမှု ၁၄ မှု (၁၄ ဦးသေဆုံး)ရှိခဲ့ကြောင်း သိရှိရသည်။

**ဖြစ်ပွားခဲ့**

ဖော်ပြပါသင်္ကြန်ကာလနှင့်ပတ်သက်သော ပြစ်မှုများဖြစ်ပွားမှုသည် တိုင်းဒေသကြီး၊ ပြည်နယ် ၁၁ ခုတွင်သာဖြစ်ပွားခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သင်္ကြန်နှင့်ပတ်သက်သော မှုခင်းများလျော့နည်းစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အလေးထားထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော် သင်္ကြန်ပွဲတော်နှင့်ပတ်သက်မှုမရှိဘဲ သီးခြားအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် စုစုပေါင်း လူသတ်မှု ၃၀(၃၁ ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ)၊ ယာဉ်တိုက်မှု ၃၃၉ မှု (၁၁၅ ဦးသေဆုံး၊ ၇၂၈ ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ၁၀၅ မှု (၁၄၄ ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှုအပါအဝင် သေမှုသေခင်း ၁၁၀ (၁၁၃ ဦးသေဆုံး)၊ ခိုးမှု ၃၆ မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

**ဆက်လက်အရေးယူဆောင်ရွက်မည်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် ကြိုတင်ကာကွယ်မှု ၁၉၇၆ မှု အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် သင်္ကြန်ကာလအတွင်း ဘေးအန္တရာယ်ဖြစ်စေနိုင်သော တုတ်၊ ဓားမျိုးစုံ၊ လေးခွ၊ ချိန်းကြိုး၊ သံကြိုး၊ ဝက်အူလှည့်၊ ကတ်ကြေး၊ သံလက်သီး၊ စကောဘာ စုစုပေါင်း ၄၂၇ ခုနှင့် အရက်၊ ဘီယာပုလင်း မျိုးစုံ ၅၇၁၇၉ ပုလင်း၊ ကာမရာဂစိတ်ကြွဆေးများဖြစ်သည့် သောက်ဆေး၊ လိမ်းဆေး၊ ထိုးဆေး၊ ဖျန်းဆေးမျိုးစုံ ၆၂၅ ဘူး၊ ဆေးလုံး ၂၃၉၂ လုံး၊ ဆေးကတ် ၃၃၆ ကတ်နှင့် ထိုးဆေး နှစ်ပုလင်းတို့အား သိမ်းဆည်းနိုင်ခဲ့ကြောင်း စုစုပေါင်း ကြိုတင်ကာကွယ်ထိန်းသိမ်းတားဆီးခဲ့သူပေါင်းမှာ ၂၇၉၇ ဦးဖြစ်၍ ပြစ်မှုကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



## ဥတ္တရသီရိမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများ အမိုးလန်ပျက်စီး

**နေပြည်တော် ဧပြီ ၁၇**

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ဧပြီ ၁၇ ရက် ညနေ ၄ နာရီခွဲက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် နေအိမ်များ အမိုးလန်ပျက်စီးခဲ့သည်။

မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိ ရပ်ကွက်ရှိ Ocean Super Center အရှေ့ဘက်ခြမ်း အကာများကွာကျခြင်း၊ ရွှေနံ့သာရပ်ကွက်တွင် နေအိမ် ခုနစ်လုံး၊ ငန်းစပ်ကျေးရွာတွင် နေအိမ် ၁၅ လုံးနှင့် အထက်တန်းကျောင်းစာသင်ဆောင်တစ်ဆောင်၊ ဇလောင်းတောင် ကျေးရွာတွင် နေအိမ် ငါးလုံး၊ ဇလောင်းမြောက်ကျေးရွာတွင် နေအိမ် ကိုးလုံး၊ နန့်ချွန်ကျေးရွာတွင် နေအိမ် ၄၄ လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ကျွဲရှင်းကျေးရွာတွင် အလက(ခွဲ) စာသင်ကျောင်းဆောင်တစ်ဆောင်၊ မင်းကုန်ကျေးရွာတွင် နေအိမ် ငါးလုံး၊ ဖောင်းလောင်ကျေးရွာတွင် နေအိမ် လေးလုံး၊ အောင်ချမ်းသာကျေးရွာတွင် နေအိမ် ခြောက်လုံးနှင့် အောင်ချမ်းသိမ်းကျေးရွာတို့တွင် နေအိမ်တစ်လုံး စုစုပေါင်း နေအိမ် ၆၆ လုံးနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ စာသင်ကျောင်းဆောင် နှစ်ဆောင်တို့မှာ အမိုးလန်ပျက်စီးခဲ့ပြီး နန်းခွန်ကျေးရွာရှိ လူနေအိမ်နှစ်လုံးမှာ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## အင်းတော်မြို့နယ်တွင် ညီအစ်ကိုနှစ်ယောက် စကားများရန်ဖြစ်ပြီး ဓားဖြင့်ထိုးရာ အစ်ကိုဖြစ်သူသေဆုံး

**အင်းတော် ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားကျေးရွာ အောင်သပြေ ရပ်ကွက်တွင် ဧပြီ ၁၆ ရက်က ညီအစ်ကိုနှစ်ယောက် စကားများရန်ဖြစ်ကြရာ အစ်ကိုဖြစ်သူသေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၆ ရက် ည ၁၁ နာရီခွဲခန့်တွင် အင်းတော်မြို့နယ် နဘားကျေးရွာ အောင်သပြေရပ်ကွက်၌နေထိုင်သူ နေလင်းထွန်းနှင့် ရာကျော်တို့ ညီအစ်ကိုနှစ်ယောက်သည် အရက်သေစာသောက်စားမူးယစ်ပြီး စကားများရန်ဖြစ်ကြရာ အစ်ကိုဖြစ်သူရာကျော်က အုတ်ခဲဖြင့်ပစ်ပေါက်သဖြင့် ညီဖြစ်သူ နေလင်းထွန်းက အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်ဖြင့်ထိုးလိုက်ရာ အစ်ကိုဖြစ်သူရာကျော်သည် အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ဓားဖြင့်ထိုးသူ နေလင်းထွန်းအား အင်းတော်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် မိုးမိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၇**

မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၅ ရက် ည ၇ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် စည်ပင်လမ်းထောင့်တွင်တွေ့ရှိသူ စည်သူဖြိုး(ခ)စည်လေးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၄)ရပ်ကွက် သိင်္ဂီ(၂)လမ်း မ/၂၆၉ နေ ရဲရင့်အောင်(ခ)ရဲရဲ၏နေအိမ်အား သွားရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကာ စစ်ဆေးပေါ်ပေါက်ချက်အရ ဧပြီ ၁၆ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၂)ရပ်ကွက် မြတ်လေး(၈)လမ်း မ/၄၆၃ နေ ကြွက်(ခ)သူရ(ခ)စောသူရ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ နံနက် ၉ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာ အဝင် မိုးမိတ်-တွင်းငယ်ကားလမ်းမပေါ်တွင် အိုက်ထွန်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂၅ ပြား၊ ငွေကျပ် ၆၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



အိုက်ထွန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

## ကသာခရိုင်အတွင်းမှ တရားမဝင်သစ်များနှင့် သစ်ခွဲစက်တစ်လုံး ဖမ်းမိ



**ကသာ ဧပြီ ၁၇**

မဟာသင်္ကြန်ပွဲတော်ရက်အတွင်း၌ တရားမဝင်သစ်များခိုးထုတ်ရန် သတင်းရရှိထားသဖြင့် ဧပြီ ၁၄ ရက်တွင် ထီးချိုင့်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစိုးမင်းအောင်ဦးစီးသောအဖွဲ့သည် ထီးချိုင့်မြို့နယ် ဟင်္သာကြိုးဝိုင်းအကွက်အမှတ်(၄၁)အတွင်းမှ တရားမဝင်ပိတောက်ခားရွေတုံး ၁၃ တုံးကိုလည်းကောင်း၊ ဧပြီ ၁၅ ရက်တွင် ကသာခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးစီးသောအဖွဲ့သည် ဗန်းမော်မြို့နယ် မံမော်ကြိုးဝိုင်းအကွက်အမှတ်(၉၅)အတွင်းမှ တရားမဝင်ကျွန်းသစ်အလုံး ၂၀ နှင့် သစ်စက်တစ်လုံးကိုလည်းကောင်း၊ ဧပြီ ၁၆ ရက်တွင် ထီးချိုင့်မြို့နယ် ပြင်တဲကြိုးဝိုင်းအတွင်းမှ တရားမဝင်ကျွန်းသစ်အလုံး ၂၁ လုံးကိုလည်းကောင်း၊ ဧပြီ ၁၇ ရက်တွင် ဗန်းမော်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးသော်မွန်းကို ဦးစီးသောအဖွဲ့သည် ဗန်းမော်မြို့နယ် တောင်လယ်ကျေးရွာအနီးမှ တရားမဝင်ကျွန်းခွဲသား ၁၀၅ ချောင်းတို့ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မော်ဟန်-လွယ်ခမ်းတောင် အန္တရာယ်အကွေ့အကောက်ကြေ့တွင် ၁၂ ဘီးယာဉ် အရှိန်လွန်တိမ်းမှောက်

**မိုးညှင်း ဧပြီ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်-လွယ်ခမ်းတောင် အန္တရာယ်အကွေ့ကြေ့တွင် ဆီပီပါအခွံများသယ်ဆောင်လာသော ၁၂ ဘီးဆီသယ်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၆ ရက် နံနက် ၃ နာရီက ပြည်ထောင်စုလမ်းမကြီးအတိုင်း နန့်စီးအောင်ဘက်မှ မိုးညှင်းဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ)မောင်းနှင်လာသည့် SHN-6B/----- ၁၂ ဘီးယာဉ်သည် လွယ်ခမ်းတောင်အဆင်း မိုင်တိုင်အမှတ် 291M နှင့် 292M အကြားအရောက်တွင် လမ်းယာဘက်လျှိုအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းမှာတိမ်းရှောင်သွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ(စုံစမ်းဆဲ)အား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နီတိုး**



# တိုးတက်ဆောင်ရွက် မိုး / ဇလရဲ့မြေငလျင်ကွန်ရက်

## (ထွန်းလင်းကျော်/ မိုးဇလ)

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်းကြောင့် အပူချိန်များ တိုးမြင့်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာခြင်း၊ မိုးခေါင်မှုဖြစ်စဉ်များ ဖြစ်ပေါ်လာခြင်း၊ လျှပ်တစ်ပြက် ရေကြီးမှုဖြစ်စဉ်များ ဖြစ်ပေါ်ခြင်းတို့ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် တွေ့ကြုံခံစားနေကြရပါသည်။ အဆိုပါ ဖြစ်စဉ်များအပြင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ မြေငလျင်လှုပ်ရှားမှုများသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် ပိုမိုလှုပ်ရှားလာသည်ကို သတိပြုမိရပါသည်။ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ ရေကြီးမှုဖြစ်စဉ်များ ဖြစ်ပေါ်ခြင်းနှင့် အခြားသော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်သတိပေးချက် ထုတ်ပြန်နိုင်သော်လည်း မြေငလျင်ဖြစ်ပေါ်မှုအခြေအနေများကို ယနေ့အချိန်အထိ မည်သည့်နိုင်ငံတွင်မျှ ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသေးပါ။ သို့သော် မြေငလျင်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများကို လျော့နည်းစေရန်အတွက် အဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်းကောင်း၊ စက်ရုံအလုပ်ရုံများ ဆောက်လုပ်ရာတွင်လည်းကောင်း၊ မြေငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရန် သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း ဆောက်လုပ်ရန်သည်လည်း အရေးကြီးလှပါသည်။ ထို့အပြင် ပြည်သူလူထုအနေဖြင့် မိမိတို့နေထိုင်ရာဒေသသည် ငလျင်ရပ်ဝန်းအတွင်း ကျရောက်နေခြင်း ရှိ၊ မရှိကို လေ့လာသိရှိထားသင့်ပြီး ငလျင်မလှုပ်မီကာလတွင်လည်းကောင်း၊ ငလျင်ကြီးများလှုပ်ရှားပြီးပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ကြိုတင်သိရှိပြင်ဆင်ထားနိုင်ရန် အထူးပင်အရေးကြီးလှပါသည်။ သို့မှသာ ဖြစ်ပေါ်လာသည့် ငလျင်ဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်နိုင်မည် ဖြစ်ပါသည်။

### ၂၀၁၈ ခုနှစ်အတွင်း မြေငလျင်လှုပ်ရှားမှုအခြေအနေ


မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲသည် မြေငလျင်တိုင်းတာရေး ကိရိယာများကို မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် တပ်ဆင်ထားရှိပြီး မြေငလျင်သတင်းထုတ်ပြန်ခြင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံပြည်တွင်းကို ဗဟိုပြု၍ လှုပ်ရှားသွားသော မြေငလျင်လှုပ်ရှားခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက အင်အားအသင့်အတင့်ရှိသော မြေငလျင် ၂၅ ကြိမ်နှင့် အင်အားအနည်းငယ်ရှိသော မြေငလျင် အကြိမ် ၁၄၀ စုစုပေါင်း ၁၆၅ ကြိမ် လှုပ်ရှားခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း သတင်းထုတ်ပြန်ခဲ့သော ပြည်တွင်းမြေငလျင် လှုပ်ရှားမှုများ၏ cross section ဖြင့် ရေးဆွဲထားသော မြေပုံကို ပုံတွင် ဖော်ပြထားပါသည်။ အဆိုပါ cross section ပုံအရ မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းဒေသတွင် မြေငလျင်လှုပ်ရှားမှု ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် စစ်ကိုင်းပြတ်ရွေ့အနီးတွင်လည်း အင်အားအနည်းငယ်နှင့် အင်အားအသင့်အတင့်ရှိသော မြေငလျင်လှုပ်ရှားမှုများရှိကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် လှုပ်ရှားခဲ့သော မြေငလျင်များ၏ ဗဟိုချက်အနက်ကို လေ့လာကြည့်လျှင် စောက်တိမ်မြေငလျင် (shallow depth earthquake)နှင့် စောက်လတ်မြေငလျင် (intermediate depth earthquake) များ လှုပ်ရှားလေ့ရှိကြောင်း တွေ့ရှိရပါသည်။ Indian Plate သည် Eurasian Plate အောက်သို့ ငုံ့လျှိုး ဝင်ရောက်မှုကြောင့် စောက်လတ်မြေငလျင်(intermediate depth earthquake) များ လှုပ်ရှားခဲ့ပြီး မြန်မာနိုင်ငံတွင် မြေငလျင်များ၏ ဗဟိုချက်အနက် ကီလိုမီတာ ၁၅၀ အထိ နက်သော မြေငလျင်များလှုပ်ရှားလေ့ရှိကြောင်း တွေ့ရပါသည်။

မြေငလျင်ဌာနခွဲအနေဖြင့် မြေငလျင်အင်အား ရစ်(ချ်)တာစကေး ၄ ဒသမ ၉ နှင့် အောက်အဆင့်ရှိ မြေငလျင်များအား အင်အားအနည်းငယ်ဟူ၍လည်းကောင်း၊ အင်အား ရစ်(ချ်)တာစကေး ၅ ဒသမ သုည မှ ၆ ဒသမ သုညအထိ မြေငလျင်များအား အင်အားအသင့်အတင့်ဟူ၍လည်းကောင်း၊ အင်အား ရစ်(ချ်)တာစကေး ၆ ဒသမ ၁မှ ၇ ဒသမ ၅အထိ မြေငလျင်များအား အင်အားပြင်းထန်ဟူ၍လည်းကောင်း၊ အင်အား ရစ်(ချ်)တာစကေး ၇ ဒသမ ၅ အထက်ရှိ မြေငလျင်များအား အင်အားအလွန်ပြင်းထန်ဟူ၍လည်းကောင်း သတ်မှတ်၍ မြေငလျင်သတင်းများ ထုတ်ပြန်ပေးလျက်ရှိပါသည်။

### မြန်မာ့မြေငလျင်တိုင်းတာရေးစခန်း ကွန်ရက်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲသည် မြေငလျင်တိုင်းတာရေး လုပ်ငန်းများနှင့် မြေငလျင်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြေငလျင်တိုင်းတာမှုလုပ်ငန်းများကို ၁၉၆၄ ခုနှစ်မှ စတင်ပြီး တိုင်းတာဆောင်ရွက်ခဲ့ပါသည်။ ထိုစဉ်က စတင်အသုံးပြုခဲ့သည့် စက်များမှာ Analog Seismograph ဖြစ်ပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ မြေငလျင်တိုင်းတာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ မြေငလျင်တိုင်းတာရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုသည် ၂၀၁၆ ခုနှစ်မှ စတင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် မြေငလျင်တိုင်းတာရေးစခန်း ခြောက်ခုသာ ရှိခဲ့ပါသည်။ ကချင်ပြည်နယ်တွင် တစ်စခန်း၊ ရှမ်းပြည်နယ်တွင် တစ်စခန်း၊ ရခိုင်ပြည်နယ်တွင် တစ်စခန်း၊ ကရင်ပြည်နယ်တွင် တစ်စခန်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် တစ်စခန်းနှင့် နေပြည်တော်တွင် တစ်စခန်း စုစုပေါင်း မြေငလျင်တိုင်းတာရေးစခန်း ခြောက်ခုဖြင့် ပြည်တွင်း၊ ပြည်ပတွင် လှုပ်ရှားသော မြေငလျင်များကို တိုင်းတာဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (US-AID)၏ ကူညီထောက်ပံ့မှု၊ အမေရိကန်ဘူမိဗေဒလေ့လာရေး ဌာန (USGS)၏ နည်းပညာအကူအညီများဖြင့် ရန်ကုန်၊ မန္တလေး၊ ဟားခါး၊ ကျိုင်းတုံနှင့် တမူးမြို့များတွင် မြေငလျင်တိုင်းတာရေးစခန်း ငါးခုကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့အတူ ၂၀၁၇ ခုနှစ်တွင် အိန္ဒိယအစိုးရ၏ ကူညီထောက်ပံ့မှု၊ ထိုင်းနိုင်ငံအခြေစိုက် ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးဗဟိုဌာန (RIMES)၏ နည်းပညာအကူအညီများဖြင့် ညောင်ဦး၊ တောင်ကြီး၊ ကသာ၊ ထားဝယ်၊ ဂွ၊ တောင်ငူ၊ သီပေါနှင့် ကန့်ဘလူမြို့များတွင် မြေငလျင်တိုင်းတာရေး စခန်း ရှစ်ခုကို အသစ်တိုးချဲ့တပ်ဆင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မြဝတီနှင့် မြိတ်မြို့များတွင် မြေငလျင်တိုင်းစခန်း နှစ်ခုကို ထပ်မံတိုးချဲ့တပ်ဆင်နိုင်ခဲ့ပါသည်။

ယခုအခါ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ပြည်တွင်း၊ ပြည်ပတွင် လှုပ်ရှားသွားသော မြေငလျင်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် အမြဲတမ်း မြေငလျင် တိုင်းတာရေးစခန်းများကို ရှမ်းပြည်နယ်တွင် စခန်း လေးခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် စခန်း သုံးခု၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် စခန်း နှစ်ခုစီ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် စခန်း တစ်ခုစီ စုစုပေါင်း မြေငလျင်တိုင်းတာရေးစခန်း ၂၁ ခုဖြင့် ၂၄ နာရီပတ်လုံး တိုင်းတာစောင့်ကြည့်လျက်ရှိပါသည်။





ယာယီမြေငလျင်စခန်း (၉၀) တပ်ဆင်ထားရှိမှုပြမြေပုံ

ထို့အပြင် မြန်မာနိုင်ငံ၏ ဘူမိရုပ်သွင်များနှင့် မြေငလျင်လှုပ်ရှားမှုများကို ပိုမိုသိရှိနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းပြီး လေ့လာသုတေသနပြုလုပ်လျက်ရှိပါသည်။ ယခုကဲ့သို့ အမြဲတမ်းမြေငလျင်တိုင်းတာရေးစခန်း ၂၁ ခု တပ်ဆင်ဆောင်ရွက်နိုင်ခြင်းအား အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုများဖြင့် အောင်မြင်စွာ တပ်ဆင်ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ အမြဲတမ်း မြေငလျင် တိုင်းတာရေးစခန်း ၂၁ ခုမှ မှတ်တမ်းအချက်အလက်များကို နေပြည်တော်ရှိ မြေငလျင်ဌာနခွဲသို့ အချိန်နှင့်တစ်ပြေညီပေးပို့ပြီး ပြည်တွင်း၊ ပြည်ပတွင် လှုပ်ရှားသွားသော မြေငလျင် လှုပ်ရှားမှုများကို အချိန်တိုအတွင်း တိုင်းတာတွက်ချက်နိုင်၍ လျင်မြန်စွာ သတင်းထုတ်ပြန်နိုင်ခြင်းနှင့် အရေးပေါ်တုံ့ပြန်မှု ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### ယာယီမြေငလျင်တိုင်းတာရေးစခန်းများ တပ်ဆင်ခြင်း

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြေငလျင်ဆိုင်ရာ လေ့လာသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယာယီမြေငလျင်တိုင်းတာရေးစခန်းများ တပ်ဆင်ခြင်းကို ၂၀၁၆ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ပါသည်။ စင်ကာပူနိုင်ငံ နမ့်ယမ်းတက္ကသိုလ်ရှိ မြေကမ္ဘာလေ့လာရေးဌာန (Earth Observatory of Singapore-EOS)၊ မြန်မာနိုင်ငံမြေငလျင်ကော်မတီ တို့နှင့်ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စခန်း ခြောက်ခုစီ၊ ပဲခူးတိုင်းဒေသကြီးတွင် စခန်း လေးခု၊ ရှမ်းပြည်နယ်တွင် စခန်း လေးခု၊ ရခိုင်ပြည်နယ်တွင် စခန်း နှစ်ခုနှင့် ချင်းပြည်နယ်တွင် စခန်း တစ်ခုစီဖြင့် စုစုပေါင်း ယာယီမြေငလျင်တိုင်း စခန်း ၂၉ ခုကို ၂၀၁၆- ၂၀၁၈ ခုနှစ်အတွင်း တပ်ဆင်နိုင်ခဲ့ပါသည်။ ထို့အပြင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသည် အမေရိကန်နိုင်ငံ မစ်ဇူရီတက္ကသိုလ် (University of Missouri – USA)နှင့် ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် စခန်း ၁၇ခု၊ ချင်းပြည်နယ်တွင် စခန်း ၁၁ ခုနှင့် မန္တလေးတိုင်းဒေသကြီးတွင် စခန်း သုံးခု စုစုပေါင်း ယာယီမြေငလျင်တိုင်းစခန်း ၃၁ ခုကို ၂၀၁၈ ခုနှစ်တွင် တပ်ဆင်နိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ဂျာမနီနိုင်ငံ ဘူမိသိပ္ပံဆိုင်ရာ ဂျာမနီသုတေသန (German Research Centre for Geosciences –GFZ) နှင့်ပူးပေါင်း၍

စာမျက်နှာ ၂၄ သို့




၂၀၁၈ ခုနှစ်အတွင်း သတင်းထုတ်ပြန်ခဲ့သော
ပြည်တွင်းမြေငလျင်လှုပ်ရှားမှုများ၏ cross section ဖြင့် ရေးဆွဲထားသော မြေပုံ

## နှစ်ဆန်းအလှူအဖြစ် အဘိုးအဘွား ၈၀ ကို မုံရွာမြို့၌ ပူဇော်ကန်တော့

**မုံရွာ မေ ၁၇**

နှစ်ဆန်း ၁ ရက်နေ့တွင် အသက် ၈၀ အထက် အဘိုး ၃၄ ဦး၊ အဘွား ၄၆ ဦး စုစုပေါင်း အဘိုး အဘွား ၈၀ ကို သဟတ္တိကဒါနမြောက် ထောက်ပံ့လှူဒါန်းခြင်းကို မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

"နှစ်ဦးအခါသမယကို မြန်မာလူမျိုးတွေ အထွတ်အမြတ်ထားခဲ့ကြပြီး ဘုရားစေတီပုထိုးတွေကို ရေသပ္ပာယ်တာ၊ ဘုန်းတော်ကြီးကျောင်းတွေသွားပြီး ဥပုသ်သီလဆောက်တည်တာတွေ၊ ကုသိုလ်ကောင်းမှုပြုတာတွေ သက်ကြီး ဘိုးဘွားတွေကို ကန်တော့တာတွေ၊ ဇီဝိတဒါန ငါးလွှတ် တာတွေကို မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအဖြစ် အစဉ် အလာမပျက် မြန်မာပြည်အနှံ့မှာပြုလုပ်နေကြပါတယ်။မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တွေဟာ ဗုဒ္ဓရဲ့အဆုံးအမတွေ ကနေ ဆင်းသက်လာတာဖြစ်တဲ့အတွက် ယဉ်ကျေးသိမ်မွေ့လှပါတယ်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းတဲ့အနေနဲ့ အဘိုး အဘွား ကန်တော့ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့အလှူရှင်တွေ စုပေါင်းပြုလုပ်ကြတာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာဇော်ဝင်းက ပြောသည်။

ထို့နောက် အသက်အကြီးဆုံး အဘိုးနှင့်အဘွားတို့ အပါအဝင် အဘိုး အဘွား ၈၀ ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများက ပစ္စည်းအလှူငွေများ ကန်တော့လှူဒါန်းရာ အဘိုး အဘွားများကိုယ်စား အဘိုးဦးတင်အောင်က ဆုတောင်းမေတ္တာပို့သဝမ်းမြောက် စကားပြောကြားသည်။

"သက်ကြီးအဘိုး အဘွားတွေကို ပူဇော်ကန်တော့တာဟာ 'ပူဇာစပူဇနေယျာနံ'လို့ခေါ်တဲ့ ပူဇော်သင့်ပူဇော်ထိုက်တဲ့သူတွေကို ပူဇော်တာဖြစ်တဲ့အတွက် ရှင်တော်ဘုရားဟောတဲ့ မင်္ဂလာတရားတော်နဲ့အညီ ပြုလုပ် ဆောင်ရွက်တာဖြစ်တဲ့အပြင် အဘိုးအဘွားတွေကို အရိုအသေပေးမှု 'ဂါရဝတရား' မိမိကိုယ်ကိုနှိမ့်ချမှု 'နိဝါတ တရား' တို့နဲ့ ညီညွတ်တဲ့အတွက် ပြီးပြည့်စုံတဲ့ကုသိုလ်ကောင်းမှုဖြစ်ပါတယ်"ဟု ပူဇော်ကန်တော့ပွဲလာ အဘိုးတစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**





## ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**ဒီးမော့ဆို မေ ၁၇**

ကယားပြည်နယ်အစိုးရအဖွဲ့၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာမဟာသင်္ကြန် နှစ်သစ်ကူးဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်၌ မေ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက နှစ်သစ်တွင် ကယားပြည်နယ် ဒီထက်မက ဖွံ့ဖြိုးတိုးတက်ရန်အတွက် သက်ဆိုင်ရာအစိုးရ၊ လွှတ်တော်၊ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူတို့က ငွေတောင်ဆည်အတွင်း ဇီဝိတဒါနငါးများကို လွှတ်ပေးခဲ့သည်။

အဆိုပါ ကယားပြည်နယ်အစိုးရအဖွဲ့၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာမဟာသင်္ကြန် နှစ်သစ်ကူး ဇီဝိတဒါန ငါးလွှတ်ပွဲတွင် ရွှေဝါငါးကြင်း ၄၅၀၀၀၊ မြက်စားငါးကြင်း ၁၅၀၀၀၊ ငါးမြစ်ချင်း ၁၅၀၀၀၊ ငါးခုံးမကြီး ၄၅၀၀၀ စုစုပေါင်း ငါးကောင်ရေ ၁၂၀၀၀၀ လွှတ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံရိုးရာယဉ်ကျေးမှုအဖွဲ့ နှစ်ဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုဆုငွေကျပ် ၅၀၀၀၀ စီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




## ဘားအံတွင် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**ဘားအံ မေ ၁၇**

မြန်မာတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအတိုင်း ကရင်ပြည်နယ် ဘားအံမြို့ဇွဲကပင်ခန်းမနှင့် ကန်သာယာတွင် မေ ၁၇ ရက် နံနက် ၈ နာရီက သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကို ကျင်းပသည်။

သက်ကြီးပူဇော်ပွဲတွင် အသက် ၈၅ နှစ်နှင့် အထက်ဘိုးဘွားများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေး အသင်းအဖွဲ့များက ကန်တော့၍ အခမ်းအနားသို့ တက်ရောက်လာသော အဘိုးအဘွား ၃၂ ဦးအား တစ်ဦးလျှင် လှူဒါန်းငွေကျပ် ၅၀၀၀၀နှင့် ဂါရဝပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့သည်။

ယနေ့ကျင်းပသည့် သက်ကြီးပူဇော်ပွဲတွင် ဘားအံမြို့ပေါ်ရပ်ကွက်ကိုးရပ်ကွက်မှ ဘိုးဘွား ၃၈၁ ဦး၊ ဘိုးဘွားရိပ်သာမှ ဘိုးဘွား ခုနစ်ဦး စုစုပေါင်း ဘိုးဘွား ၃၈၈ ဦးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ လှူဒါန်းငွေနှင့် ဂါရဝပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၂၁၂၄၁၉၀၀ ကို လှူဒါန်းခဲ့ကြောင်းနှင့် အဘိုးအဘွားများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဇီဝိတဒါနငါးလွှတ်ပွဲကို ဇွဲကပင်ခန်းမရှေ့ကန်သာယာအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဘိုး အဘွားများက ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီးကောင်ရေ ၈၀၀၀ အား ကန်သာယာအတွင်းသို့ ဇီဝိတဒါနအဖြစ် စေလွှတ်ပေးခဲ့ကြသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ဇီဝိတဒါနငါးလွှတ်ပွဲ မန္တလေးတွင် ကျင်းပ

**မန္တလေး မေ ၁၇**

မြန်မာနှစ်ဆန်း ၁ ရက် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၇ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်း ထင်းဝင်းဆိပ်တွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေ၊ မန္တလေး မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မန္တလေးမြို့ရှိ နိုင်ငံရေးပါတီကိုယ်စားလှယ်များ တက်ရောက်ကြပြီး ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း ငါးသားပေါက်များအား ဧရာဝတီမြစ်အတွင်း ငါးသယံဇာတ တိုးပွားစေရေးအတွက် စုပေါင်း၍ ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပသည်။

အလားတူ မြန်မာနှစ်ဆန်း ၁ ရက် ဇီဝိတဒါနငါးလွှတ်ပွဲကို အောင်မြေသာစံမြို့နယ် ကျုံးပတ်လည်တွင် ပြုလုပ်ရာ ပုဂ္ဂလိကငါးသားဖောက်လုပ်ငန်းများမှ ငါးသားပေါက်များအား ရောင်းချပေးပြီး မိသားစုအလိုက် တပျော်တပါး ဇီဝိတဒါနငါးလွှတ်ခြင်း၊ စာကလေးနှင့်ငှက်များဘေးမဲ့လွှတ်ခြင်းများ ကုသိုလ်ပြုကြသည်။

**မောင်ပြည်သူ(မန္တလေး)**



## မြစ်ကြီးနားမြို့တွင်ဇီဝိတဒါနငါးလွှတ်ပွဲ၊သက်ကြီးပူဇော်ပွဲ၊စုပေါင်းသွေးလှူဒါန်း

**မြစ်ကြီးနား ဧပြီ ၁၇**

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ စုပေါင်းသွေးလှူဒါန်းပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲအခမ်းအနားများကို မြစ်ကြီးနားမြို့၌ ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဇနီးဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ဇနီး၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ စုပေါင်း၍ ဧရာဝတီမြစ်အတွင်းသို့ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀ ကျော်ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

ယင်းနောက် မြစ်ကြီးနားမြို့သာသနာ့ဗိမာန်တော်တွင် ကျင်းပသည့် သက်ကြီးဘိုး၊ ဘွားများအား ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး သက်ကြီးဘိုးဘွား ၅၄ ဦးတို့အား ပူဇော်ကန်တော့ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဘိုးဘွားတစ်ဦးလျှင် ငွေသားနှင့် ခြုံစောင်တစ်ထည်စီဖြင့် စုစုပေါင်းငွေကျပ် ၁၇၄၀၀၀၀ နှင့် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့က တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ စီကို ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကျင်းပလျက်ရှိသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့သွေးအလှူရှင် ရဟန်းပြည်သူများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ စုပေါင်းသွေးလှူဒါန်းမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံကြည့်ရှု အားပေးခဲ့ကြပြီး ဆေးနှင့်အာဟာရမုန့်များကို ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က စုပေါင်းသွေးလှူဒါန်းပွဲအတွက် ငွေကျပ် ၅၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

**ပြည်နယ် (ပြန်/ဆက်)**

## ဇီဝိတဒါနငါးလွှတ်ပွဲနှင့်သက်ကြီးပူဇော်ပွဲအခမ်းအနားထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် ဧပြီ ၁၇**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် မြန်မာနှစ်ဆန်း ၁ ရက် ဇီဝိတဒါန ငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၇ နာရီက ထားဝယ်မြို့ ဒေါင်းငူ/တံငါရပ်ကွက် ဆိပ်ကမ်းသာဘောတံတား၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်မောင် ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကကတစ်ငါးသားပေါက် ၁၀၀၀၀ နှင့် ရေငန်ပုဇွန်ကျား ၁၀၀၀၀ အား ဆိပ်ကမ်းသာဘောတံတားပေါ်မှ ထားဝယ်မြစ်အတွင်းသို့ ကုသိုလ်ပြု ဇီဝိတဒါန ငါးလွှတ်ပေးသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲကို နံနက် ၉ နာရီတွင် သာသနာ့ဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ခြင်းအကြောင်း အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက အဘိုး၊ အဘွား ၅၀ အား ပူဇော်ကန်တော့ခဲ့ကြသည်။

ဆက်လက်၍ အဘိုး၊ အဘွားများကိုယ်စား အဘွားဒေါ်သန်းရီက ဝမ်းမြောက်စကားပြောကြားပြီး ဆုတောင်းမေတ္တာပို့သ၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက အဘိုး၊ အဘွားများအား ကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်ကာ အဘိုး၊ အဘွားများအား ထားဝယ်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်အဖွဲ့များက ကျန်းမာရေးဆေးစစ်ကုသပေးသည်။

သက်ကြီးပူဇော်ပွဲသို့ မတက်ရောက်နိုင်သော အဘိုး၊ အဘွား ၂၆၅ ဦးအား တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်မည်ဖြစ်ပြီး ကန်တော့လက်ဆောင်ပစ္စည်းတန်ဖိုးမှာ ကျပ် ၉၅၃၂၅၀၀ ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဇီဝိတဒါန ငှက်နှင့် ငါးလွှတ်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၇**

မြန်မာနှစ်ဆန်း ၁ ရက်နေ့အခါသမယတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရကကြီးမှူး၍ ဇီဝိတဒါန ငှက်နှင့် ငါးလွှတ်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် မဟာဇေယျ အတုလမာရဇိန် ကြေးသွန်းဘုရားကြီးဝင်းအတွင်း မဟာမင်္ဂလာကန်တော်၌ ကျင်းပသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသော လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့်အတူ တိုင်းဒေသကြီးအဆင့် လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် တိုင်းဒေသကြီးအဆင့် လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြေးသွန်းဘုရားကြီးအား အမွှေးနံ့သာများဖြင့် ပူဇော်သည်။ ယင်းနောက် ဇီဝိတဒါန ငှက်နှင့် ငါးလွှတ်ပွဲကိုကျင်းပရာ အခမ်းအနားမှူးက ဆုတောင်းမေတ္တာပို့သမှုဂါထာဖြင့် ရွတ်ဆိုဆုတောင်းမေတ္တာပို့သပြီး ဝန်ကြီးများက ငါးနှင့် ငှက်များကို လွှတ်ပေးကြသည်။

ထို့နောက် ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဗဟန်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ စုပေါင်းငါးလွှတ်ကြသည်။ ယနေ့ဇီဝိတဒါန ငှက်နှင့် ငါးလွှတ်ပွဲတွင် ငါးကောင်ရေ ၅၀၀၀ နှင့် ငှက်အကောင် ၂၀၀ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ဇီဝိတဒါန ငါးလွှတ်

**မကွေး ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက် ၈ နာရီက မကွေးမြို့ဧရာဝတီမြစ်ကမ်း ညောင်ကိုးပင်ဆိပ်တွင် ဇီဝိတဒါန ငါးလွှတ်ပွဲကို ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဒုဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ ပြည်သူများက ဧရာဝတီမြစ်အတွင်း ငါးသားပေါက်များလွှတ်ပေးခြင်းဖြင့် ဇီဝိတဒါနကုသိုလ်ရယူခဲ့ကြကြောင်းနှင့် နံနက် ၉ နာရီတွင် မကွေးမြို့ ဖန်ခါးမြေ ဘိုးဘွားရိပ်သာသက်ကြီးပူဇော်ပွဲ၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၆၆ ဦးအား ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ပုပ္ပားတောင်ကလပ်၌ ဘုရားဖူးလာသူများဖြင့် စည်ကား

**ကျောက်ပန်းတောင်း ဧပြီ ၁၇**

မြန်မာနှစ်ဆန်း ၁ ရက်နေ့ (ဧပြီ ၁၇ ရက်)တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်သို့ ဘုရားဖူးလာရောက်ကြသည့် ဧည့်သည်များ များပြားလျက်ရှိကြောင်း တောင်ကလပ်ဂေါပကအဖွဲ့ဝင် ဦးဝင်းလှိုင်က ပြောပြသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့ရောက်တိုင်း ပုပ္ပားတောင်ကလပ်ကို ရောက်ဖြစ်ပါတယ်။ အပြန် စကားဝါပုလင်း၊ စကားဝါပန်းဝယ်ယူလေ့ရှိသလို ပုပ္ပားတောင်မကြီးဒေသထွက် ဆေးမြစ်၊ ဆေးဥ၊ တိုင်းရင်းဆေးပုလင်းများကိုလည်း ဆွေမျိုးများအား လက်ဆောင်ပေးဖို့ဝယ်ယူလေ့ရှိကြောင်း နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာမှ ကိုဇော်ဝင်းနိုင်က ပြောသည်။

ပုပ္ပားတောင်ကလပ်တွင် ပြည်တွင်းဘုရားဖူးများ စောင်းတန်းနှစ်တန်းလုံး ကျပ်နေရာ ဈေးရောင်းဈေးဝယ်များ ရောင်းဝယ်၍မရအောင် လူကျပ်နေကြောင်းနှင့် မျောက်စာရောင်းချသည့်ဈေးသည်များ နေ့ခင်းမရောက်ခင် ရောင်း၍ကုန်သွားကြောင်း မျောက်စာရောင်းချသည့်ဈေးသည်များက ပြောပြသည်။

အချို့သောအသက်ကြီးသူများ တောင်ပေါ်အထိမတက်ရောက်နိုင်ကြတော့ဘဲ စောင်းတန်းနှစ်ခုပေါင်းစုံသည့်နေရာအထိသာ တက်ရောက်နိုင်ကြကြောင်းနှင့် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဈေးရောင်းဈေးဝယ်၊ တောင်ကလပ်တက်ရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း ပုပ္ပားတောင်ကလပ်ဂေါပကအတွင်းရေးမှူး (ဘဏ္ဍာငွေထိန်းသိမ်းရေး) ဦးကျော်ဝင်းဆွေက ပြောပြသည်။

**ကိုထိန် (ငါ့သရောက်)**

# ဒီးမော့ဆိုမြို့နယ် ထီးပွင့်ကန်တော်နှင့် ငွေတောင်ဆည်တို့၌ လာရောက်လည်ပတ်သူများဖြင့် စည်ကား

**ဒီးမော့ဆို ဧပြီ ၁၇**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ အထင်ကရနေရာများဖြစ်သော သမိုင်းဝင် ထီးပွင့်ကန်တော်နှင့် ငွေ တောင်ဆည်တို့၌ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကိုတွေ့ရသည်။

လည်ပတ်အပန်းဖြေသူများသည် ဆင်အပျော်တမ်းစီးခြင်း၊ ရေကစားခြင်းတိုင်းရင်းသားရိုးရာပစ္စည်းများ၊ အစားအသောက်များ ဝယ်ယူစားသောက်ခြင်းနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းတို့ဖြင့် စည်ကားများပြားလျက်ရှိသည်ကိုတွေ့ရှိရသည်။

ထို့ပြင် မြို့နယ်အတွင်းရှိကန် ခုနစ်ဆင့်၊ ကွိုင်ငံရေထွက်ပေါက်စသည့်နေရာများတွင်လည်း ရေကစားသူများ၊ လည်ပတ်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။ **မြို့နယ်(ပြန်/ဆက်)**





# ပဲခူးမြို့မဇင်းတမံ၌ ရေကစားသူများဖြင့် စည်ကား

**ပဲခူး ဧပြီ ၁၇**
မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလ ပဲခူးမြို့မ ဇင်းရပ်ကွက် မဇင်းတမံ၌ ရေကစားသူများဖြင့်စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါတမံ၌ ရေကစားသူများ ဘေးအန္တရာယ်မဖြစ်စေရေး ပဲခူးမြို့အမှတ်(၂)စခန်းမှ စခန်းမှူး ရဲအုပ်ချစ်ကြည် ဦးဆောင်၍အင်အား ၁၀၀ ကျော်ဖြင့် လည်းကောင်း၊ ပဲခူးမြို့ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များက လည်းကောင်း တာဝန်ယူဆောင်ရွက်ပေးနေသည်။ **ဟိန်းထက်(ပဲခူး)**

# ကန့်ဘလူမြို့နယ် ကင်းတပ်ဆည်သို့ လာရောက်အပန်းဖြေရေကစားကြသူများဖြင့်စည်ကား

**ကန့်ဘလူ ဧပြီ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် သင်္ကြန်ကာလ ရုံးပိတ်ရက်ရှည် အားလပ်ရက်များတွင် မိသားစုအလိုက်လည်းကောင်း၊ သူငယ်ချင်းများစုပေါင်း၍လည်းကောင်း ကင်းတပ်ဆည်သို့အနယ်နယ် အရပ်ရပ်မှအပန်းဖြေအနားယူရင်း ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ကင်းတပ်ဆည်အတွင်း ရေကစားကြသူများ အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အန္တရာယ်ရှိသောတားမြစ်နယ်မြေ(ရေနက်သည့်နေရာ)၊ ရေတံခါးထိန်းချုပ်ရေးစက်ခန်းများသို့ သွားရောက်ခြင်း မရှိစေရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

“ဟိုအရင်နှစ်တွေက ရေဆင်းချိုးရင်း ရေနစ်သေဆုံးမှုများရှိခဲ့ပါတယ်။ ယမန်နှစ်ကတော့ လူသေဆုံးမှု မရှိပါဘူး။ ရေဆင်းချိုးကြသူတွေ သတိပြုမိစေရန် ရေနက်သည့်နေရာကို ကြိုးချည်ပြီး ပြသထားပါတယ်။ ကျွန်တော်တို့ကလည်းအနီးကပ်ကြီးကြပ်စောင့်ကြည့်ပေးနေပါတယ်”ဟု ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကင်းတပ်ဆည်သို့ လာရောက်အပန်းဖြေ အနားယူကြသူများ စားသုံးနိုင်ရန် ထမင်းဆိုင်များလည်းရှိသည်။ သင်္ကြန်ကာလအတွင်းသာ လာရောက်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# မြိတ်ကျွန်းစုရှိ စမတ်ကျွန်းနှင့် လေးကျွန်းတို့တွင် လာရောက်လည်ပတ်သူ ယခင်နှစ်ကထက်ပိုမိုများပြား

**မြိတ် ဧပြီ ၁၇**
မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလတွင် မြိတ်ကျွန်းစုရှိ သဘာဝအလှတရားများဖြင့် သာယာလှပသည့် ကျွန်းများသို့ အနယ်နယ် အရပ်ရပ်မှ သင်္ကြန်ချစ်သူပြည်သူများ လေယာဉ်၊ ကားကြီး၊ ကားငယ်များဖြင့် မြိတ်မြို့သို့ လာရောက်ကြပြီး ကျွန်းအပန်းဖြေခရီးသွား သင်္ကြန်အဖြစ် စမတ်ကျွန်းနှင့် လေးကျွန်းတို့တွင် လာရောက်လည်ပတ်သူများပြားခဲ့ကြောင်း သိရသည်။

သင်္ကြန်ကာလ ကျွန်းအပန်းဖြေခရီးအဖြစ် လာရောက်အပန်းဖြေခဲ့ကြသည့်အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်သူပြည်သူများအား သင်္ကြန်အတက်နေ့တွင် မြိတ်ကျွန်းစု ကျွန်းအပန်းဖြေခရီးသွားလုပ်ငန်းများမှ စပိဘုတ်အစီးရေ ၃၀ ဖြင့် ခရီးသွားဧည့်သည်များ သွားရောက်လိုသည့် ကျွန်းများကို ပို့ဆောင်ပေးခဲ့ကြပြီး တစ်ကျွန်းခရီးစဉ်အဖြစ် အမြန်ရေယာဉ်အကြီး လူ ၂၀၀ ခန့်ဆံ့ အဲကွန်း၊ စပိဘုတ်ဖြင့် တစ်ကျွန်း တစ်စီးစီဖြင့် စမတ်ကျွန်းခရီးစဉ်နှင့် လေးကျွန်းခရီး ခရီးစဉ်အဖြစ် ပြေးဆွဲပေးခဲ့သည်။

စပိဘုတ်များ၌ ဝန်ပိုမတင်ရေး၊ အသက်ကယ်အင်္ကျီနှင့် ဆေးသေတ္တာများ ယူဆောင်ရေးတို့ကို ခရီးသွားရေယာဉ်များမှ အဓိကထားဆောင်ရွက်ခဲ့ကြပြီး စပိဘုတ်များ တစ်စီးပြီးတစ်စီး ခရီးသွား ဧည့်သည်များကို တင်ဆောင်၍ မြိတ် ဆိပ်ကမ်းမှ အပန်းဖြေမည့် ကျွန်းများသို့ ပို့ဆောင်ထွက်ခွာခဲ့ကြရာ ခရီးသွားဧည့်သည်များ မြိတ်ဆိပ်ကမ်းမှ လှေပေါ်တက်ဆင်းအန္တရာယ်ကင်းရှင်းအောင် ခရီးသွား စပိဘုတ်များ ကြီးကြပ်ရေးကော်မတီမှ စနစ်တကျ စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

သင်္ကြန်ကာလအတွင်း ကျွန်းအပန်းဖြေခရီး လာရောက်ကြသော သင်္ကြန်ချစ်သူပြည်သူများအား ဘေးကင်းလုံခြုံစိတ်ချစွာ လာရောက်လည်ပတ်အပန်းဖြေနိုင်ရေးအတွက် ခရီးသွားလုပ်ငန်းများမှ ဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ခရီးသွားဧည့်သည်များ အသက်ကယ်အင်္ကျီဝတ်ဆင်ရေး၊ ခရီးစဉ်တစ်လျှောက် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပင်လယ်အတွင်းနှင့်အများပြည်သူ လာရောက်လည်ပတ်အပန်းဖြေမည့် ကျွန်းများ၊ သဲသောင်တွင်လည်း အမှိုက်များမပစ်ချရေးနှင့် အမှိုက်ပုံးတွင်သာ စွန့်ပစ်ရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။



သင်္ကြန်ကာလတွင် လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များသည် ယခင်နှစ်ကထက် ပိုမိုများပြားလာကြပြီး သင်္ကြန်မတိုင်မီကပင် ကြိုတင်မှာယူမှု များပြားခဲ့ကြောင်း၊ သင်္ကြန်ကာလအတွင်း နေ့စဉ်ကျွန်းများသို့ သွားရောက်လည်ပတ်သူ ခရီးသွားဧည့်သည် ၁၀၀၀ ကျော်ရှိပြီး သင်္ကြန်အကျနေ့တွင် ပိုမိုများပြားခဲ့ကြောင်း မြိတ်ခရိုင်ခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြိတ်ကျွန်းစုတွင် ကျွန်းအပန်းဖြေခရီးသွားရောက်နိုင်သည့် ကျွန်းများမှာ လေးကျွန်း၊ ဒုံးကျွန်း၊ ဒုံးရေတံခွန်၊ နတ်သမီးရေတွင်းကျွန်း၊ စမတ်ကျွန်း၊ တောင်ပံကြီးကျွန်း၊ လိပ်ဥစောင်ကျွန်း၊ ကြယ်လိပ်ကျွန်း၊ ဓနသိဒ္ဓိကျွန်း၊ သဲနက်တန်း(နှစ်ဖက်လှ)ကျွန်း၊ ဒုံးညောင်မှိုင်းကျွန်းစသော ကျွန်းများရှိရာ သင်္ကြန်ကာလတွင် ကျွန်းအပန်းဖြေခရီးသွား သင်္ကြန်အဖြစ် နွှဲပျော်ကြမည့် သင်္ကြန်ချစ်သူပြည်သူများ စမတ်ကျွန်းနှင့် လေးကျွန်းခရီးစဉ်ကို ပိုမိုသွားရောက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (မြိတ်ပြန်/ဆက်)**



# ရှမ်းရိုးရာဓလေ့ နှစ်ဦးသဲပုံစေတီ ပူဇော်ပွဲ တွံတေး၌ကျင်းပ

**တွံတေး ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့၏ ကျက်သရေဆောင် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ဆံကေသာ ဓာတုရွှေဆံတော် စေတီတော်မြတ်ကြီး၏အရှေ့ဘက် ရင်ပြင်ထက်၌ ၄၅၄ ကြိမ်မြောက် ရှမ်းရိုးရာဓလေ့ နှစ်ဦးသဲပုံစေတီ တည်ထားပူဇော်ပွဲကို ဧပြီ ၁၇ ရက် (မြန်မာ့နှစ်ဆန်း ၁ ရက်)နေ့နံနက် ၅နာရီမှ စတင် ကျင်းပခဲ့သည်။

သဲပုံစေတီပူဇော်ပွဲအတွက် နံနက် ၅ နာရီမှ စတင်၍ လုပ်အားဒါနပြုသူများ သဲများသယ်ဆောင်ပြီး ရှမ်းလေးရွာဖြစ်သည့် ရှမ်းစုကြီး၊ ညောင်တံခါး၊ ငါးခုမ်းမစမ်း၊ မူးလမန်း ကျေးရွာများက ဦးဆောင်၍ နှစ်ဦးသဲပုံစေတီတည်ထား ပူဇော်ခဲ့ကြသည်။ ရှမ်းရိုးရာဓလေ့ နှစ်ဦးသဲပုံစေတီ ပူဇော်ပွဲကို အဆိုပါ ရှမ်းလေးရွာက ဦးဆောင်၍ နှစ်စဉ် ကျင်းပရာ ယခုနှစ်တွင် ရာဇမတ်ကို ညောင်တံခါးကျေးရွာ၊ စေတီဖိနပ်တော်ခွေ ငါးခွေကို ရှမ်းစုကြီးကျေးရွာ၊ ခေါင်းလောင်းပုံနှင့် ငှက်ပျောဖူးကို မူးလမန်းကျေးရွာ၊ ထီးတော်နှင့်စိန်ဖူးတော်ကို ငါးခုမ်းမစမ်းကျေးရွာ တို့က ပြုလုပ်ကြပြီး စေတီတည်ထားကြောင်းနှင့်အစိတ်အပိုင်းများကိုကျေးရွာလေးရွာက အလှည့်ကျ သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ကျရကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရှမ်းလေးရွာ၏ ရိုးရာမပျက် နှစ်ဦးသဲပုံစေတီတော် ပူဇော်ပွဲသည် ၄၅၄ ကြိမ်မြောက်ရှိပြီး ရိုးရာဓလေ့ ၊ ရှမ်းဘာသာစကား ၊ ယဉ်ကျေးမှုများ မပပျောက်ရေးအတွက် ယနေ့လူငယ်များအား ရှမ်းဓမ္မာရုံသစ်တွင် ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့(တွံတေး)က လက်ဆင့်ကမ်း အမွေအနှစ်များ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# မူဆယ်မြို့ မူဆယ်ချောင်းသာတွင် လာရောက်ရေကစားသူများဖြင့် စည်ကား

**မူဆယ် ဧပြီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ မူဆယ်ချောင်းသာတွင် သင်္ကြန်ကာလ လာရောက်အပန်းဖြေသူများနှင့် ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

"ကျွန်မတို့က ကွတ်ခိုင်မြို့ကနေ အဖွဲ့လိုက်လာလည်ကြတာပါ။ မူဆယ်ချောင်းသာဆိုတာ သူငယ်ချင်းတွေက ခဏခဏပြောလို့ လာလည်ချင်လွန်းလို့ သူငယ်ချင်းတွေစုပြီးတော့ ဒီနေ့သင်္ကြန်အတက်နေ့ကို လာလည်ဖြစ်တာပါ။ သူငယ်ချင်းတွေပြောသလိုပါပဲ အလွန်လည်း ပျော်စရာကောင်းပါတယ်။ နောက်လည်းလာလည်ပါဦးမယ်"ဟု ကွတ်ခိုင်မြို့မှ အဖွဲ့လိုက်လာလည်သူတစ်ဦးက ပြောကြားသည်။

သင်္ကြန်ပိတ်ရက်တွင် မူဆယ်ချောင်းသာသို့ ဒေသပေါင်းစုံမှ လူမျိုးပေါင်းစုံ လာရောက်အပန်းဖြေခြင်းနှင့် လာရောက်ရေကစားခြင်းများဖြင့် စည်ကားလျက်ရှိပြီး ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဘေးအန္တရာယ်မဖြစ်စေရန် လုံခြုံရေးကို တာဝန်ယူဆောင်ရွက်ထားကြောင်း သိရသည်။

မူဆယ်ချောင်းသာသို့ လာရောက်လည်ပတ်သူများထဲတွင် တရုတ်နိုင်ငံသားတချို့လည်းပါဝင်ပြီး ရေကစားခြင်း၊ ဂိမ်းကစားခြင်း၊ အပန်းဖြေအနားယူခြင်းများဖြင့် စည်ကားနေသည်။ မူဆယ်ချောင်းသာသည် နှစ်စဉ်နှစ်တိုင်း သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ လာရောက်အပန်းဖြေသူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဗန်ရိုးထန်(မြန်/ဆက်)**





# မဟာသင်္ကြန်ကာလ ငပလီကမ်းခြေတွင် ရေကစားသူများဖြင့် စည်ကား

**သံတွဲ ဧပြီ ၁၇**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်များမရှိသော်လည်း ငပလီကမ်းခြေတွင် ကြည်လင်အေးမြလျက်ရှိသည့် ပြာလဲ့လဲ့ပင်လယ်ရေပြင်ထဲတွင် မဟာသင်္ကြန်ကာလ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေ ရေကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရခိုင်ရိုးရာယဉ်ကျေးမှု အစဉ်အလာဖြစ်သည့် ဘုရားရေသပ္ပာယ်ခြင်း၊ သင်္ကြန်ကြိုပူဇော်ပွဲများ ပြုလုပ်ခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းတို့ကို ကျေးရွာ၊ ရပ်ကွက်များအလိုက် အေးချမ်းပျော်ရွှင်စွာ ကျွေးမွေးကျင်းပလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(ခရိုင်ပြန်/ဆက်)**

# ရေးမြို့ ကျောင်းရွာကျေးရွာ (ချောင်းသာယာ) နှင့် ချောင်းနှစ်ခွသို့ လာရောက်အပန်းဖြေသူများဖြင့် စည်ကား

**ရေး ဧပြီ ၁၇**

မွန်ပြည်နယ် ရေးမြို့နယ် ချောင်းသာယာ နွေရာသီအပန်းဖြေစခန်းနှင့် ရေးမြစ်နှင့် မင်းလှချောင်းဆုံရာဒေသ ချောင်းနှစ်ခွရေလယ်စေတီတော်တို့တွင် သင်္ကြန်ရုံးပိတ်ရက်များအတွင်း အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ချောင်းသာယာ အပန်းဖြေစခန်းသို့ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များသည် ရေးမြစ်နှင့် မင်းလှချောင်းဆုံရာဒေသ ချောင်းနှစ်ခွရေလယ်စေတီတော်သို့ လှေဖြင့် သွားရောက်ဖူးမြော်ကြပြီး ချောင်းသာယာအပန်းဖြေစခန်း၌ ရေစိမ်ခြင်း၊ ရေချိုးခြင်း၊ ရေကစားခြင်း၊ ရေချို၏အေးချမ်းခြင်းအရသာကို ခံစားပြီးနောက် မြစ်ကမ်းအနီးရောင်းချသော စားသောက်ဆိုင်များတွင် မိမိစိတ်တိုင်းကျ အစားအစာများ စားသောက်ကာ မိသားစုအလိုက်၊ ခရီးသွားအဖွဲ့လိုက် အေးချမ်းစွာ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

မိသားစုဖြင့် လာရောက်အပန်းဖြေသော ဦးစိုးမောင်က "တောတောင်သဘာဝအရင်းအမြစ်မှရရှိသည့် ချောင်းသာယာအပန်းဖြေစခန်းရေချို၏အရသာကို ရေစိမ်ပြီး ရယူခဲ့တာ စိတ်အေးချမ်းသလို ချောင်းနှစ်ခွခြေရင်း မင်းလှချောင်းမှ စီးဆင်းလာသော ချောင်းရေကို ဆေးရေအဖြစ် အသုံးပြုရသည်ကို စိတ်ပျော်ရွှင်မှုအရသာကို အမှတ်တရ ဖြစ်စေပြီး မိသားစုနှင့်လာရကျိုးနပ်ကြောင်း၊ တောတောင်သဘာဝ၏ အေးချမ်းခြင်းကို ကြိုက်နှစ်သက်သူများ၊ မရောက်ဖူးသေးသည့် မိတ်ဆွေများ လာရောက်အပန်းဖြေရင်း ဘုရားဖူးလာရောက်ကြရန် ဖိတ်ခေါ်လိုကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ ဂေါ်ရန်ဂျီကျွန်းရှိ လိပ်ချိုင်ကမ်းခြေတွင် မဟာသင်္ကြန်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ အပန်းဖြေသူများဖြင့် စည်ကားလျက်ကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**



# လာမယ့်လအတွင်း အဲရစ်နမ်ရဲ့ တေးသီချင်းသစ် ထုတ်လွှင့်မည်



ကေပေါ့ပ်တေးသံရှင် အဲရစ်နမ်ဟာ လာမယ့်မေလအတွင်းမှာတော့ တေးသီချင်းသစ် ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ စွန်ပီဒြေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၁၇ ရက်မှာ တောင်ကိုရီးယားမီဒီယာတစ်ခုက အဲရစ်နမ်ဟာ တေးသီချင်းသစ်တစ်ပုဒ်ကို ဖန်တီးနေပြီး အဆိုပါတေးသီချင်းကို လာမယ့် မေ ၈ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ အဲဒီနောက် ပေ့ါပ်ကြယ်ပွင့်၏ တရားဝင်လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်သည့် တွစ်တာစာမျက်နှာပေါ်မှာ အဆိုပါသတင်းသည် မှန်ကန်ကြောင်း အတည်ပြုရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဒီတေးသီချင်းသစ် ထုတ်လွှင့်မှုဟာ ပြီးခဲ့တဲ့ ခုနစ်လတာကာလအတွင်း အဲရစ်နမ်ရဲ့ပထမဆုံးတေးသီချင်းသစ် ထုတ်လွှင့်မှုလည်း ဖြစ်ပါတယ်။ သူဟာ “Miss You” တေးသီချင်းကို နောက်ဆုံးထုတ်လွှင့်ခဲ့ပြီးနောက် လက်ရှိအချိန်အထိ တေးသီချင်းသစ် ထုတ်လွှင့်ခဲ့ခြင်း မရှိသေးတာလည်း ဖြစ်ပါတယ်။

အဲရစ်နမ်ဟာ လတ်တလောမှာတော့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေ၊ နယ်လှည့်ဖျော်ဖြေပွဲတွေကိုလည်း ပြုလုပ်လျက်ရှိပါတယ်။ ယင်းပွဲတွေကိုတော့ ပြီးခဲ့တဲ့ မတ်လအတွင်း စတင်ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ထိုင်း၊ ဩစတြေးလျ၊ ဂျပန်နဲ့ အခြားသောနိုင်ငံတွေမှာ ပြုလုပ်ခဲ့ပြီး လာမယ့်ဇွန်လအတွင်းမှာတော့ ဥရောပ ၁၁ နိုင်ငံမှာ ပြုလုပ်သွားဖို့ စီစဉ်ထားကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# တစ်ကိုယ်တော်တေးသံရှင်အဖြစ် မြင်တွေ့ရတော့မယ့် ဟီးချော

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Super Junior”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟီးချောဟာ အဖွဲ့လိုက်အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်လာခဲ့ရာ အောင်မြင်မှုတွေ ရရှိခဲ့ပြီးနောက် လတ်တလောမှာတော့ ဂီတခရီးမှတ်တိုင်သစ်တစ်ခုအဖြစ် တစ်ကိုယ်တော်တေးသီချင်းနဲ့ ပွဲဦးထွက်လှုပ်ရှားတော့မှာဖြစ်ကြောင်း အောာကေပေ့ါပ်ဒြေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟီးချောရဲ့တစ်ကိုယ်တော်တေးသီချင်းကိုတော့ လာမယ့် ဧပြီ ၂၄ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာပါ။ “Old Movie” လို့ အမည်ရတဲ့ အဆိုပါတေးသီချင်းကိုတော့ ဟီးချောနဲ့တစ်ဖွဲ့တည်းဖြစ်တဲ့ ဒေါင်ဟီးက စပ်ဆိုထားတာဖြစ်ပါတယ်။ ယင်းတေးသီချင်းဟာ ရော့ခ်တေးဂီတအမျိုးအစားဖြစ်တယ်လို့လည်း သိရပါတယ်။

တစ်ကိုယ်တော်တေးသီချင်းအသစ်နဲ့အတူ ပွဲဦးထွက်ခဲ့တဲ့ ဟီးချောဟာ “Old Movie” ကို ထုတ်လွှင့်ခဲ့ပြီးနောက်မှာလည်း ပရိသတ်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်သွားဖို့ရာ စီစဉ်ထားတယ်လို့ သိရပါတယ်။ “HEETalk” လို့အမည်ပေးထားတဲ့ ဟီးချောရဲ့ပရိသတ်တွေနဲ့ စကားဝိုင်းကို လာမယ့် မေ ၄ ရက်၊ ၅ ရက်တွေမှာ ပြုလုပ်သွားမှာဖြစ်ပြီး ဒီတွေ့ဆုံပွဲမှာ “Old Movie” ကို ဖျော်ဖြေပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# Avengers ရုပ်ရှင်သစ် အွန်လိုင်းပေါ်မှာ ပျံ့နှံ့

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ “Avengers” ရဲ့ ရုပ်ရှင်သစ်ကို မကြာမီမှာ စတင်ပြသသွားတော့မှာဖြစ်ပါတယ်။ ဒီလို တရားဝင်ရုံတင်ပြသခြင်းမပြုမီ လတ်တလောမှာတော့



ရုပ်ရှင်သစ် “Avengers: Endgame” ကို အွန်လိုင်းပေါ်မှာ ပေါ်ထွက်လာခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလို အွန်လိုင်းပေါ် ပေါက်ကြားခဲ့တဲ့အတွက် ယင်းရုပ်ရှင်ရဲ့ဒါရိုက်တာတွေက သူတို့ရဲ့လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေ တစ်ဆင့် ပရိသတ်တွေကို ရှင်းလင်းပြောကြားခဲ့တာကိုလည်း တွေ့ရကြောင်း အီးအွန်လိုင်းဒြေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“Avengers: Endgame” အွန်လိုင်းပေါ်မှာ အခန်းများစွာ ပေါက်ကြားပေါ်ထွက်လာခဲ့ပြီးနောက်မှာတော့ ဒီရုပ်ရှင်သစ်ရဲ့ဒါရိုက်တာတွေဖြစ်ကြတဲ့ ဂျိုးရက်ဆိုနဲ့ အန်တိုနီရက်ဆိုတို့က တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ကြပါတယ်။ သူတို့က ဒီရုပ်ရှင်အတွက် အဖွဲ့သားတွေအားလုံး ပြီးခဲ့တဲ့ သုံးနှစ်တာကာလပတ်လုံး မမောနိုင်မပမ်းနိုင်ဖန်တီးခဲ့ကြတာဖြစ်ကြောင်း၊ အခြားသူတွေကြောင့် ရုပ်ရှင်ကို မဖျက်ဆီးစေလိုကြောင်း ဦးစွာထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ရုပ်ရှင်ဒါရိုက်တာတွေက ရေးသားဖော်ပြခဲ့ပြီးနောက်မှာတော့ အဆိုပါရုပ်ရှင်ရဲ့အဓိကဇာတ်ဆောင် လူစွမ်းကောင်းတွေဖြစ်ကြတဲ့ ဘလက်ခ်ပန်သာ၊ ကပ္ပတိန် အမေရိက၊ ကပ္ပတိန်မာဘယ်လ်တို့ကလည်း ဒါရိုက်တာတွေရဲ့ ရေးသားဖော်ပြချက်တွေကို သူတို့ရဲ့လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ တစ်ဆင့် ပြန်လည်မျှဝေခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

“Avengers” ဇာတ်လမ်းတွဲတွေရဲ့နောက်ဆုံးသော ရုပ်ရှင်လည်းဖြစ်တဲ့ “Avengers: Endgame” ကိုတော့ လာမယ့် ဧပြီ ၂၆ ရက်မှာ စတင်ပြသသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ဇာတ်လမ်းတွဲသစ်မှာ ဆောင်းဆန်ဟွန်းနဲ့ လီဆန်းဘင်းတို့ တွဲဖက်ပါဝင်မည်



ဧပြီ ၁၇ ရက်မှာတော့ တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆောင်းဆန်ဟွန်းဟာ မင်းသမီး လီဆန်းဘင်းနဲ့တွဲဖက်ကာ ရုပ်သံဇာတ်လမ်းတွဲအသစ်မှာ ခေါင်းဆောင်အဖြစ်ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒြေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

tvN ရုပ်သံလိုင်းက တာဝန်ယူရိုက်ကူးသွားမယ့် အဆိုပါဇာတ်လမ်းတွဲကိုတော့ “The Great Show” လို့ ယာယီအမည်ပေးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲမှာ ဆောင်းဆန်ဟွန်းဟာ ဝီဒယ်ဟန် ဇာတ်ကောင်နေရာကနေ ပါဝင်သွားမှာဖြစ်ပြီး သူ့ကို နိုင်ငံရေးသမားတစ်ဦးအဖြစ် တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ဝီဒယ်ဟန်ဟာ နိုင်ငံရေးသမားကောင်းတစ်ဦးဖြစ်ပြီး ရုပ်ရည်ချောမောခန့်ညားကာ ဉာဏ်ကောင်းသူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် သူဟာ လူ့အသိုင်းအဝိုင်းအတွင်း တရားမျှတမှုကို ထူထောင်လိုသူတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် တစ်နေ့မှာတော့ အသက် ၁၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ သူ့ရဲ့သမီးဖြစ်သူဟာ မိသားစုတွေနဲ့အတူ ပေါ်လာခဲ့ပြီး အဲဒီဖြစ်ရပ်ကြောင့် သူ့ရဲ့နိုင်ငံရေးသမားဘဝဟာ ရှုံးနိမ့်မှုတွေနဲ့ အဆုံးသတ်ခဲ့ရတာ ဖြစ်ပါတယ်။

လီဆန်းဘင်းပါဝင်ထားတဲ့ ဇာတ်ကောင် ဂျန်ဆိုးယွန်ကတော့ တက္ကသိုလ်မှာ ဝီဒယ်ဟန်ရဲ့ ဂျူနီယာတစ်ဦးဖြစ်ပါတယ်။ သူဟာ ရုပ်သံအစီအစဉ်ရေးသူတစ်ဦးလည်းဖြစ်ပြီး ဝီဒယ်ဟန်ရဲ့ အိမ်ရှေ့ကို ပြောင်းရွှေ့နေထိုင်ခဲ့ပြီးနောက် သူ့ရဲ့ဘဝဟာ ယခင်ကနဲ့ ဆန့်ကျင်ဘက်ပြောင်းလဲခဲ့တာလည်း ဖြစ်ပါတယ်။

“The Great Show” ကိုတော့ ယခုနှစ် ဒုတိယနှစ်ဝက်ပိုင်းမှာ စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားပြီး လတ်တလောမှာတော့ အခြားသော ဇာတ်ကောင်နေရာတွေအတွက်လည်း ဆွေးနွေးမှုတွေ ပြုလုပ်နေတာဖြစ်တယ်လို့ သိရပါတယ်။



# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ဘယ်လိုနိုင်ငံတော်မျိုး ဘယ်လိုပြည်ထောင်စုမျိုး ထားရစ်ခဲ့ကြမှာလဲနှင့် ခေတ်ပုံရိပ်အတွေးစာစုများ



စာရေးဆရာ ခင်မောင်ငွေး(ပညာရေး)စီစဉ်ရေးသားသည့် ဘယ်လိုနိုင်ငံတော်မျိုး ဘယ်လိုပြည်ထောင်စုမျိုး ထားရစ်ခဲ့ကြမှာလဲနှင့် ခေတ်ပုံရိပ်အတွေးစာစုများ စာအုပ်ထွက်ရှိလာသည်။

ယနေ့ကဲ့သို့ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေချိန်တွင် ကျွန်ုပ်တို့၏ မျိုးဆက်သစ်လူငယ်များအပေါ် ကျရောက်လာသည့် ပခုံးပြောင်းတာဝန်မှာ နောင်အနာဂတ်တွင် မည်ကဲ့သို့သော နိုင်ငံတော်မျိုး၊ ပြည်ထောင်စုမျိုး ထားရစ်ခဲ့ကြရမည်မှာ အမှန်တကယ်စိန်ခေါ်မှုများ ဖြစ်နေလေပြီ။ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် လိုအပ်သော စိတ်နေသဘောထား၊ ပြောင်းလဲရမည့်အမူအကျင့်၊ ထူထောင်ရမည့်စနစ်တို့ကို တင်ပြထားရာ အသွင်ကူးပြောင်းရေးကာလ ဖြတ်သန်းနေစဉ်တွင် သဲတစ်ပွင့်မြေတစ်မှုန့်အသွင်ပင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ရေးသားထားသဖြင့် ယနေ့ခေတ်လူငယ်များ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ် (H)၊ (၁၂)လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။**

## အသေးစားငွေရေးကြေးရေးလုပ်ငန်း (Microfinance)အား စနစ်တကျ စီမံခန့်ခွဲခြင်း




Nလွင် စီစဉ်ရေးသားသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း (Microfinance)အား စနစ်တကျ စီမံခန့်ခွဲခြင်းစာအုပ်ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် အခြေခံသဘောတရားများ၊ နည်းစနစ်များ၊ လုပ်ငန်းအဖွဲ့အစည်းများ၊ ရည်ရွယ်ချက်နှင့် ဥပဒေသများစသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာများ၊ အခြေခံတာဝန်များ၊ လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းနှင့် အကျိုးရလဒ်၊ ပြန်လည်လေ့လာခြင်း၊ ဝန်ဆောင်မှုများအား စီမံခန့်ခွဲခြင်း၊ ထည့်သွင်းစဉ်းစားရမည့် အချက်များ၊ ငွေကြေးပမာဏ၊ သက်တမ်း၊ အတိုးနှုန်း၊ ပြန်လည်ပေးဆပ်ရမည့်ပုံစံ၊ စုဆောင်းငွေစီမံခန့်ခွဲခြင်း၊ လုပ်ငန်းနယ်ပယ်၊ ပြန်လည်ကောက်ခံမှုနှင့် အခြားသောငွေကြေးဆိုင်ရာ စီမံခန့်ခွဲခြင်းများကို အသင်းသားများ၏ စွမ်းဆောင်ရည်နှင့် တိုးတက်မှုများအား သုံးသပ်ခြင်းတို့နှင့်အတူ အခန်းနှစ်ခန်းဖြင့် ဖွဲ့စည်းထားပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာများကို အသေးစိတ်ပြုစုရေးသားထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။ **စာအုပ်ကို ထက်ထက်အောင်စာပေ၊ အမှတ်-၁၃၉၊ ဗဟိုလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၀၉၅၃၃၈နှင့် ၀၉ ၄၄၉၀၀၁၈၂၂တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။**


## ဆန်းဆန်းတင့်မေမေ



မိဘများကိုရည်ရွယ်၍ စာရေးသူကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များကို မေ(ပညာရေး)စီစဉ်ရေးသားသည့်ဆန်းဆန်းတင့်မေမေ စာအုပ်ထွက်ရှိလာသည်။

ကလေးဆိုတာ တီဗွီကြည့်ရင်းနှင့်မင်းသား၊ မင်းသမီးများအိုက်တင်ကို လိုက်လုပ်တတ်ကြပြီး ကြည့်ရင်းနှင့်အားကျနေကြသည်။ ထို့ကြောင့် သူ့ကို တစ်ရက်လောက်မကဘဲ သူငယ်ချင်းတွေကတာကို ထိုင်ကြည့်ခိုင်းသည်။ အကြောက်တရားကြီးစိုးပြီး အုပ်ချုပ်ခံရသည့် မိသားစုတစ်စုတွင် အနည်းနှင့်အများ စိတ်ခံစားချက်တွေက ပြည့်နှက်နေမည်သာဖြစ်သည်။ ကျွန်မပြဿနာ လာရှာတာမဟုတ်ပါဘူး။ ကျွန်မရဲ့သားလို အခြားကလေးတွေ ဖြစ်မှာစိုးလို့ လာသတိပေးတာပါ။ အမေကြီးကို ကူရောင်းပေးချင်တာ။ သမီးကကျောင်းတွေတက်ပြီး အမေကြီး ကဈေးထဲမှာ တစ်ယောက်တည်း ဈေးရောင်းနေတာကိုသနားလို့။ ကလေး၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့ မိဘများ၏ မှန်ကန်တဲ့ပဲ့ကိုင်ပေးမှုက အလွန်ပင်အရေးပါကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။ **စာအုပ်ကို ဒေါ်ချိုရည်မွန် အမှတ်-၆၃၊ မောင်းမကန်သာလမ်း၊ ၁၈(က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၉ ၉၅၃၄၇၃၂၂၉မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**

## ဘဝရှုခင်း အလင်းလက္ခဏာ အမှတ်(၂)



ဆရာချမ်းမင်း(LL.B) စီစဉ်ရေးသားသည့် ဘဝရှုခင်း အလင်းလက္ခဏာ အမှတ်(၂)စာအုပ်ထွက်ရှိလာသည်။

သတ္တဝါဟုဆိုရာတွင် အသိဉာဏ်အရှိဆုံးနှင့် အမြင့်မြတ်ဆုံးဖြစ်သော လူတို့၏ကံကြမ္မာကို ညွှန်းဆိုခြင်းဖြစ်သည်။ လူသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ကာလသုံးပါးကိုဖြတ်သန်းရာတွင် ဖြစ်ခြင်း၊ ပျက်ခြင်းဟူသည့် တရားသည် အရိပ်သဖွယ်လိုက်ပါလျက်ရှိရာ ထိုကံသုံးပါးကိုမှီ၍ဖြစ်တည်လာခြင်းဖြစ်သည်။ လက္ခဏာပညာသည် လူတစ်ဦး တစ်ယောက်၏ ကံသုံးပါးအမူအရာကိုလည်းကောင်း၊ ထိုကံသုံးပါးအမူအရာကြောင့် ပေါ်ပေါက်လာသော ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်၊ အလျော့အတင်းတို့ကိုလည်းကောင်း၊ သိမြင်နိုင်ရန် ခွဲခြားစိတ်ဖြာဆန်းစစ်လေ့လာသော ပညာဖြစ်သည်။ လက္ခဏာဝါသနာရှင်များ အနေဖြင့် လက္ခဏာပညာရပ်ကို မလေ့လာမီလက္ခဏာပညာ၏ တရားကိုယ်သဘောကို ကျေညက်စွာသိရှိထားရန် လိုအပ် သည်။ **စာအုပ်ကို နန်းဒေဝီစာပေ၊ အမှတ်- ၂၀၀(ပထမထပ်)၊ ၃၆-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁ ၃၈၃၀၂၅နှင့် ၀၁ ၃၉၁၆၃၃တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။**

## သစ္စာမေတ္တာပုံပြင်စာ ကလေးပုံပြင်များ





ကလေးသူငယ်များ စာပေဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ စာရေးသူ သီဟဇော်(မြစ်ဝကျွန်းပေါ်) စီစဉ်ရေးသားသည့် သစ္စာမေတ္တာပုံပြင်စာ ကလေးပုံပြင်များစာအုပ် ထွက်ရှိလာသည်။

မေတ္တာရွာသည် အေးချမ်းသာယာမှုနှင့်ပြည့်စုံပြီး မေတ္တာတို့ဖြင့် လွှမ်းခြုံလျက်ရှိသည်။ သစ္စာတရားတို့ထွန်းကားရာအရပ်ဖြစ်သကဲ့သို့ တရားကိုစောင့်သိသောနေရာဖြစ်သည်။ ထိုအရပ်သည် ရိုးသားဖြောင့်မတ်သူများ နေထိုင်ကြသည်။ ထို့အတွက် မေတ္တာရွာနှင့် ဆက်နွှယ်လျက် သစ္စာမေတ္တာပုံစာများဖြစ်ပေါ်ခဲ့သည်။ စာရေးသူက မေတ္တာရွာမှ မြန်မာ့ရိုးရာပုံပြင်ကိုးပုဒ်ကို ကလေးသူငယ်များ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ရေးသားထားသဖြင့် ကလေးသူငယ်များ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့ဆိုင်အမှတ် (H)၊ (၁၂)လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။**


## ဟိုမိုဖာဘာ




ရွှေမြအောင် ဂျာမန်ဘာသာမှ မြန်မာဘာသာသို့တိုက်ရိုက်ပြန်ဆိုထားသည့် ဟိုမိုဖာဘာ စာအုပ်ထွက်ရှိလာသည်။

သင်ယူတတ်မြောက်ထားသည့်နည်းပညာရှင်ပီပီ သူ့ဘဝကို ယုတ္တိဗေဒကျကျ၊ သိပ္ပံနည်းလမ်းကျကျ၊ သဘာဝကျကျ ဖြတ်သန်းနေရင်းက (သူကိုယ်တိုင်က လုံးဝ မသိလိုက်ရဘဲ) သူ့ဘဝတစ်ခုလုံး ပြန်လည်၍အဖတ်ဆယ်၍ မရတော့လောက်အောင် ပျက်စီးသွားပြီး သူ၏သမီးပါ ရေတိမ်နစ်သွားရရှာသည့် ဖခင်တစ်ဦး၏ ကြေကွဲဆို့နင့်ဖွယ် ဇာတ်လမ်းကို ဘာသာပြန်ဆိုထားသည်။ ၂၁-ရာစု ဂျာမန်စာပေတွင် အရေးပါဆုံးစာရေးဆရာတစ်ဦးဖြစ် သည့် ဆွစ်လူမျိုး Max Frisch မက်စ်ဖရစ်ရှ်(၁၉၁၁-၁၉၉၁)၏ အကျော်ကြားဆုံးလက်ရာတစ်ခုဖြစ်သည်။ ဂျာမနီက အထက်တန်းအဆင့် စာသင်ကျောင်းများတွင်ပင် ပြဋ္ဌာန်းခံခဲ့ရသည့် စာအုပ်ဖြစ်သည်။ **စာအုပ်ကို ရွှေမြစာအုပ်တိုက်၊ အခန်း-၅၀၄၊ တိုက်-၃၊ အနောက်အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၇၂၉၁၄နှင့် ၀၉ ၄၃၀၈၃၁၁၂တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။**

## အတွေးနှင့်အရေး



ထိပ်တင်ဟိန်းစီစဉ်ရေးသားသည့် အတွေးနှင့် အရေးစာအုပ်ထွက်ရှိလာသည်။

အင်္ဂလိပ်သဒ္ဒါကို ကောင်းကောင်း နားလည်လာသောအခါ မြန်မာသဒ္ဒါ၏အရေးကြီးပုံကိုလည်းပို၍သိလာရသည်။ ထိုင်းစကားနှင့် ထိုင်းစာကို လေးလေးနက်နက်သဘောပေါက်လာသောအခါ မြန်မာစကားနှင့် မြန်မာစာကို ပို၍ မြတ်နိုးလာရသည်။ စကားနှင့်စာကို ချစ်လာသောအခါ တိုင်းပြည်နှင့် လူမျိုးအပေါ်တွင် သံယောဇဉ် တွယ်တာလာပါတော့သည်။ သံယောဇဉ်ဖြစ်လာသောအခါ စေတနာကောင်းများ အလိုလို ဖြစ်ပေါ်လာရသည်မှာ သဘာဝပင်ဖြစ်သည်။ ဤဆန္ဒမွန်များအပေါ် သန္ဓေတည်၍ အတွေးနှင့် အရေးကို မွေးဖွားလာခြင်းဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။ **စာအုပ်ကို ရွှေသစ္စာစာပေ၊ တိုက်-၄၇၂၊ အခန်း-၂၀၂၊ ရာဇာဓိရာဇ်အိမ်ရာ၊ ပုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၃၆၀၇၃၆နှင့် ၀၉-၃၁၀၃၉၈၅တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။**

## ပွဲအဖြေ ပြောင်းနိုင်သူများ



သူတစ်ပါးအပေါ်အကောင်းမြင်၍ အောင်မြင်မှုရရှိနိုင်စေရန် စာရေးသူကိုချမ်း စီစဉ်ရေးသားသည့် ပွဲအဖြေ ပြောင်းလဲနိုင်သူများစာအုပ် ထွက်ရှိလာသည်။

အောင်မြင်မှုအစစ်အမှန်ကို ရရှိလိုပါက မိမိဝါသနာပါရာ၊ ယုံကြည်ရာ အလုပ်တစ်ခုကိုရွေးချယ်ပြီး ယင်းအလုပ်တွင် အကျွမ်းကျင်ဆုံးဖြစ်အောင် ကြိုးစားကာ ထိုအလုပ်နှင့်ပတ်သက်သည့် တာဝန်များကို အကျေပွန်ဆုံးဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။ မိမိ၏ကျွမ်းကျင်မှု အရည်အသွေး၊ မိမိ၏ တီထွင်ဖန်တီးနိုင်မှုစွမ်းအားများနှင့်သာ အောင်မြင်မှုသည် ရေရှည်တွင် တည်တံ့မည်ဖြစ်သည်။ မိမိ၏အောင်မြင်မှုသည် သူတစ်ပါး၏ အောင်မြင်မှုကို အထောက်အကူဖြစ်စေခြင်းသည် အတိုင်းထက်အလွန် ဝမ်းသာပီတိဖြစ်ရကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။ **စာအုပ်ကို နန်းဒေဝီစာပေ၊ တိုက်- ၂၀၀၊ ဒုတိယထပ်၊ ၃၆-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၃၀၂၅နှင့် ၀၁ ၃၉၁၆၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။**

# မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများတွင် လည်ပတ်သူများဖြင့်စည်ကား

**မန္တလေး မေ ၁၇**
ယနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်နှင့် အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများနှင့် ရပ်ကွက်အတွင်း၌ စတုဒိသာကျွေးမွေးသူများဖြင့် နေရာတိုင်းတွင် စည်ကားလျက်ရှိသည်။

နံနက် ၅ နာရီခွဲတွင် မန္တလေးမဟာမုနိဘုရားကြီးအား ရေတော်တိုက် ဆရာတော်ကြီးက မျက်နှာသစ်တော် ရေကပ်လှူပြီး ဆွမ်း၊ပန်း၊ဆီးမီး၊သစ်သီး၊အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကြရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ ဒေသခံဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် မဟာမုနိဘုရားကြီးရှိ ငါးကန်၊ လိပ်ကန်များတွင် ကုသိုလ်ယူအစာကျွေးသူများ၊ ကြေးရုပ်ပြတိုက်၊ ကြေးစည်တော်ပြတိုက်၊ ကြေးမောင်းကြီး၊ မဟာမုနိကိုယ်စားရေတော်သပ္ပာယ်ရန် နေရာများနှင့် သမိုင်းပန်းချီပြတိုက်၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများပြခန်း၊ မဟာဗုဒ္ဓဝင်ပြခန်း၊ မဟာမုနိဘုရားကြီးမျက်နှာသစ်တော်ရေအတွက် သနပ်ခါးသွေးလှူ ကုသိုလ်ယူသူများနှင့် ဘုရားဖူးသူများ တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

“မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ မဟာမုနိဘုရားကြီးကို နံနက်စောစောထပြီး မိသားစုနဲ့အတူ ဘုရားလာဖူးတာပါ၊ ဘုရားဖူးပြီးရင် ဦးပိန်တံတားဘက်ကို ဆက်သွားမှာပါ၊ ခုလိုအခါကြီးရက်ကြီးမှာ မိသားစုနဲ့အတူ လျှောက်လည်ရတာ အလွန်ပျော်စရာကောင်းပါတယ်”ဟု မန္တလေးမြို့မှ ဘုရားဖူးပြည်သူတစ်ဦးက ပြောသည်။

အလားတူ ရပ်ကွက်များအတွင်း၌ စတုဒိသာကျွေးမွေးသူများ၊ သက်ကြီးပူဇော်ပွဲများ၊ ငါးလွှတ်ပွဲများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်စောင့်သူများဖြင့် ကုသိုလ်ယူသူများ၊ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သော အောင်တော်မူဘုရား၊ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ အိမ်တော်ရာဘုရား၊ စန္ဒာမုနိဘုရား၊ မဟာသကျသီဟဘုရား၊ ချမ်းသာကြီးဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ ပေါ်တော်မူဘုရားငါးဆူနှင့် အခြားတန်ခိုးကြီး ဘုရားများအပြင် အထင်ကရနေရာများဖြစ်သော ဦးပိန်တံတား၊ မန္တလေးတောင်တော်၊ ရန်ကင်းတောင်တော်၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ မြို့တော်ဥယျာဉ်၊ မနော်ရမ္မဥယျာဉ်အစရှိသောနေရာများတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများ၊ ဒေသခံများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။



**သန်းဇော်မင်း(ပြန်/ဆက်)**

# နှစ်သစ်ကူးနေ့တွင် ရသေ့ပျံဂူနှင့် ဂူအတွင်း လှေစီးနင်းဝင်ရောက်လည်ပတ်သူ ပိုမိုများပြား

**ဘားအံ မေ ၁၇**
ကရင်ပြည်နယ် ဘားအံမြို့ နှစ်သစ်ကူးနေ့တွင် အနောက်ဘက်ကမ်း သံလွင်တံတားထိပ်မှတစ်ဆင့် သွားရသော ရသေ့ပျံကျေးရွာရှိ ရသေ့ပျံဂူအတွင်း ဘုရားစေတီတော်များအား ဖူးမြော်ခြင်း၊ ဂူအတွင်းပိုင်း လေ့လာကာ ဂူအပြင်တစ်နေရာတွင်ရှိသော တောင်အောက်ရေရှိသော လိုဏ်ခေါင်းအရှည် အတွင်း စိတ်လှုပ်ရှားစရာကောင်းစွာ လှေစီးလေ့လာပြီး ထမင်းစတုဒိသာသုံးဆောင်ရင်း လာရောက်သူများရှိနေကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် လိုဏ်ခေါင်းအတွင်း လှေစီးကာ အခြားတစ်ဖက်သို့ ထွက်နိုင်သည့်လူအများစိတ်ဝင်စားစရာ ကောင်းလှသော သဘာဝအတိုင်းဖြစ်နေသည့် နေရာနှစ်နေရာမှာ ဆဒ္ဒန်ဂူနှင့် ရသေ့ပျံဂူတို့ ဖြစ်ပြီး ရသေ့ပျံဂူရှိ ရေလိုဏ်ဂူကတော့ ဂူလမ်းကြောင်း ပိုမိုရှည်လျားကြောင်းသိရသည်။ ရသေ့ပျံရေလိုဏ်ဂူမှာ ယခင်ကသဘာဝအတိုင်း ရှိနေသော်လည်း ရသေ့ပျံကျေးရွာ ဆရာတော်က မကြာသေးမီကာလမှ ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လှေဖြင့်စီးနင်းသွားလာခွင့်ရလာအောင် ဖော်ထုတ်ဆောင်ရွက်ဖွင့်လှစ်ပေးခဲ့ရာမှ စတင်ကာ တဖြည်းဖြည်းလူသိများလာကာ လည်ပတ်မှုရှိလာကြောင်း ကျေးရွာဒေသခံများထံမှ သိရသည်။



အဆိုပါ ရသေ့ပျံရေလိုဏ်ဂူတွင် သာမန်ရက်များတွင် လူလာရောက်မှုနည်းပါးသော်လည်း နေ့ထူးနေ့မြတ်ရုံးပိတ်ရက်များတွင် လာရောက်သူများပြီး ယခုကဲ့သို့ သင်္ကြန်ကာလနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် ရသေ့ပျံဂူအတွင်း ဘုရားစေတီတော်များအားဖူးမြော်ပြီး ဂူအတွင်းပိုင်းလေ့လာကာ ဂူအပြင်တစ်နေရာတွင်ရှိသော တောင်အောက်လိုဏ်ခေါင်းအရှည်အတွင်း လှေစီးလေ့လာကာ လာရောက်မှု ပိုမိုများပြားကြောင်း သိရသည်။ အလားတူ သမိုင်းဝင် ရသေ့ပျံဂူဘုရားတွင် ရသေ့ပျံကျေးရွာ ကျောင်းတိုက်ဆရာတော် ဦးဆောင်ပြီး ရပ်ဝေးရပ်နီးမှ အလှူရှင်များ၏ လှူဒါန်းမှု ကျေးရွာဒေသခံများက သင်္ကြန်ကာလအတွင်းနှင့် နှစ်ဆန်း ၄ ရက်နေ့ထိ နေ့စဉ်ဘုရားသို့ လာရောက်သူများအား စတုဒိသာထမင်းကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# သင်္ကြန်အလှမယ်ဆု ရရှိသူများအား တာချီလိတ်မြို့တွင် ဆုချီးမြှင့်

**တာချီလိတ် မေ ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် အတာသင်္ကြန်ပွဲတော်ပိတ်ပွဲအခမ်းအနားကို မေ ၁၆ ရက် ညနေပိုင်းက ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ဇဟိုမဏ္ဍပ်၌ ပြုလုပ်ပြီး ဆုရယိမ်းအဖွဲ့များနှင့် သင်္ကြန်အလှမယ်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သင်္ကြန်ယိမ်းအဖွဲ့များဆုချီးမြှင့်ရာတွင် ပထမဆုရ ဗမာတိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားပြုယိမ်းအဖွဲ့၊ ဒုတိယဆုရ အမှတ်(၅၂၆)ခြေမြန်တပ်ရင်းကိုယ်စားပြုယိမ်းအဖွဲ့၊ တတိယဆုရ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(တာချီလိတ်)ကိုယ်စားပြုယိမ်းအဖွဲ့၊ ၂၀၁၉သင်္ကြန်မယ်ဆုအား မငြိမ်းငြိမ်းနု၊ သင်္ကြန်မယ် ဒုတိယဆုအား မကေသွယ်နိုင်၊ သင်္ကြန်မယ်တတိယဆုအား မနန်းဆုဆုနိုးတို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအေးမင်းဦး၊ ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ၊ လူမှုရေးအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်း ၁၇ ယိမ်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယှင်းပြိုင်ပွဲဝင်ယိမ်းအဖွဲ့များမှ သင်္ကြန်အလှမယ်ဆုများအား ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**မန္တလေး မေ ၁၇**
မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲကကြီးမှူး၍ ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတ ဒါနစုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁၇ ရက် နံနက် ၈ နာရီက မွန်းလွဲ ၁ နာရီအထိ ချမ်းအေးသာစံမြို့နယ် အမျိုးသားသွေးလှူဘဏ်ခွဲတွင် ကျင်းပသည်။

မန္တလေးမြို့ရှိ စေတနာသွေးလှူရှင်အသင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာသွေးသန့်အလှူရှင်များက လာရောက်၍ ဇီဝိတဒါန သွေးများလှူဒါန်းကြရာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတာဝန်ခံရောဂါဗေဒဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာခင်မြတ်မွန်နှင့်သွေး လှူဘဏ်ခွဲ ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်း၊ သွေးဖောက်ယူခြင်းများကူညီဆောင်ရွက်ပေးပြီး စေတနာရှင်များကလည်း သွေးလှူရှင်များအား အားဖြည့် အစာနှင့် အားဆေးများပေးအပ်ကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်းပွဲတွင် သွေးပုလင်း ၂၀၀ ကျော်လာ ရောက်လှူဒါန်းကြပြီး သွေးအမျိုးအစား လိုက်သွေးလှူဘဏ်ခွဲတွင် သိမ်းဆည်းထားပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ကလေးဆေးရုံကြီး၊ အဆုတ်ရောဂါအထူးကုဆေးရုံကြီး၊ အရိုးဆေးရုံကြီးများမှ ခွဲစိတ်လူနာများသို့ ဖြန့်ဝေပေးသည်။

ခေတ်မီတိုးတက်လာသောဆေးဘက်ဆိုင်ရာနည်းပညာများ၊ စက်ကိရိယာများနှင့်ဆေးဝါးများသည် ကျန်းမာရေးစောင့်ရှောက်မှုတွင်အရေးပါသကဲ့သို့သွေးသည်လည်း အဓိကအရေးပါရာအလှူဒါနတွင် လူ့ခန္ဓာကိုယ်မှ သွေးကိုလှူဒါန်းခြင်းသည် အမြတ်ဆုံးဒါနဖြစ်သည်။

**မောင်ပြည်သူ(မန္တလေး)**



# မြိတ်မြို့တွင် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ



**မြိတ် ဧပြီ ၁၇**
မြန်မာနှစ်ဆန်း ၁ရက်နေ့ နှစ်သစ်မင်္ဂလာအချိန်အခါတွင် မြန်မာတစ်နိုင်ငံလုံး၌ ကုသိုလ်ကောင်းမှုများပြုလုပ်လျက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် နှစ်သစ်ကူးဇီဝိတဒါနစုပေါင်းငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဇီဝိတဒါနစုပေါင်းငါးလွှတ်ပွဲကို ဆိပ်ငယ်ဘောတံတားတွင် ကျင်းပရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြိတ်မြစ်အတွင်းသို့ ကကတစ်ငါးသားပေါက်အကောင်ရေ ၂၀၀၀၀၊ ကျောက်ငါး ၁၅၀ နှင့် ကဏန်း ၅၀၀ တို့အား ဇီဝိတဒါနအဖြစ် တပျော်တပါးကုသိုလ်ပြု လွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကို ပုလဲရတနာခန်းမတွင်ကျင်းပရာ သက်ကြီးပူဇော်ပွဲတွင် ကန်တော့ခံအသက် ၉၀ အထက် အဘိုး၊ အဘွား စုစုပေါင်း ၂၄၂ ဦးရှိပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုး၊ အဘွားများအား တာဝန်ရှိသူများက အိမ်တိုင်ရာရောက် သွားရောက်၍ ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်ပြန်/ဆက်)**

# မြန်မာနှစ်ဆန်း ၁ ရက် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲများ သထုံ၌ကျင်းပ

**သထုံ ဧပြီ ၁၇**
မွန်ပြည်နယ် သထုံမြို့နယ်တွင် နှစ်သစ်ကူးအထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲများကို ဧပြီ ၁၇ ရက်က စည်ကားစွာကျင်းပသည်။

နှစ်ဆန်း ၁ ရက်နေ့ နံနက် ၇ နာရီခွဲမှစတင်ကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက သထုံမြို့ ဝါးပါးဆည်အတွင်းသို့ ရွှေဝါငါးကြင်းနှင့် တီလားဗီးယားကောင်ရေ ၁၂၀၀၀ ကျော်ကို ဇီဝိတဒါန လွှတ်ပေးခဲ့ကြသည်။

ယင်းနောက် သထုံမြို့၏ ကျက်သရေဆောင် သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်ကြီးတွင် သထုံမြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက် ဘိုးဘွား ၁၀၁ ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကာ လူမှုရေးအသင်းအဖွဲ့များက ခြေသည်း၊ လက်သည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းများဖြင့် တစ်ကိုယ်ရေသန့်ရှင်းပေးကြပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးအခမဲ့စစ်ဆေးကုသပေးခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**





# မွန်ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၇**
မြန်မာနှစ်ဆန်း ၁ ရက်တွင် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) က ကြီးမှူး၍ (၄၆) ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲနှင့် (၁၆) ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက ရွှေတိဂုံဘုရားလမ်း မွန်ဓမ္မာရုံ၌ကျင်းပသည်။

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌကိုယ်စား မွန်ယဉ်ကျေးမှုအနုသုခုမနှင့် ဓလေ့ထုံးတမ်းဆပ်ကော်မတီဥက္ကဋ္ဌ နိုင်အေးလွင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြို့နယ်အသီးသီးမှ အသက် ၇၅ နှစ်နှင့်အထက် မွန်ဘိုးဘွား ၁၆၈ ဦးအား ကန်တော့ပစ္စည်းများဖြင့် ကန်တော့သည်။

ဆက်လက်၍ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၂၅ ဦးအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**မြင့်မောင်**

# စုပေါင်းငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**ဓနုဖြူ ဧပြီ ၁၇**
ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့တွင် နှစ်ဆန်း ၁ ရက်နေ့က ကုသိုလ်ပြုငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပသည်။

ဓနုဖြူမြို့ ကျိုက်ဣလွန်ပွန်းစေတီတော်မြတ်ကြီးအနီးရှိ ဥမ္မာဒန္တီကမ်းခြေတွင် ယနေ့နံနက် ၇ နာရီက စုပေါင်းငါးလွှတ်ပွဲကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မတီဝင်များနှင့် ဝန်ထမ်းများစုပေါင်း၍ ကုသိုလ်ဖြစ်ဇီဝိတဒါန ရွှေဝါငါးကြင်းကောင်ရေ ၁၅၀၀၀ ကို ဘေးမဲ့လွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ ဓနုဖြူမြို့ပေါ် ၁၈ ရပ်ကွက်ရှိ အသက် ၈၀ နှင့်အထက် အဘိုး၊ အဘွား ၉၀ တို့အား သက်ကြီးပူဇော်ပွဲအခမ်းအနားကို ကျိုက်ဣလွန်ပွန်းစေတီတော်မြတ်ကြီးအတွင်းရှိ ဦးဖိုးရွှေတန်ဆောင်းတွင် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**



မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ရှင်စေတီတော်၌ ဘုရားဖူးလာပြည်သူများအား စေတနာရှင်များက ထမင်းနှင့်အအေးများတိုက်ကျွေးကာ အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## တိုတိုထွာထွာ ဖတ်စရာ

# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် အမြို့မြို့အနယ်နယ်၌ ကုသိုလ်ကောင်းမှုများပြုလုပ်

**အောင်လံ**
မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ အသက် ၈၅ နှစ်အထက် သက်ကြီးအဘိုး၊ အဘွား ၄၅ ဦးတို့အား ပူဇော်ကန်တော့ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ခြင်းများကို ဧပြီ ၁၇ ရက် (နှစ်ဆန်း ၁ ရက်) နံက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်နှင့် ကျန်းမားရေးဝန်ထမ်းများက ဘိုးဘွားတို့၏ ကျန်းမာရေးအတွက် အဆင့်ဆင့်ဆေးစစ်ဆေးခြင်း၊ ဆေးကုသခြင်းနှင့် ဆေးပေးခြင်းလုပ်ငန်းများကို ဆက်လက်၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

**မြောင်းမြ**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ အသက် ၈၅ နှစ်နှင့်အထက် အဘိုး၊ အဘွားများအား ပူဇော်ပွဲကို ဧပြီ ၁၇ ရက်နံနက် ၈ နာရီက မြောင်းမြမြို့ ရှေးသမိုင်းဝင် ရွှေသာလျောင်းဘုရားကြီး အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ အသက် ၈၅ နှစ်နှင့်အထက် အဘိုး၊ အဘွား ၁၀၅ ဦးတို့အား ပူဇော်ကန်တော့ပြီး မြောင်းမြခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်၊ ခရိုင်ပြည်သူ့ကျန်းမာ ဌာနမှ ဒေါက်တာစိုးသက်နှင့် ဆရာ၊ ဆရာမများက အဘိုး၊ အဘွားတို့အား သွေးပေါင်ချိန်ခြင်း၊ ဆီးချိုစစ်ခြင်းနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုများဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

**ကံမ**
မကွေးတိုင်းဒေသကြီး ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့ (ဧပြီ ၁၇ ရက်) နံနက်က သက်ကြီးဘိုးဘွားပူဇော်ပွဲ ကျင်းပသည်။

မြို့နယ်အတွင်း အသက် ၉၅ နှစ်နှင့်အထက် အဘိုး ကိုးဦး၊ အဘွား ၃၀၊ မြို့ပေါ်ရပ်ကွက်များမှ အသက် ၈၅ နှစ်နှင့်အထက် အဘိုးနှစ်ဦး၊ အဘွား ကိုးဦး စုစုပေါင်း အဘိုး၊ အဘွား ၅၀ တို့အား အလှူငွေ၊ အသုံးအဆောင်ပစ္စည်းများနှင့်အတူ ပူဇော်ကန်တော့ခဲ့ကြပြီး ကျန်းမာရေးစောင့်ရှောက်မှုများလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကိုကိုကျော်(ကံမ)**

**ခင်ဦး**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့တွင် အဘိုး၊ အဘွား ၁၀၀ အား သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

မြို့ပေါ်ငါးရပ်ကွက်ရှိ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပြီး အဘိုးဦးကိုကြီးက သြဝါဒစကား ပြောကြားသည်။

အခမ်းအနားသို့ အဘိုး၊ အဘွား ၂၉ ဦးတက်ရောက်ကြပြီး မတက်ရောက်နိုင်သော အဘိုး၊ အဘွားများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီက အိမ်အရောက် လိုက်လံပူဇော်ကန်တော့ခဲ့ကြောင်းသိရသည်။ **ခင်ဦးစိုးဝေ**


**ဝက်လက်**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ အမှတ် ၃ နယ်မြေ အောင်မင်္ဂလာကန်တော်အတွင်း မြန်မာနှစ်ဆန်း ၁ ရက်နေ့ မွန်းတည့် ၁၂ နာရီက စုပေါင်းငါးလွှတ်ပွဲကို ကျင်းပသည်။

အဆိုပါ ငါးလွှတ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထိုင်းငါးခုံးမနှင့် ငါးမြစ်ချင်းအကောင်ရေ ၂၁၅၅ ကောင်ကို အောင်မင်္ဂလာကန်တော်အတွင်း လွှတ်ပေးခဲ့ကြောင်း သိရသည်။ **စိုးစိုးလှိုင် (ဝက်လက်)**

❐ စာမျက်နှာ ၁၅ မှ
စစ်ကိုင်းတိုင်းဒေသကြီးတွင် စခန်းပေါင်း ၂၀နှင့် ကချင်ပြည်နယ်တွင် စခန်း ၁၀ ခု စုစုပေါင်း ယာယီမြေလျှင်တိုင်းတာရေးစခန်း ၃၀ကို ထပ်မံ၍ တပ်ဆင်နိုင်ခဲ့ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယာယီ မြေလျှင်စခန်းပေါင်း ၉၀ ကို အောင်မြင်စွာ တပ်ဆင်နိုင်ခဲ့ပါသည်။ ဖော်ပြပါ ယာယီမြေလျှင်စခန်းများကို နှစ်နှစ်မှ သုံးနှစ်အတွင်း တပ်ဆင်ထားရှိပြီး ရရှိလာသော မှတ်တမ်းအချက်အလက်များကို ပြည်တွင်း၊ ပြည်ပ မြေလျှင်ပညာရှင်များက နိုင်ငံအတွက် အကျိုးရှိမည့် မြေလျှင်ဆိုင်ရာ သုတေသနစာတမ်းများ ရေးသားခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြေလျှင်တိုင်းတာမှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှု၊ နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုများအပြင် ဒေသခံပြည်သူများ၏ ကူညီမှုများသည်လည်း လွန်စွာ အရေးကြီးလှပါသည်။ မိမိဒေသ၊ မိမိပတ်ဝန်းကျင်အတွက် တပ်ဆင်ထားရှိသည့် မြေလျှင်တိုင်းတာရေးစခန်းများကို ကာလကြာရှည်စွာ အသုံးပြုနိုင်ရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းစောင့်ရှောက် ကာကွယ်ထိန်းသိမ်းပေးခြင်းဖြင့် မြေလျှင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။




**ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ယာယီမြေလျှင်တိုင်းစက် ၉၀ တပ်ဆင်ထားရှိမှု အခြေအနေ။**



## နှစ်သစ်ကူးအလှူအဖြစ် သံဃာအပါး ၃၅၀ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဆီဆိုင် ဧပြီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်ကူးအလှူအဖြစ် သံဃာအပါး ၃၅၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ ၁၇ ရက် နံနက် ၅ နာရီခွဲက ဇဝနာရာမစာသင်ကျောင်းတိုက်မှ မြို့မဈေးတစ်ပတ်လှည့်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့နယ်အတွင်းရှိ ဇဝနာရာမစာသင်ကျောင်းတိုက်၊ ဥတ္တရာရုံစာသင်ကျောင်းတိုက်၊ သာသနာလင်္ကာရစာသင်ကျောင်းတိုက်နှင့် မွေတော်ဘုန်းကြီးကျောင်းတို့မှ ရဟန်း၊ သံဃာအပါး ၃၅၀ ကျော်တို့က ကြွရောက်ချီးမြှင့်ပေးခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းများ၊ မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူများအပါအဝင် ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင် ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးကို လောင်းလှူခဲ့ကြကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

## နှစ်ဆန်း ၁ ရက်နေ့တွင် နမ္မားချောင်းဆုံ သဲသောင်ပြင် မူးမြစ်သင်္ကြန် အပန်းဖြေရေကစားကြသူများဖြင့် စည်ကား

**ပင်လည်ဘူး ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ ၂၀၁၉ ခုနှစ် ပထမဆုံးအကြိမ် ကျင်းပသော မူးမြစ် နမ္မားချောင်းဆုံ သဲသောင်ပြင် မူးမြစ်သင်္ကြန်တွင် နှစ်ဆန်း ၁ ရက်နေ့အထိ လာရောက် အပန်းဖြေရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပင်လည်ဘူးမြို့မူးမြစ် နမ္မားချောင်း သဲသောင်ပြင် မူးမြစ်သင်္ကြန်ကို ယခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး နောက်နှစ်တွင် မူးမြစ် နမ္မားချောင်းဆုံ သဲသောင်ပြင် မူးမြစ်သင်္ကြန်ကို သင်္ကြန်ချစ်သူ ပြည်သူများ အေးအေးချမ်းချမ်းဖြင့် ရေကစားနိုင်ကြရန် ပျော်ရွှင်စိတ်ဝင်စားဖွယ် အစီအစဉ်များလည်း ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မူးမြစ် နမ္မားချောင်းဆုံ သဲသောင်ပြင် မူးမြစ်သင်္ကြန်ကို ဦးဆောင်စီစဉ်ဆောင်ရွက်ပေးသော တာဝန်ရှိသူတစ်ဦးက ပြောသည်။ **မျိုးလွင်(ပင်လည်ဘူး)**



# နှစ်ဆန်း ၁ ရက်နေ့ လှော်ခွင်းတောင်၌ အပန်းဖြေရေကစားသူများဖြင့်စည်ကား

**နေပြည်တော် ဧပြီ ၁၇**

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ပြီးဆုံးပြီဖြစ်၍ ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူ ထောင်ပေါင်းများစွာတို့ဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော် ရှစ်မြို့နယ်အပါအဝင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများသည် ပေါင်းလောင်းမြစ်ဆိပ်အပန်းဖြေနေရာသို့ မြန်မာ့နှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့တွင် မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် လာရောက်အပန်းဖြေ အနားယူကြသည်။

“နှစ်စဉ် နှစ်ဆန်း ၁ ရက်နေ့ရောက်တိုင်း မြစ်ကမ်းတစ်လျှောက် အပန်းဖြေလာရောက်ရင်း ရေကစားတဲ့သူတွေ အလွန်ပေါ်များတယ်၊ နေပြည်တော်တင်မကဘဲ အနယ်နယ်အရပ်ရပ်က ဘုရားဖူးရင်း လာရောက်အပန်းဖြေသူတွေလည်း ရှိတယ်၊ ဒီနှစ်ကပိုပြီးစည်ကားတယ်၊ မြစ်ကမ်းခြေမှာ ရေကူးကစားရုံတင်မကဘဲ မြစ်အတွင်း အပျော်စီးစပိဘုတ်တွေလည်း ငှားစီးလို့ရတယ်”ဟု ကျည်တောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ထွန်းက ပြောသည်။

ပေါင်းလောင်းမြစ်သို့ အပန်းဖြေလာရောက်လည်ပတ်သူများသည် ပေါင်းလောင်းမြစ်ဖျားအလှရှုခင်းများ၊ စိမ်းလန်းစိုပြည်သာယာသည့် သဘာဝတောတောင် အလှရှုခင်းများကိုလည်း တဝကြီး ကြည့်ရှုခံစားကြသည်။

ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ မြစ်ကမ်းတစ်လျှောက် လာရောက်အပန်းဖြေ ရေကစားသူများ မြစ်အတွင်း ရေနစ်သူမရှိစေရန်အတွက် နေပြည်တော်တိုင်းမီးသတ်ဦးစီးဌာနမှ ဒုတိယတိုင်းမီးသတ်ဦးစီးမှူး ဦးလှိုင်ဝင်းအောင်ကြီးကြပ်၍ ဇေယျာသီရိမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ဦးစီး ဦးအောင်ရာဇာဖြိုးနှင့် တပ်ဖွဲ့ဝင်များ ဦးဆောင်၍ ဇေယျာသီရိမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ နေပြည်တော်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များပူးပေါင်းကာ စပိဘုတ်ဖြင့်လှည့်လည် စောင့်ရှောက်ကြီးကြပ်ခြင်းများ ပြုလုပ်လျက်ရှိသည်။ စောင့်ရှောက်ကြီးကြပ်မှုတွင် မြစ်ကမ်းတစ်လျှောက် ရေနက်ပိုင်းသို့ ကူးခတ်မှုမရှိစေရေး၊ အထွေထွေအန္တရာယ်များ ကျရောက်လာမှုမရှိစေရန် ကြိုတင်ကာကွယ် လှည့်လည်စောင့်ရှောက်ကြီးကြပ်ပေးခြင်းနှင့် အန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်စေရေး၊ အပန်းဖြေသူများ အေးချမ်းပျော်ရွှင်စွာ ဆော့ကစားနိုင်ရန် စောင့်ရှောက်ကြီးကြပ်လျက်ရှိပြီး ပြည်သူများခိုက်ရန်ဖြစ်ပွားမှုများ မရှိစေရေးတို့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများ ပါဝင်သော စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက လာရောက်အပန်းဖြေသူများကို လှည့်လည်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။



ဇေယျာသီရိမြို့နယ် လှော်ခွင်းတောင် ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက်၌ အပန်းဖြေလာရောက်လည်ပတ်သူများသည် အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေမှုကြောင့် ဘေးအန္တရာယ်ကင်းရှင်းပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။
**ထွန်းလင်း(ပြန်/ဆက်)**

# အနာဂတ်ပန်းများ ပွင့်လန်းလာစေချင်

ဒေါက်တာမြမြချယ်
(ကလေးအထူးကုဆရာဝန်ကြီး)

အာဟာရဖွံ့ဖြိုးမှုဟာ ကလေးသူငယ်တွေအတွက် အလွန်အရေးကြီးပါတယ်။ အသက် ၂ နှစ်၊ ၃ နှစ်အရွယ်အတွင်းမှာ ဦးနှောက်ရဲ့ဖွံ့ဖြိုးမှုက တစ်သက်တာအတွက် အားလုံးနီးပါးဖြစ်ပေါ်တာဆိုတော့ အာဟာရသာ ပြည့်စုံလုံလောက်အောင်မရခဲ့ဘူးဆိုရင် ဦးနှောက်ဖွံ့ဖြိုးမှု နောက်ကျရုံသာမကဘဲ ကိုယ်ခန္ဓာကြီးထွားသန်မာမှုကိုပါ ထိခိုက်စေပါတယ်။ ထို့အပြင် အရပ်ပုတာ၊ ပိန်လှီတာ၊ ဉာဏ်ရည်နည်းပါးတာ စတဲ့ နောက်ဆက်တွဲတွေပါ ခံစားလာရစေပါလိမ့်မယ်။ မိဘတွေ အင်မတန် သတိထားသင့်တဲ့ အချက်တစ်ခု ဖြစ်ပါတယ်။

ကလေးတွေအနေနဲ့ အာဟာရချို့တဲ့မှု ရှိ၊ မရှိ ဖွံ့ဖြိုးကြီးထွားမှု နောက်ကျ၊ မကျ စောစီးစွာစစ်ဆေးကုသပေးနိုင်ဖို့ အစိုးရကျန်းမာရေးဌာနတွေ၊ လူမှုကူညီရေးအဖွဲ့တွေ၊ ကျန်းမာရေးနဲ့ အာဟာရဆိုင်ရာ ပညာပေးဌာနတွေက တစ်ဆင့် စိစစ်ရှာဖွေပေးနိုင်ဖို့ အရေးကြီးပါတယ်။ ဒီအစီအစဉ် (Early Childhood Intervention ECI) ကို ကနေဒါ၊ ဥရောပနိုင်ငံ အားလုံး၊ အစ္စရေး၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်၊ စင်ကာပူနိုင်ငံတွေမှာ ကောင်းကောင်းအသုံးပြုနေကြပြီ။ တစ်စိတ်တစ်ဒေသအနေနဲ့တော့ ထိုင်း၊ တူရကီ၊ မလေးရှား၊ တရုတ်၊ အီသီယိုးပီးယား၊ တောင်အာဖရိကနိုင်ငံတွေမှာ ကျင့်သုံးနေပါတယ်။

### မြန်မာနိုင်ငံရဲ့ ကလေးသူငယ်ဖွံ့ဖြိုးမှု နောက်ကျသူများအတွက် ဆောင်ရွက်ချက်

မြန်မာနိုင်ငံမှာလည်း အခြေခံဖြစ်တဲ့ (Early Childhood Development- ECD) ကလေးပေါက်စဖွံ့ဖြိုးတိုးတက်မှုပေါ်လစီကို အစိုးရက ၂၀၁၄ ခုနှစ် ဇန်နဝါရီလကတည်းက အသိအမှတ်ပြုထားပြီး ၂၀၁၄ ခုနှစ် ဇူလိုင်လမှစတင်ကာ အစိုးရက ဦးဆောင်ပြုလုပ်ခဲ့ပါတယ်။ ဖွံ့ဖြိုးမှု အားနည်းနိုင်တဲ့ ကလေးတွေချည်းသာမဟုတ်ဘဲ မိဘအများ၊ ကလေးအများအတွက်၊ ယေဘုယျအများအတွက် ဦးတည်ခဲ့ပြီး အိမ်တိုင်ရာရောက် စစ်ဆေးမှု တချို့တစ်ဝက်သာ ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ အများအားဖြင့်ကတော့ ဆေးရုံ၊ ဆေးခန်းသာ လာပြကြတာတွေကို စစ်ဆေးကုသမှု၊ လမ်းညွှန်မှု ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် အမျိုးသားဆိုင်ရာ ( Early Childhood Intervention-ECI ) ကလေးငယ်များ စောစီးစွာ ပြုစုစောင့်ရှောက်ရေးစနစ် စတင်ဖို့ရာ ဦးဆောင်ကော်မတီ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဒေသဆိုင်ရာ ဆန်းစစ်လေ့လာမှုတွေကို ဘယ်လောက်အထိ လုပ်ကိုင်ဆောင်ရွက်ဖို့လိုမလဲ စတဲ့ဆန်းစစ်လေ့လာမှုတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေအသီးသီးလည်း စီစဉ်ဆောင်ရွက်နေပါတယ်။ ECI ပရိုဂရမ်အတွက် လက်စွဲစာအုပ်တွေ၊ လမ်းညွှန်စာစောင်တွေနဲ့ လုပ်ထုံးလုပ်နည်းတွေကိုလည်း နောက်ဆုံးအဆင့် မူကြမ်းအဖြစ် ရေးဆွဲပြီးဖြစ်ပါတယ်။ ဒေသဆိုင်ရာ တာဝန်ရှိသူအသီးသီးနဲ့ ဆွေးနွေးပွဲတွေကိုလည်း ရန်ကုန်၊ မွန်ပြည်နယ်၊ အထက်မြန်မာပြည်မှာ စစ်ကိုင်းမြို့တွေမှာ အသီးသီးပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ စစ်ဆေးစမ်းသပ်ကုသမည့် ရှေ့ပြေးပိုင်းလော့ဂရီယာတွေကိုလည်း ရွေးချယ်ထားပြီး ဖြစ်ပါတယ်။

ကလေးသူငယ်လေးတွေကို စောစီးစွာ စစ်ဆေးကုသပေးနိုင်ရင် မစွမ်းမသန်ကလေးတွေ၊ အာဟာရချို့တဲ့တာတွေ၊ ကြီးထွားဖွံ့ဖြိုးမှု နောက်ကျတာတွေ နည်းပါးလာမှာ ဖြစ်ပါတယ်။ အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးမှု နောက်ကျတဲ့ကလေးမွေးလာနိုင်တဲ့မိဘတွေ၊ ဖွံ့ဖြိုးမှု၊ ကြီးထွားမှု နောက်ကျသူဖြစ်လာနိုင်တဲ့ကလေးတွေကို ရှေးဦးစွာစိစစ်နိုင်ပြီး သူတို့လေးတွေနဲ့ မိဘတွေကို အသိပညာပေးခြင်း၊ အားလုံးပါဝင်ဆောင်ရွက်နိုင်အောင် သင်ကြားပေးခြင်း၊ ထိရောက်တဲ့ နည်းလမ်းတွေနဲ့ အဲဒီလိုကလေးတွေကို ဘယ်လို ပြုစုစောင့်ရှောက်ရမယ်၊ ဘယ်လိုကျွေးမွေး လေ့ကျင့်ပေးရမယ်၊ တစ်ကိုယ်ရေ သန့်ရှင်းရေး လုပ်တတ်အောင် ဘယ်လိုသင်ပေးရမယ်၊ ဘယ်လို ကစားစေရမယ်၊ ဘယ်လိုလေ့ကျင့်ခန်းတွေ ပြုလုပ်ရမယ်၊ ဈေးကို၊ အပြင်ကို ဘယ်လို အလည်အပတ်ခေါ်သွားနိုင်မလဲ စတာတွေကို မိဘတွေကို ဆွေးနွေးကူညီပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုသာ ကောင်းစွာ ပြုလုပ်ပေးနိုင်မယ်ဆိုရင် မိဘအပေါ် တစ်သက်တာလုံး အစစအရာရာမှီခိုနေတဲ့ တကယ့်မှီခို မစွမ်းမသန်လေးတွေကနေ မသန်သော်လည်း စွမ်းသူလေးတွေ ဖြစ်လာကြမှာ သေချာပါတယ်။

### ပြုစုစောင့်ရှောက်ဖို့ အလွန်လိုအပ်တဲ့ကလေးများ

- လူပ်ရှားသွားလာမှု နောက်ကျသူကလေးတွေ၊ စကားပြောရာ၊ တွေးတောဆင်ခြင်ရာမှာ ခက်ခဲနေသူလေးတွေ၊ နားမကြား၊ မျက်စိမမြင်သူလေးတွေ၊ Cerebral paicy ခေါ် သူငယ်နာ အကြောသေရောဂါရှင်လေးတွေ။
- အကြောင်းအမျိုးမျိုးကြောင့် မသွားမလာနိုင်၊ မပြောနိုင်၊ မကြားနိုင် မစွမ်းမသန်ဖြစ်နေသူလေးများ။
- အာဟာရချို့တဲ့မှုကြောင့် ပိန်လှီသေးကွေးနေသူများ။
- မွေးကင်းစ ပေါင်မပြည့် လမစေ့မွေးသူများ၊ လစေ့သော်လည်း ပေါင်မပြည့် သေးကွေးစွာ မွေးလာသူများ။
- နာတာရှည်ရောဂါဆိုးတစ်ခုခုမှ ပြန်လည်နာလန်ထလာတဲ့ ကလေးများ ဥပမာ ခုခံအားကျရောဂါ၊ နာတာရှည် ငှက်ဖျားရောဂါ၊ ကုဋ္ဌနူနာရောဂါစွဲကပ်နေသူများ။
- အပြုအမူပိုင်းဆိုင်ရာပြဿနာရှိတဲ့ ရောဂါရှင်လေးများ ဥပမာ အော်တစ်ဆင်နဲ့ ဓာတ်မတည့်ဝေဒနာရှင်လေးများ၊ စိတ်ဝေဒနာရှင်၊ စိတ်ကျရောဂါရှင် မိဘများနဲ့ စိတ်ဝေဒနာရှင်၊ စိတ်ကျရောဂါရှင် မိဘများရဲ့ကလေးငယ်များ စတာတွေက အသေးစိတ်ပြုစုစောင့်ရှောက်မှု၊ ပညာပေးမှု အထူးလိုအပ်ပါတယ်။



**ကလေးရဲ့ဦးနှောက်နဲ့ ကိုယ်ကာယပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအားအကောင်းဆုံးအချိန်ဟာ မမွေးခင်နဲ့ မွေးအပြီး ရက် ၁၀၀၀ အတွင်းမှာတွေ့ရတာမို့ အဲဒီအတောအတွင်းမှာ အသားဓာတ်၊ ကစီဓာတ်၊ အဆီ၊ ဗီတာမင်နဲ့ မင်နရယ်တွင်းထွက်သတ္တုဓာတ်တွေ လုံလောက်အောင် ရရှိဖို့ မိဘတွေအနေနဲ့ အထူးသတိထားပြီး စားသောက်ကျွေးမွေးသင့်**

### အထက်ပါလိုအပ်နေတဲ့ ကလေးများအားလုံးကို အချိန်မီပြုစုစောင့်ရှောက်ပေးလျှင် ရလာမည့်အကျိုးကျေးဇူးများ

အထက်ပါကလေးတွေကို စောစီးစွာ အချိန်မီ ပြုစုကုသမှုမပေးနိုင်ခဲ့လျှင် ကြာလာတာနဲ့အမျှ သူတို့ရဲ့ဖွံ့ဖြိုးကြီးထွားမှုနောက်ကျတာက ရင်းစားပြန်မရတော့ဘဲ မစွမ်းမသန်လေးတွေ၊ အစစအရာရာနောက်ကျလွန်းတာလေးတွေ၊ အစစအရာရာမိဘနဲ့ ပြုစုသူအပေါ်မှာသာ တစ်သက်လုံးမှီခိုနေရသူလေးတွေအဖြစ် ဆိုးရွားစွာ ဖြစ်လာနိုင်ပါတယ်။ အသက်ငယ်ငယ်လေး (နှစ်နှစ်မတိုင်ခင်) မှာ ပြုစုစောင့်ရှောက်မှု စောစီးစွာ၊ ထိရောက်စွာရခဲ့မယ်ဆိုရင် ကလေးတွေအတွက် အကောင်းဆုံးဖြစ်ပါတယ်။ မိဘတွေကို အချိန်စောပြီး အဲဒီလိုကလေးမျိုး ပြုစုစောင့်ရှောက်နည်းတွေ သင်ပေးထားနှင့်မယ်ဆိုရင် ကလေးတွေရဲ့ဖွံ့ဖြိုးမှုနောက်ကျတာတွေရဲ့ အားလုံးမဟုတ်တောင် အတော်များများကို နောက်ကျမှုနည်းပါးလာစေနိုင်ပါတယ်။ စောစောသိလေ၊ စောစောကုသပေးလေ ကလေးတွေအတွက် ရလဒ်ကောင်း ဖန်တီးပေးနိုင်လေ ဖြစ်ပါတယ်။

အဲဒီလို စောစောစောင့်ရှောက်ပေးနိုင်ခြင်းက ကလေးတွေကျောင်းမနေခင် မူလတန်းတက်နေစဉ်အချိန်တွေမှာ ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးနိုင်ပါတယ်။ အဲဒီလို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ရင် လူမှုဘဝထဲမှာ တစ်နည်းနည်းနဲ့ အသုံးဝင်တဲ့ လူတစ်ယောက်အဖြစ် အသီးသီးကြီးပြင်းလာစေနိုင်ပါတယ်။

အာဟာရပြည့်ဝအောင် အချိန်မီ ဖြည့်တင်းပေးနိုင်ရင်ဖြစ်စေ၊ အာဟာရချို့တဲ့နေတာကို စောစီးစွာကုသပေးလိုက်နိုင်ရင်ဖြစ်စေ ကလေးတွေမှာ ထိုက်သင့်တဲ့ ဖွံ့ဖြိုးကြီးထွားမှုတွေ ရရှိလာပြီး ကျောင်းတက်ချိန်ကို ရောက်လာရင်လည်း အများနည်းတူ စာလိုက်နိုင်၊ ပျော်ရွှင်စွာဆော့ကစားနိုင်ကြပါလိမ့်မယ်။

### ကလေးဦးနှောက်ဖွံ့ဖြိုးပုံ

အစာအာဟာရပြည့်ဝစွာရပြီး ပုံမှန်ကြီးထွားဖွံ့ဖြိုးလာတဲ့ ကလေးရဲ့ ဦးနှောက်ကို အောက်ပါအနေအထားအတိုင်း တွေ့ရတယ်။ ကလေးရဲ့ဦးနှောက် ဖွံ့ဖြိုးမှုဟာ သန္ဓေသားဘဝကတည်းက စတင်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့ အာဟာရအားလုံး လုံလောက်အောင်ရရှိဖို့က ကိုယ်ဝန်ဆောင်မိခင်စားတဲ့ အစာအာဟာရအပေါ် ကောင်းစွာအမှီပြုနေပါတယ်။ ကလေးရဲ့အကြားအာရုံ၊ အမြင်အာရုံကြောတွေနဲ့ ကျန်တဲ့ ဦးနှောက်အစိတ်အပိုင်းတွေ ပြည့်ဝစွာ ဖွံ့ဖြိုးမှုဟာ မွေးကင်းစကာလမှာလည်း ဆက်လက်ဖွံ့ဖြိုးလာပြီး အသက်ရှစ်လ၊ ကိုးလမှာ ဖွံ့ဖြိုးမှုအကောင်းဆုံး၊ အမြင့်ဆုံးအချိန်ကို ရောက်ရှိပါတယ်။ အဲဒီနောက် အသက် ၁၀ လနောက်ပိုင်းမှာ ဆက်ဖွံ့ဖြိုးပေမယ့် ခပ်မှန်မှန်သာ အရှိန်လျော့ကာ ဖွံ့ဖြိုးပါတော့တယ်။

စကားပြောသင်ယူမှုစွမ်းရည်ကလည်း မွေးပြီး တစ်လ၊ နှစ်လလောက်ကနေ စတင်ဖွံ့ဖြိုးလာပြီး အသက်ကိုးလ၊ ၁၀ လမှာ သင်ယူတတ်မြောက်မှု အမြင့်ဆုံးသို့ရောက်ရှိကာ အဲဒီနောက်ပိုင်း အသက် ငါးနှစ်၊ ခြောက်နှစ်အရွယ်ထိအောင် ဖွံ့ဖြိုးမှုအရှိန်က တဖြည်းဖြည်းလျော့ကျလာပါတယ်။ အဆင့်မြင့်ကျွမ်းကျင်မှု၊ တွေးတောဆင်ခြင်ကြံဆနိုင်မှု စတဲ့ (Higher cognitive function) တွေကလည်း မွေးဖွားအပြီးကနေ ဆက်ဖွံ့ဖြိုးလာရာက အသက် နှစ်နှစ်၊ သုံးနှစ်အရွယ်မှာ အမြင့်ဆုံး၊ အကောင်းဆုံးအထိ ရောက်ရှိတယ်။ အသက်ခြောက်နှစ်၊ ခုနစ်နှစ်လောက်မှာ တဖြည်းဖြည်းအရှိန်လျော့ကျလာပြီး အသက် ၁၄ နှစ်၊ ၁၅ နှစ်မှာ အနိမ့်ဆုံးအဆင့်လောက်သာ ဖွံ့ဖြိုးပါတော့တယ်။

အာဟာရပြည့်စုံအောင်မရခဲ့ရင် ဖွံ့ဖြိုးဆဲ ဦးနှောက်အပေါ် (peresistent stress)အဖြစ် နျူရုန်းတွေ၊ ဦးနှောက်ဆဲလ်တွေရဲ့ ဖွဲ့စည်းတည်ဆောက်ပုံတွေမှာ အမြဲတမ်းထိခိုက်မှုရရှိစေတယ်။ အဲဒီအခါ ပုံမှန်ကြီးထွားဖွံ့ဖြိုးတဲ့ ဦးနှောက်နဲ့နှိုင်းယှဉ်ကြည့်ရင် အာရုံကြောတွေမှာ ခက်မဖြာမှုလျော့နည်းလာစေတာ တွေ့ရတယ်။

ဒါကြောင့် ကလေးတွေအတွက် ဉာဏ်ရည်ဉာဏ်စွမ်းကောင်းဖို့ရာ၊ ဖွံ့ဖြိုးကြီးထွားဖို့ရာ မမွေးခင်ကနေ ကျောင်းနေစအရွယ်အထိ ပြည့်စုံတဲ့ အာဟာရ ရရှိဖို့က အထူးအရေးကြီးမှန်း သိသာလှပါတယ်။

### မမွေးခင်နဲ့ မွေးပြီး ရက် ၁၀၀၀ အတွင်း အာဟာရပြည့်ဝစွာရရှိဖို့ အရေးကြီးပုံ

ကလေးရဲ့ဦးနှောက်နဲ့ ကိုယ်ကာယပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအားအကောင်းဆုံး အချိန်ဟာ မမွေးခင်နဲ့မွေးအပြီး ရက် ၁၀၀၀ အတွင်းမှာ တွေ့ရတာမို့ အဲဒီအတောအတွင်းမှာ အသားဓာတ်၊ ကစီဓာတ်၊ အဆီ၊ ဗီတာမင်နဲ့ မင်နရယ်တွင်းထွက်သတ္တုဓာတ်တွေ လုံလောက်အောင်ရရှိဖို့ မိဘတွေအနေနဲ့ အထူးသတိထားပြီး စားသောက်ကျွေးမွေးသင့်ပါတယ်။ အဲဒီအချိန်မှာ အထက်ပါ အာဟာရတွေ ပြည့်စုံလုံလောက်အောင် မရခဲ့ကြရင် အဲဒီအာဟာရချို့တဲ့မှုရဲ့ နောက်ဆက်တွဲတွေဟာ နာတာရှည်ချို့ယွင်းချက်တွေအဖြစ် ရရှိလာမှာ ဖြစ်ပါတယ်။

ကိုယ်ဝန်ဆောင်ကာလအတောအတွင်း ရိုးရာယုံကြည်ချက်အမှားတွေကြောင့် ကလေးထွားရင် မီးဖွားရ မလွယ်ကူမှာစိုးရိမ်ပြီး မိခင်လောင်းတွေက အစားရှောင်ကြလေ့ရှိတတ်ပါတယ်။ အဲဒီလိုအချိန်မှာ အစားအသောက် အစုံစားပြီး လူကြီးနဲ့ကလေးအတွက်ပါ အာဟာရပိုလိုအပ်နေချိန်မှာ အစားရွေးလွန်းလို့၊ အစားရှောင်လွန်းလို့ အာဟာရချို့တဲ့နေခဲ့ရင် အဲဒါရဲ့ နောက်ဆက်တွဲမကောင်းတဲ့ အကျိုးဆက်တွေက မမွေးခင်သန္ဓေသားဘဝကတည်းက ပါလာစေပါတယ်။ ဒါတင်မကသေးဘဲ မွေးဖွားအပြီးမှာလည်း နို့တိုက်မိခင်က အစားရှောင်လွန်းပြန်ရင် ကလေးရဲ့ မွေးအပြီးကြီးထွားဖွံ့ဖြိုးမှုနဲ့ ကျန်းမာရေးကို ဆက်လက်ထိခိုက်စေပါတယ်။

### ကလေးရဲ့ဘဝအစ ရက်ပေါင်း ၁၀၀၀

ကလေးရဲ့ ရက်ပေါင်း ၁၀၀၀ အသက်ဟာ တရုတ်နဲ့ ကိုရီးယားတွေ အသက်ရေတွက်တဲ့နည်းနဲ့ တူညီပါတယ်။ မွေးအပြီး ပြင်ပအသက်တစ်နှစ်ဆိုရင် သူတို့က သန္ဓေသားအသက် တစ်နှစ်ပါထည့်ပေါင်းပြီး အသက်နှစ်နှစ်လို့ ပြောကြလေ့ရှိတယ်။ အခု ကလေးသက်တမ်းရက် ၁၀၀၀ မှာဆိုရင် (မမွေးခင် သန္ဓေသက် ၂၇၀ ရက်) + (အသက်ပထမ နှစ် ၃၆၅ ရက်) + (အသက် ဒုတိယနှစ် ၃၆၅ ရက်) စုစုပေါင်း ရက် ၁၀၀၀ အတွင်းထဲမှာ ဦးနှောက်ကြီးထွားမှုဟာ အရွယ်ရောက်ပြီး လူ့ဦးနှောက်အရွယ်အစားရဲ့ ၈၀ ရာခိုင်နှုန်းအထိအောင် ရောက်ရှိကြီးထွားလာပါတယ်။ အဲဒါက ပုံမှန် အာဟာရပြည့်စုံစွာ ရရှိပါမှ အဲဒီလို စံမီကိုက်မီ ဦးနှောက်ဖွံ့ဖြိုးလာမှာပါ။ အဲဒီရက် ၁၀၀၀ အတွင်းမှာ မှန်ကန်ပြည့်စုံလုံလောက်တဲ့ အာဟာရတွေရရှိပါမှ အဲဒီကာလအတွင်း တွေ့ရတတ်တဲ့ အသက်အန္တရာယ်ကျရောက်နိုင်တဲ့ ရောဂါဘယပေါင်းစုံကို ၁၀ ဆပိုပြီး ခုခံကျော်လွှားနိုင်ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် မမွေးခင်နဲ့ မွေးပြီး နှစ်နှစ်အတွင်း အစာအာဟာရပြည့်စုံလုံလောက်အောင် မိခင်လောင်းရော နို့တိုက်မိခင်ပါ စားသောက်ဖို့၊ အသက် ခြောက်လပြည့်ပြီးတဲ့ ကလေးကိုပါ ပြည့်စုံအောင်ကျွေးမွေးဖို့ ဘယ်လောက်အရေးကြီးသလဲဆိုတာ ပေါ်လွင်ထင်ရှားနေပါပြီ။

အဲဒီလိုကောင်းစွာ အာဟာရရရှိပြီးကြီးပြင်းလာတဲ့ ကလေးဟာ မွေးပြီး နှစ်နှစ်အတွင်း မိခင်ဘာသာစကားကို စကားလုံး ၅၀-၁၀၀ အထိ သွက်လက်စွာ ပြောဆိုနိုင်ပါတယ်။ အသက် နှစ်နှစ်အထိ မိမိကလေး စကားပြော နောက်ကျရင်၊ စကားကြွယ်ကြွယ် မပြောတတ်သေးရင် နို့တိုက်မိခင်စားသောက်တာနဲ့ ကလေးကိုကျွေးမွေးတာ ဘာတွေလိုအပ်နေသေးသလဲ ပြန်လည်ဆန်းစစ်သင့်ပါတယ်။

အာဟာရကောင်းစွာရရှိ ဖွံ့ဖြိုးလာတဲ့ကလေးဟာ အသက်အလိုက် ရှိရမယ့် အချိုးအစားအတိုင်း ကျန်းမာဝဖြိုး သန်မာလာတယ်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်တယ်။ ဘာပဲသင်သင် အလွယ်တကူ သင်ယူတတ်မြောက်လွယ်တယ်။ အသက်ကြီးလာတဲ့အခါမှာလည်း လုပ်ရည်ကိုင်ရည်ထူးချွန်တဲ့အတွက် ဝင်ငွေကောင်းတဲ့အလုပ်အကိုင်ကို ၄၆ ရာခိုင်နှုန်းပိုပြီး အလုပ်ရနိုင်ပါတယ်။

ဒါ့ကြောင့် ကိုယ်ဝန်ရှိပြီဆိုကတည်းက သန္ဓေသား ဖွံ့ဖြိုးကျန်းမာသန်စွမ်းဖို့ အသား၊ အသီးအရွက်၊ အသီးအနှံ၊ နို့အမျိုးမျိုး၊ ပဲအမျိုးမျိုးနဲ့ ဥအမျိုးမျိုးကို မိခင်လောင်းတိုင်း သေချာစားသောက်သင့်တယ်။ နောက်ပြီး နို့မဖြတ်မချင်းလည်း အဲဒီလိုပြည့်စုံအောင် နို့တိုက်မိခင်တိုင်း စားသောက်ကြရမှာ ဖြစ်ပါတယ်။

အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းတိုက်ရပေမယ့် ခြောက်လကျော်တာနဲ့တစ်ပြိုင်တည်း ကလေးကို ဖြည့်စွက်စာအဖြစ် အသား၊ အသီးအရွက်၊ ပဲမျိုးစုံ၊ ဥမျိုးစုံ၊ နို့နဲ့ အသီးအနှံအမျိုးမျိုးတို့ကို ဖြည့်စွက်ကျွေးမွေးရမှာ ဖြစ်ပါတယ်။ ဘယ်လိုဖြည့်စွက်ကျွေးမွေးရမယ်ဆိုတာကို ကျန်းမာရေးဆောင်းပါးတွေ၊ ပညာပေးအစီအစဉ်တွေမှတစ်ဆင့် လေ့လာနိုင်သလို ကျန်းမာရေးဌာနတွေကိုလည်း မေးမြန်းဆွေးနွေးသင့်ပါတယ်။ နို့ဖြတ်ပြီးရင် မြန်မာနိုင်ငံမှာက နို့မှုန့်အပါအဝင် ဘာနို့မှ ဖြည့်စွက်စာအဖြစ် ထည့်မကျွေး၊ မတိုက်ကြတော့ပါဘူး။ မိမိကလေး ဉာဏ်ကောင်းစေချင်ရင်၊ အရပ်အမောင်း မြင့်မားကြံ့ခိုင်စေချင်ရင် နို့အစစ်မှ ဖော်စပ်ပြုလုပ်ထားတဲ့ ကောင်းမွန်တဲ့နို့မှုန့်၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အသိအမှတ်ပြုနို့မှုန့် (သို့မဟုတ်) နွားနို့၊ ဆိတ်နို့တို့ကို စနစ်တကျဖျော်တိုက်တာ၊ ကျက်အောင်ကျိုချက်တိုက်ကျွေးတာ ပြုလုပ်ပေးသင့်ပါတယ်။ အရင်တုန်းက ဂျပန်ငပုတွေလို့ အခေါ်ခံခဲ့ကြရတဲ့ ဂျပန်လူမျိုးတွေဟာ ဒုတိယကမ္ဘာစစ်အပြီးမှာ ဂျုံနဲ့ ဂျုံထွက်အစားအစာအမျိုးမျိုး၊ နို့နဲ့နို့ထွက်အစားအစာအမျိုးမျိုးတို့ကို တစ်နိုင်ငံလုံး ပြောင်းလဲကာ ပိုမိုစားသုံးလိုက်ကြတဲ့အတွက် အရပ်အမောင်းတွေ အရင်ကထက် ပိုမိုမြင့်မားလာကြတာတွေ့မြင်နေကြရပြီ ဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်



# စီရိုနယ်လ်ဒိုရဲ့ ချန်ပီယံလိဂ်မျှော်လင့်ချက်ကို အဆုံးသတ်ပေးလိုက်တဲ့ အေဂျက်

အေဂျက်အသင်းဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်မှာ ဂျူဗင်တပ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဂျူဗင်တပ် အသင်းရဲ့တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ချန်ပီယံလိဂ်မျှော်လင့်ချက်အဆုံး သတ်သွားခဲ့ပြီဖြစ်ပါတယ်။

အေဂျက်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ဟာ ကွာတားဖိုင်နယ် အဆင့်ပထမအကျော့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ် ခဲ့တာဖြစ်ပြီး ဒုတိယအကျော့မှာ အေဂျက်အသင်းက နှစ်ဂိုး-တစ်ဂိုး နဲ့ အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ်သုံးဂိုး-နှစ်ဂိုးနဲ့ အေဂျက်အသင်း က ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ အေဂျက်အသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရတာကြောင့် ချန်ပီယံလိဂ်ဖလားကို ငါးကြိမ်အထိ ရယူဆွတ်ခူး ထားနိုင်ခဲ့တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ခြောက်လုံးမြောက်ချန်ပီယံလိဂ် ဆုဖလားရယူမယ့်အခွင့်အရေးဟာ ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ မန်ယူအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားလေး ကြိမ်ရယူခဲ့တာဖြစ်ပြီး အခုဂျူဗင်တပ်အသင်းနဲ့ ချန်ပီယံလိဂ်ဖလား မျှော်လင့်ချက်ကတော့ အေဂျက်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပျက်ပြယ်ခဲ့ပြီဖြစ်ပါတယ်။

# ၂၀၂၃ ထိစာချုပ်သစ်ချုပ်လိုက်တဲ့ ဂိုးသမား ဂျန်အောဘလက်

အက်သလက်တီကိုမက်ဒရစ်အသင်း ဂိုးသမားဂျန်အောဘလက်ဟာ ၂၀၂၃ ခုနှစ် နွေရာသီကာလအထိ စာချုပ်သစ်ချုပ်ဆိုလိုက် ပြီဖြစ်ပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ ဆလို ဗေးနီးယားကြယ်ပွင့် ဂျန်အောဘလက်ဟာ စာချုပ်သစ်ချုပ်ဆိုလိုက်တာကြောင့် ၎င်း၏ အသက် ၃၀ နှစ်အထိ အ-က်သလက်တီကို မက်ဒရစ်အသင်းမှာ ဆက်ရှိနေတော့မှာဖြစ် ပါတယ်။

ဂိုးသမားဂျန်အောဘလက်ဟာ ယခုနှစ် ဘောလုံးရာသီမှာ လာလီဂါပွဲစဉ် ၃၂ ပွဲအထိ ပါဝင်ကစားပေးခဲ့ရာမှာ ၂၁ ဂိုးအထိ ဂိုးပေး ခဲ့ရပြီး လိဂ်ပွဲစဉ် ၁၈ ပွဲမှာ ပေးဂိုးမရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ဂျန်အောဘလက်ဟာ ၂၀၁၄ ခုနှစ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းကို ရောက်ရှိလာတာဖြစ်ပြီး အက်သလက်တီကို မက်ဒရစ်အသင်းနဲ့အတူ ၂၀၃ ပွဲပါဝင်ကစား ပေးခဲ့ရာမှာ ၁၁၅ ပွဲအထိ ဂိုးမပေးခဲ့ရဘဲ စပိန် စူပါဖလား၊ ယူရိုပါလိဂ်ဖလားနဲ့ ယူအီးအက်ဖ် အေစူပါဖလားတို့ကို ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်း ဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီရဲ့လက်ရှိ အချိန်မှာ စပိန်လာလီဂါအမှတ်ပေးဇယား အဆင့် ၂ နေရာမှာ ရပ်တည်နေတာဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးက ရပ်တည်နေတဲ့ ဘာစီလိုနာအသင်းနဲ့ ကိုးမှတ်အကွာအနေ အထားမှာရပ်တည်နေတာဖြစ်ပါတယ်။





# အမေရိကန်၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဖူးပွင့်ရတီခိုင် အောင်မြင်မှုရရှိ

မေ ၁၂ ရက်မှ ၁၄ ရက်အထိ အမေရိကန်နိုင်ငံ၌ ကျင်းပသည့် CAA Women's Golf Championship USA 2019 ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက် ကစားသမားမယ် ဖူးပွင့်ရတီခိုင် အောင်မြင်မှုများ ရယူ နိုင်ခဲ့သည်။

ဖူးပွင့်ရတီခိုင်သည် အမေရိကန်နိုင်ငံရှိ University of North Carolina Wilmington (UNCW) တွင် တက်ရောက်ပညာသင်ကြားနေရင်းမှ ကျောင်းကိုယ်စားပြုကာ ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။ အသင်းလိုက်ပြိုင်ပွဲတွင် ဖူးပွင့်ရတီခိုင်နှင့် ကစားဖော် များပါဝင်သည့် UNCW အသင်းက ချန်ပီယံဆုရခဲ့ပြီး တစ်ဦးချင်းပြိုင်ပွဲတွင်လည်း ဖူးပွင့်ရတီခိုင်မှာ ချန်ပီယံ ဆုရရှိခဲ့သည်။ ဖူးပွင့်ရတီခိုင်သည် ကျောင်းကိုယ်စားပြု ယှဉ်ပြိုင်သော်လည်း မြန်မာနိုင်ငံသူအဖြစ် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း - ဖိုးသော်ဇင်**
**ဓာတ်ပုံ - ဂေါက်သီးအဖွဲ့ချုပ်**

# အယ်လ်ဒါဝီးလ်နေရာမှာ အစားထိုးရန် လူးဝစ်ဖိလစ်ပီအား စပါး စိတ်ဝင်စားနေ

စပါးအသင်းဟာ နောက်တန်းကစားသမား အယ်လ်ဒါဝီးလ်နေရာမှာ အစားထိုးကစားသမားအဖြစ် ခေါ်ယူရန်အတွက် လာဇီယိုနောက်တန်းကစားသမား လူးဝစ်ဖိလစ်ပီအား ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရ ပါတယ်။

အယ်လ်ဒါဝီးလ်ဟာ စပါးအသင်းကနေ ထွက်ခွာ တော့မှာဖြစ်လို့ နည်းပြပိုချက်တီနိုက လူးဝစ်ဖိလစ်ပီကို ခေါ်ယူဖို့ လွန်ခဲ့တဲ့သီတင်းပတ်တွေအတွင်းကတည်းက စောင့်ကြည့်မှုတွေပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိဘရာဇီးလူငယ်ကစားသမား လူးဝစ်ဖိလစ်ပီဟာ အီတလီပတ်စပို့စ်သာရှိပြီး ဘရာဇီး လက်ရွေးစင်အသင်းတွင် ကစားခွင့်ရရှိရန်လည်း စောင့် မျှော်လျက်ရှိတယ်လို့ ဆိုပါတယ်။

စပါးအသင်းဟာ ဆမ်ဒိုရီးယားနောက်တန်းကစား သမား အန်ဒါဆန်နဲ့ အဲဗာတန်နောက်တန်းကစားသမား မိုက်ကယ်ကိန်းတို့ကိုခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိပြီး အဆိုပါကစားသမားနှစ်ဦးအတွက် ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ကုန်ကျမှာဖြစ်ပြီး လက်ရှိစိတ်ဝင်စားနေတဲ့ လူးဝစ်ဖိလစ်ပီကတော့ ပေါင် ၁၇ သန်းကုန်ကျမယ်လို့ သိရပါတယ်။

နောက်တန်းကစားသမားအယ်လ်ဒါဝီးလ်ဟာ အခု နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ပေါင် ၂၅ သန်းနဲ့ ပြောင်းရွှေ့ဖို့ရှိနေပြီး စပါးအသင်းက အဆိုပါ ကစားသမားအား စာချုပ်သစ်ချုပ်ဆိုရန် ချဉ်းကပ်မှု တစ်စုံတစ်ရာပြုလုပ်ထားခြင်းမရှိဘူးလို့လည်း ဆိုပါတယ်။

**ငွေကြယ် - ရေးသားသည်**




## ဘောလုံးလောက သတင်းတိုများ

- ❖ **ရီးယဲလ်မက်ဒရစ်အသင်းက အသက် ၂၉ နှစ် အရွယ်ရှိ ဝေးလ်တောင်ပံကစားသမား ဂါရတ် ဘေးလ်အား ရောင်းချမည်ဟုဆိုသည်။**
- ❖ *လီဗာပူးတိုက်စစ်မှူး ဆာဒီယိုမာနေးသည် အန်ဖီးလ်တွင် ပျော်ရွှင်မှုရရှိနေသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစား ရန် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိသည်။*
- ❖ **အာဆင်နယ်အသင်းသည် ဘာစီလိုနာ နောက် တန်းကစားသမား အမ်တီတီအား စာချုပ်ချုပ် ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။**

# ဘာစီလိုနာကို ရှုံးပြီး ချန်ပီယံလိဂ်မှ မန်ယူထွက်ခဲ့ရ

မန်ယူအသင်းဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် အဆင့်မှာ နှစ်ကျော့ပေါင်းရလဒ် လေးဂိုးပြတ်နဲ့ ဘာစီလို နာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရ ပါပြီ။

မန်ယူအသင်းအနေနဲ့ အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ ကစားခဲ့တဲ့ ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ ပြီး ဒုတိယအကျော့နူးကမ့်မှာ သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။ ဒုတိယအကျော့မှာ ဘာစီလိုနာအသင်း အတွက် သွင်းဂိုးတွေကို မက်ဆီက နှစ်ဂိုးနဲ့ ကော်တင်ဟိုက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် ၆ နေရာမှာရပ်တည်နေတာဖြစ်ပြီး အဆင့် ၄ နေရာက အာဆင်နယ်အသင်းနဲ့ နှစ်မှတ်ကွာအနေအထား မှာရပ်တည်နေတာဖြစ်ပြီး လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အတွက် လက်ကျန်ပရီမီယာလိဂ် ငါးပွဲမှာ ရလဒ်ပိုင်းကောင်းမွန်အောင် ကြိုးစားရတော့မှာ လည်းဖြစ်ပါတယ်။

**ဘီတဂုရွှေပြည်ဟိန်း စကျွဒါနဆေးရုံ နှစ်သစ်ဦး ဆေးပဒေသာနှင့် အလင်းဒါနအလှူတော် ပါဝင်လှူဒါန်းနိုင်**

အကောင်းဆုံးသော ဆုလာဘ်ဖြစ်သည့် ကျန်းမာခြင်းကို ပေးအပ်နိုင်ရန် ဖွင့်လှစ်အပ်သော ဘီတဂုရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးရုံ၏ ၁၃၈၁ ခု နှစ်သစ်ဦးအလှူဖြစ်သည့် နယ်လှည့်ကွင်းဆင်းကုသခြင်းနှင့် မျက်စိခွဲစိတ်ကုသခြင်း အလင်းဒါနတို့အတွက် ဆေးပဒေသာပင်နှင့် မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - ဘီတဂုရွှေပြည်ဟိန်း စကျွဒါနဆေးရုံ၊ ရွှေပြည်ဟိန်းစေတီ၊ ပြည်သာယာ၊ ရှမ်းတန်း။ (ကျိုက္ကဆံဘုရားလမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၅၁၀၂၉၇၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသိရိလင်္ကာ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။







သင့်သွေးဖြင့် အသက်ကယ်ပါ

## C.M.A ဘိုးဘွားရိပ်သာ

### နှစ်သစ်မင်္ဂလာဆုတောင်းမေတ္တာပို့လွှာ

၁၃၈၁ ခုနှစ်၊ နှစ်သစ်မင်္ဂလာချိန်ခါသမယတွင် C.M.A ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သော စေတနာ မေတ္တာကရုဏာများဖြင့် အမြဲအရေးတယူကုသိုလ်ယူ ကူညီလှူဒါန်းကြသော ငွေကြေးအလှူရှင်များ၊ ပစ္စည်းအလှူရှင်များ၊ ဝေယျာဝစ္စ အလှူရှင်များ၊ C.M.A အသင်းသားများအားလုံး ဘေးဘယာဝေးကွာ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း C.M.A ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဝင်များ၊ ဘိုးဘွားများနှင့် ဝန်ထမ်းများက ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

**ဆက်သွယ်ရန်**
**C.M.A ပုညကုသလဇဟုကရအသင်း**
**အမှတ်(၇၃/၇၉)၊ လမ်းမတော်လမ်း**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၃၁၆၆၈၅၊ ၀၉-၇၈၅၂၁၆၆၈၅**

**C.M.A ဘိုးဘွားရိပ်သာ**
**အမှတ်-၁၃၆(၁) (၄) သဲဖြူကွင်း**
**ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့**
**(သဘာဝတရားရိပ်သာအနီး)**

## မြန်မာနှစ်သစ်ကူးဆုတောင်းလွှာ

မြန်မာနှစ်သစ်ကူး အခါသမယတွင် စိတ်ပေါင်းစိတ်သစ်များနှင့်တကွ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် စီးပွားလာဘ်လာဘများ ဆတက်ထမ်းပိုးတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကေသီပန်တိုင်းရင်းဆေးမိသားစု**




ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

ကန်ကော်လေး ထီဆိုင်

အမှတ်၈၂၂၊ မဟာဗန္ဓုလလမ်းနှင့်(၁၀)လမ်းထိပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ Ph:01 222576, 09 443049804

ကဲ ! ကျွန်တော်တို့ မပြောလား …
"ရောက်ဖြစ်အောင်သာ ရောက်အောင်လာ
ပေးဖြစ်အောင်ကို ပေးလိုက်ချင်လို့ပါ …" ဆိုတာလေ
ဟော… ကြည့် ! သူတို့အားလုံး ချက်ချင်းလက်ငင်း ချမ်းသာသွားကြပြီ

(၂)ကြိမ်မြောက် ယခုအပတ် (၁၀၀၈)တန် ထီဖွင့်ပွဲ

ကျပ်သိန်း ၂၀၀၀ ဆုကြီး
ဇ 167260
အထူးမင်္ဂလာစုံတွဲ
ရှူး ! တိုးတိုး …
သူများတွေ မသိစေနဲ့ …
(ပုံ) ဒိုင်လျှို ဦးလေးကြီး

နှင့်

ကျပ်သိန်း ၁၀၀ ဆုကြီး
ကစ 332803
(၁၀)မွှာစုံတွဲ
အရဲစွန့်ပြီးထိုးလိုက်ပြီ ကောင်းကျိုးချမ်းသာငါ့ဆီလာပါ
ဖြူဖြူဝင်း (ကွမ်းယာဆိုင်)
၄၃လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်။

အပါအဝင်ဆုကြေးငွေ
သိန်းပေါင်း ၃၉၇၇ သိန်းကျော်ကို
အားပါးတရ ဆွတ်ခူးပေးလိုက်ပြန်ပြီဗျို့
ကန်ကော်လေး ရဲ့ ချစ်ပရိသတ် ချမ်းသာဖို့သာ ပြင်ပေတော့

ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ) ၊ ဖြူနီနက်ကွက်များ ၊ အနာကြီးရောဂါ ၊ ယားနာ ၊
မွေးပေါ်စဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

မူးယစ်ဆိုက
ဆန့်ကျင်ကြ

ကြေးအိုးကြီး
တန်ခူးလ နှစ်သစ်အခါသမယတွင်
မိတ်သင်္ဂဟအပေါင်းတို့အား
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ၍
အောင်မြင်မှုများနှင့် ပြည့်စုံပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

■ Kyay O Kyee Trading Co.,Ltd.
■ Kyay O Kyee Construction Co.,Ltd.
■ Kyay O Kyee Petroleum Products Co.,Ltd.

PEACE MYANMAR ELECTRIC HOLDING CO.,LTD.
PME
25th
SINCE 1994
Anniversary

"နှစ်သစ် ဆုမွန်ကောင်း"
မြန်မာတို့၏ နှစ်သစ်ကူးအခါသမယတွင် မိဘပြည်သူအပေါင်း
ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပြီး
စီးပွားလာဘ်လာဘများလည်း ကြီးပွားတိုးတက်ပါစေကြောင်း
PEACE MYANMAR ELECTRIC HOLDING CO.,LTD.
မိသားစုမှ နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

PME Holding Co., Ltd.
ISO 9001: 2015

YANGON HEAD OFFICE & SHOWROOM
No.137/139, Botahtaung Pagoda Rd,
Botahtaung T/S, Tel : 01-202117
http://www.pmeholding.com

MANDALAY SHOWROOM
Block(900), 78th St (Between 42nd &
Theik Pan Street),Mahar Aung Myay T/S,
Mandalay, Tel : 02-40 33506, 40 24268

NAYPYITAW SHOWROOM
No.160, Thiri Yadanar Shopping Complex,
Zabu Thiri T/S,Naypyitaw.
Tel : 067-420794, 421306, 421307

နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း
Metro မိသားစုမှ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

IT | ဂျပန်ဘာသာ | English ဘာသာ

Japan Style
Career Education

METRO
IT & Japanese Language Centre

2019 July Intake
တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများ IT Engineer တစ်ယောက်အဖြစ် ရပ်တည်ချင်သူများအတွက်

System Creator Course ( IT Diploma - 2 years )
Web Engineer Course ( IT Diploma - 2 years )

မိမိတို့၏ အနာဂတ် လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ယူကြပါစို့ !




IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာစေပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည်.

" Only One School in Myanmar "




IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်

**IT Course Seminar ( Yangon )**

Date : 21 April 2019 ( Sun )
Time : 1:00 pm ~ 3:00 pm
Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo, Pansodan Street, Kyauktada Tsp, Yangon.
09-262007900, 09-976334160
metrogroupmyanmar
metro-myanmar.com/mic

**IT Course Seminar ( Mandalay )**

Date : 21 April 2019 ( Sun )
Time : 10:00 am ~ 12:00 pm
Room No(7), Mandalay ICT Park, 3rd Floor, Yadanarbon Super Center, Corner of 34 x 78 Street, Mandalay.
09-401000510, 09-401000520
metrogroupmandalay
mminfo@metro-myanmar.com

စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။ Free Trial Lecture များကိုလည်း တက်ရောက်နိုင်ရန် စီစဉ်ထားရှိပါသည်။

# ယခုနှစ်သစ်မှစတင်ပြီး သင့်လုံခြုံမှုကို ရယူလိုက်ပါ။

Starting from 18th April

အများပြည်သူများ၏ ထပ်မံတောင်းဆိုမှုအရ

**FREE DASH CAMERA**

မြန်မာပြည်တစ်နိုင်ငံလုံးတွင် ရရှိနိုင်ပါပြီ။




IKBZ Insurance

" ယုံကြည်အားထား အာမခံစွမ်းအား "



ပေါ်လစီအသစ်များနှင့် သက်တမ်းတိုးယာဉ်

အလုံးစုံမော်တော်ယာဉ်အာမခံထားရှိသူတိုင်း Dash Cam လက်ဆောင်ရယူနိုင်ပါပြီ...

Limited Stock Only. HOT LINE : 01-230 7000, 09-79 230 7000



ကြီးမြန်သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သီရိ(၃)လမ်း(မြောက်)၊ အမှတ်(၁၁၄/က) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၅) လူနေရပ်ကွက်-အမှတ်(၅) မြေကွက်အမှတ်(၁၁၄/က) အကျယ်အဝန်း (၂၀×၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက် အဆောက်အဦး(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည် ပေါက် ဦးစံသိန်းထံမှ အဆင့်ဆင့် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဆွေစိ (၁၂/သကတ(နိုင်)၀၀၉၀၂၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရံငွေတချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ရွှေလှဲရီ ၏ လွှဲအပ်သွန်ကြားချက်အရ
ဦးသန်းဇော် (LL.B)အထက်တန်းရှေ့နေ စဉ်-၃၈၃၃၆
အမှတ်(၆၈)၊ ဝေဇယန္တာအနောက်(၁၅)လမ်း(၆)ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၅၀၃၆၃၅၂


- ဒေါက်တာ ဇော်ဦး မှ ဦးဆောင်၍ (သင် / ကျက် / စစ်) ဆောင်ရွက်ပေးသည်။
- လူဦးရေ နည်းနည်းနှင့် ကြပ်ကြပ်မတ်မတ် သင်ကြားပေးခြင်းကို နှစ်သက်သော ကျောင်းသား/ကျောင်းသူများအတွက် အထူးသင့်လျော်သည်။

၂၀၁၉ – ၂၀ ပညာသင်နှစ်အတွက်
လက်ခံသင်ကြားနေပါပြီ
အမြန် စုံစမ်းအပ်နှံပါ

စာကိုလည်း သင်၊ စိတ်ကိုလည်း ပြင်ပေးပါတယ်...

# ဒေါက်တာ ဇော်ဦး
PhD(Chem), DFT(YU)

ဓာတုဗေဒ သင်တန်းကျောင်း

၉၊ ၁၀ တန်း (သင် / ကျက် / စစ်) ၁၅ ဦး 'ဝိုင်း'

တိုက်(၆/၂၇)၊ လှိုင်ရတနာအိမ်ရာ၊(၉)ရပ်ကွက်၊ သဲလမ်းမှတ်တိုင်၊ လှိုင်။
ဖုန်း ၀၉ ၂၅၂ ၂၁၀၃ ၂၀၊ ၀၉၄၅၅၅၃၃၅၀၂၂



## MINGALAR CINEMAS

Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ / မင်္ဂလာဘုရင့်နောင် 09402199991 09402199992,3 | သွင် ၀၁-၇၇၂၅၉၄ [illegible] / ရွှေဆောင် [illegible] | မင်္ဂလာ (သိမ်ကြီးဈေး) ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ (ဗဟိုစင်တာ(၂)) ၀၉၇၇၂၅၄၁၀၁ ၀၉၇၇၂၅၄၁၀၂ | နေပြည်တော် ၀၉ ၄၅၇၀၄၂၈၁၂ ၀၉ ၄၅၇၀၄၂၈၁၃ | မင်္ဂလာစံပြ ၀၉ ၂၆၀၈၈၇၀၁၅ ၀၉ ၂၆၀၈၈၇၀၁၆ ၀၁ ၂၃၀၃၁၆၅ | မင်္ဂလာမ/ဥတ္တရာလာ 09402027001 09402027002 09402027003 |
| Top Royal (စိန်ဂေဟာ-ဗိုလ်) ၀၉၄ ၂၀၁၈ ၂၉၁ ၀၉၄ ၂၀၁၈ ၂၉၂ | မင်္ဂလာဝဇီရာ [illegible] / စိန်ဂေဟာ 09402177771, 09402177772, 09402177773 | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၇၉၀၅၄၆၇၂ ၀၉၇၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး [illegible] / မြို့မ မန္တလေး [illegible] | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၃ ၀၉၄၀၂၇၆၅၆၄ | Central Point မန္တလေး 09954086841 09954086842 09954086843 | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၂၂၇၀၀၀၀ ၀၉၉၆၂၂၈၀၀၀၀ ၀၉၉၆၂၂၉၀၀၀၀ |
| မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၉၃၅ ၀၉၇၉၁၁၀၉၃၆ | မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၅၆၆၀၀၀၁၅ ၀၉၄၅၅၆၆၀၀၀၁၆ | NEW 3D Cinema တောင်ငူ ၀၉၇၆၆၆၆၄၅၅ [illegible] | မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၇၄၄၀ ၀၉ ၇၆၈၅၂၇၄၄၁ ၀၉ ၇၆၈၅၂၇၄၄၂ | မင်္ဂလာ ရွှေဟင်္သာ (ပဲခူး) [illegible] | မင်္ဂလာ ဘုရင့် (မော်လမြိုင်) ၀၉၄၄၄၁၁၂၂၈၀၀ ၀၉၄၄၄၁၁၂၂၈၀၁-၃ | မင်္ဂလာ မြစ်ရွာ (မုံရွာ) [illegible] / မင်္ဂလာ Ocean [illegible] |

### ဘယ်ညာဘယ်ညာ
သမ္မတ၊သွင်၊မင်္ဂလာ(၁)(၂)၊TopRoy၊မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ၊ဂမုန်းပွင့်၊ စိန်ဂေဟာ၊မ/ဥတ္တရာလာ၊ ဘုရင့်နောင်(တာမွေ)
မန္တလေး-ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊၊ မန်းနေပြည်တော်၊Central Point
ပြည်-မင်္ဂလာထွန်းသီရိ တောင်ငူ-NEW 3D CINEMA
မကွေး-မင်္ဂလာစံပြ မော်လမြိုင်-မင်္ဂလာဘုရင့်
မုံရွာ-မင်္ဂလာမြစ်ရွာ၊ မင်္ဂလာ Ocean
ပဲခူး-မင်္ဂလာIcon၊ ရွှေဟင်္သာ

### PET SEMATARY
နေပြည်တော်၊မင်္ဂလာစံပြ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥတ္တရာလာ၊ဘုရင့်နောင်(တာမွေ)
မန္တလေး-မင်္ဂလာဒိုင်းမွန်း၊၊ Central Point
ပြည်-မင်္ဂလာထွန်းသီရိ
ပဲခူး-မင်္ဂလာIcon၊ မုံရွာ-မင်္ဂလာ Ocean

### SHAZAM (3D)
နေပြည်တော်၊မင်္ဂလာစံပြ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥတ္တရာလာ၊ဘုရင့်နောင်(တာမွေ)
မန္တလေး-မင်္ဂလာဒိုင်းမွန်း၊၊ Central Point
ပြည်-မင်္ဂလာထွန်းသီရိ ပဲခူး-မင်္ဂလာIcon၊
တောင်ငူ-NEW 3D CINEMA မကွေး-မင်္ဂလာစံပြ
မော်လမြိုင်-မင်္ဂလာဘုရင့် မုံရွာ-မင်္ဂလာ Ocean

### နိုဗ္ဗာနီလူး
ရွှေဆောင်၊ မန္တလေး-မြို့မ၊


### နှစ်မင်္ဂလာ
ရွှေဆောင်၊

### ဒယ်ဒီဖားကင်
ရွှေဆောင်၊ဂမုန်းပွင့်၊




## ၁၇.၄.၂၀၁၉ နေ့မှ ပြမည့် ဇာတ်ကားသစ်များ
















ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးလှရှိန်(ခ)ဦးလီချိန်ဦး

ဖူးစိန်ရောင်းဝယ်ရေး

တာဟန်း၊ ကလေးမြို့

### အသက်(၇၈)နှစ်

မုံရွာမြို့နေ (ဦးကျော်ထိုက်-ဒေါ်စက်ကျူ)တို့၏သား၊ ကလေးမြို့ တာဟန်းရပ်နေ ဒေါ်စုကြင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုခိုင်မြင့်-မအေးအေးလွင်၊ မကြည်ကြည်လွင်၊ ကိုကျော်မျိုးလှိုင်-မဆွေဆွေလွင်၊ မခင်ထွေးလွင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မဆုနွယ်ခိုင်မြင့်၊ မောင်အောင်ရှင်းသန့်၊ မသရဖီမြတ်နိုး၊ မနှင်းရတီထက်၊ မောင်ဇေဘုန်းလှိုင်တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၁၄-၄-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၉(အင်္ဂါနေ့)တွင် မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## Capt: တင်မောင်ပါ

C.D.C 2985

(ကြယ်ငါးပွင့်)

ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း အပတ်စဉ် (၁) ၁/၆၃(ဆိပ်ကြီး)

### အသက်(၇၇)နှစ်

(ရွှေကျင်အသင်း)

ရွှေကျင်မြို့ မကျည်းတန်းရပ်နေ (ဦးစောမောင်-ဒေါ်သန်းတင်)တို့၏ သားထွေး၊ ရန်ကုန်မြို့နေ (ဦးတင်-ဒေါ်အုန်းမြင့်)တို့၏ သားသမက်၊ အမှတ် (၂၈)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ခင်ရွှေဦး၏ ခင်ပွန်း၊ ဦးဇေဌပါ-ဒေါ်ပပဦးသာ၊ ဦးမူဝပါ-ဒေါ်လွင်လွင်မြ၊ ဦးဇော်လင်းကို-ဒေါ်ခင်ဝဠာပါ၊ ဦးအောင်အောင်သီဟ-ဒေါ်ခင်သရဝဏ်ပါတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မမြူနှင်းဒီပါ၊ မောင်စွမ်းထက်အောင်၊ မဇမ္ဗူဒီပါ၊ မလင်းသုန္ဒရီပါ၊ မောင်လင်းသုန္ဒရပါတို့၏ ချစ်လှစွာသောအဘိုးသည် ၁၇-၄-၂၀၁၉(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၉(အင်္ဂါနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကိုလေး (မြင်းခြံ)

### အသက်(၇၃)နှစ်

ဘဏ္ဍာရေးမှူး၊ မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)

(ဦးလှချို-ဒေါ်ကြည်မြင့်)တို့၏ သားလတ်၊ လဇ္ဇန်မာဂရက်၏ ခင်ပွန်း မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ ဘဏ္ဍာရေးမှူး ဦးကိုကိုလေးသည် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

**မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)**

## ဦးအောင်ဇော်ဦး (CCK Norstar Co., Ltd.)

### အသက်(၅၆)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ ဦးသိန်းညို-(ဒေါ်မြင့်မြင့်ကြီး)တို့၏ သားငယ်၊ [ဦးသန်းဝင်း-ဒေါ်ကြည်အောင် (အေးစန္ဒာ အုတ်၊သဲ၊ကျောက် ရောင်းဝယ်ရေးမိသားစု)]တို့၏ သားသမက်၊ ကိုသူရရဲဝင့်-မခိုင်ဇင်သင်း၊ မမိုးဇင်သင်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဉာဏ်ဏရဲဝင့်၏ ချစ်လှစွာသောအဘိုး၊ ဒေါ်အေးအေးမော်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၄-၂၀၁၉(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၃၈၉/၁၅၊ စက်မှု-၁လမ်း၊ ဗဟန်းမြို့နယ်နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာ အလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်းစသည့် နည်းလမ်းများဖြင့် ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသော ငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ❖ ကန်ရေအရောင်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း(၂၅-၄၀)စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသောအခြေအနေ ရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးဖော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှသိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်း ဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

# ဆေးလိပ်၊ ကွမ်းယာအန္တရာယ် သတိပေးနှိုးဆော်ချက်

ဆေးလိပ်၊ ကွမ်းယာတွင်ပါဝင်သောဆေးရွက်ကြီးသည် အောက်ပါရောဂါများကိုဖြစ်ပွားစေပါသည်။

- ❍ ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး
- ❍ နှလုံးသွေးကြောကျဉ်းခြင်း၊သွေးကြောပိတ်ခြင်း၊ဦးနှောက်သွေးကြောပိတ်၍လေဖြတ်ခြင်း
- ❍ အဆုပ်ပွရောဂါ၊ ပြင်းထန်သွေးတိုးရောဂါ
- ❍ ခြေပုပ်လက်ပုပ်ရောဂါ
- ❍ ပန်းသေပန်းညှိုးရောဂါ

**ကိုယ်ဝန်ဆောင်မိခင်များတွင်-**

- ❍ ကိုယ်ဝန်ပျက်ခြင်း
- ❍ ကလေးအသေမွေးခြင်း၊ လမစေ့ ပေါင်မပြည့်သော ကလေးမွေးဖွားခြင်း
- ❍ မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းသည့် ကလေးမွေးဖွားခြင်း
- ❍ မွေးစကလေး ရုတ်တရက်သေဆုံးခြင်းများ ဖြစ်ပွားနိုင်ပါသည်။

**သူတစ်ပါးဆေးလိပ်ငွေ့ကိုရှူရှိုက်ရခြင်းသည် ကိုယ်တိုင်ဆေးလိပ်သောက်ခြင်းကဲ့သို့ပင် ရောဂါဖြစ်ပွားစေသဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အာနိစ္စ

ခရစ်တော်၌အိပ်ပျော်ခြင်း

## နော်မူပလယ်

### အသက်(၇၅)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဗိုလ်ကြာညွှန့်လမ်း၊ အမှတ် (၁၅၂)၊ (၃၂)ရပ်ကွက်နေ (ဦးမူတူး-ဒေါ်မြကြီး)တို့၏သမီး၊ (စောအလီဂျာဖိုး)၏ချစ်ဇနီး၊ ဦးစိုးလွင်-နော်မေမေအောင်(မချို)၊ ဦးကျော်စွာအောင် (C/E Raffles Technical Services Pte.Ltd., Singapore)-နော်ရီရီအောင်၊ စောပေါက်ပေါက်-နော်လီလီအောင်(ချောစု)တို့၏ ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၁၆-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၈-၄-၂၀၁၉(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပြီး ယင်းနေ့ နံနက် ၁၁ နာရီတွင် ဆုတောင်းဝတ်ပြုမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။) [၂၂-၄-၂၀၁၉ ရက် နံနက် ၈ နာရီတွင် ရက်လည်ဆုတောင်းဝတ်ပြုမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်ကို(ခ)တန်အီပိန်း

### အသက်(၇၁)နှစ်

ညောင်တုန်းမြို့နယ်အသင်း

ညောင်တုန်းမြို့ရွှေရောရောင်းဝယ်ရေး

ညောင်ပင်လေးဈေး၊ ရန်ကုန်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ (၄)ရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးစင်းကား-ဒေါ်လှရင်)တို့၏ တတိယသား၊ (ဦးဟုတ်စိန်)-ဒေါ်ရွှေဝေတို့၏ မောင်၊ ဦးမောင်မောင်ကြည်-ဒေါ်ရွှေခင်တို့၏ ညီ၊ ဦးအောင်ကြည်-ဒေါ်ရွှေဟုန်၊ ဦးသန်းလွင်-ဒေါ်ရွှေနန်း၊ ဦးအိဂုက်-ဒေါ်ခင်ညိုဝင်းတို့၏ အစ်ကို၊ ဒေါ်ခင်ခင်ဖော၏ ခင်ပွန်း၊ မမေဇင်ဦး၊ မမေဇင်ဝင်း၊ မောင်လင်းထက်အောင်တို့၏ ဖခင်သည် ၁၆-၄-၂၀၁၉ (အင်္ဂါနေ့) ည ၁၀း၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ်(၁၃)၊ မြေညီထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်သိန်း(အင်းမ)

### အသက်(၅၉)နှစ်

ရန်ကုန်မြို့နေ (ဦးပေါ်လှ-ဒေါ်ထွားကြည်)တို့၏ သား၊ (ဦးမောင်မောင်စိုး-ဒေါ်ညွန့်ခင်)တို့၏ သားသမက်၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်း (င)ရပ်ကွက်၊ အမှတ် (၈၈)နေ ဒေါ်စန္ဒာစိုး(မြင့်စန္ဒာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်ခင်ဖုန်းမြင့်တို့၏ ညီ/မောင်၊ ဦးစိန်ဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဦးသန်းထွန်းဦး-ဒေါ်ခင်မာချို၊ ဦးကျော်ကျော်ဦး-ဒေါ်ဥမ္မာထွန်း၊ ဒေါ်နီနီချို၊ ဒေါ်ကြည်ကြည်မော်၊ ဦးကျော်မိုးနိုင်-ဒေါ်စန္ဒာခင်၊ ဒေါ်သီတာစိုး၊ ဦးသောင်းထိုက်စိုး-ဒေါ်တင်မာဇော်တို့၏ ညီ/အစ်ကို/မောင်၊ တူ/တူမ ခုနစ်ယောက်တို့၏ ဘကြီး၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၆-၄-၂၀၁၉ (အင်္ဂါနေ့) နံနက်၃း၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ မဓာဝီလမ်းမကြီး၊ ဇမ္ဗူအေးကျောင်းတိုက်၊ ပုပ္ပားကျောင်း၊ စျ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး

## ဒေါ်ခင်ဆွေလှိုင်

### အသက်(၉၈)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်ဘူး-ဒေါ်လှညွန့်)တို့၏ သမီးကြီး၊ တောင်ငူမြို့နေ (ဦးမြ-ဒေါ်မမ)တို့၏ သမီးချွေးမ၊ (ဗိုလ်မှူးကြီးသိန်းဟန်)၏ ချစ်လှစွာသောဇနီး၊ (ဦးကျော်အံ့-ဒေါ်အေးကြိုင်)၊ (ဦးခင်မောင်လေး)-ဒေါ်မာမာအေးတို့၏ အစ်မကြီး၊ ဒေါက်တာအောင်မျိုးဟန်-ဒေါက်တာ ခင်အိဟန်၊ (ဦးထွန်းနိုင်)-ဒေါ်ဆွေဆွေဟန်၊ (ဒေါက်တာခင်မဥ္ဇူဟန်)၊ ဦးမြင့်စိုး-ဒေါ်သိင်္ဂီဟန်တို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီး၊ တူ/တူမ ၁၇ယောက်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၅-၄-၂၀၁၉(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် အမှတ်(၃၀/D)၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၄-၂၀၁၉(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်ရီရီမြင့် (၇၇)နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၂)လုံးတန်း၊ တိုက်(၂၁၇)၊ အခန်း(၁၀)နေ (ဦးငွေဆိုင်-ဒေါ်ဆင့်)တို့၏ သမီးချွေးမ၊ (ဦးမောင်မောင်-ဒေါ်သန်း)တို့၏ သမီး၊ ဦးဝင်းမြင့် (ရုပ်ရှင်သရုပ်ဆောင်၊ စာရေးဆရာ၊ သတင်းထောက်)၏ ချစ်လှစွာသောဇနီး၊ [ဦးဂျော်မီ(ခ)ဦးတင်ဇော်အေး]-ဒေါ်နီလာဝင်းမြင့်၊ ဦးဆက်ဝင်းမြင့်(စွမ်းအင်-ငြိမ်း၊ ရေနံသယ်ပို့)-ဒေါ်စန်းစန်းဝင်း(လယ်ယာ/ဆည်မြောင်းစက်ရုံမှူး-ငြိမ်း)၊ ဦးသက်ဝင်းမြင့်-ဒေါ်ခင်တိုးမာ(ဗိုလ်ချုပ်ဈေး)တို့၏ ချစ်လှစွာသောမိခင်၊ ကိုခိုင်မင်းဇော်(ချင်းတွင်းကောလိပ်)၊ ကိုမင်းဟိန်းကျော်(ချင်းတွင်းကောလိပ်)၊ ကိုရဲအိမ်ချမ်းမြေ့၊ မယွန်းအိမ်ချမ်းမြေ့၊ မသင်းမြတ်ဝတီဦး (National Management Degree College)၊ မောင်မင်းဟန်ကောင်း(ALBA)တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၇-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

## ဦးသိန်းဇော်

### အသက်(၆၇)နှစ်

သဟဇာတစာပေ

PIC (ငြိမ်း)

ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၁)လမ်း၊ အမှတ်(၂၇၃)နေ ဦးအောင်သိန်း-ဒေါ်အုန်းမြင့်တို့၏သားကြီး၊ ဒေါ်မေမေခင် (ခ)ဒေါ်အုန်းမေ၏တူ၊ (ဦးသက်လွင်)-ဒေါ်မြင့်မြင့်စန်း၊ ဦးသက်တင်-ဒေါ်ချိုတို့၏ အစ်ကို၊ အမှတ်(၅၀) ကျောက်မြောင်းဈေးလမ်း၊ (ပ)ထပ်၊ ဗျိုင်း/ရွာမရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးဘာဘာ-ဒေါ်စောတင်)တို့၏သားသမက်၊ ကိုနိုင်နိုင်-မယဉ်ယဉ်ဌေးတို့၏မွေးသဖခင်၊ ဒေါ်သောင်းသောင်းဌေး (အလက-၅၊ ငြိမ်း၊ သာကေတ)၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ခုနစ်ယောက်တို့၏ ဘကြီးသည် ၁၆-၄-၂၀၁၉(အင်္ဂါနေ့) နံနက် ၆း၀၅ နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းစန်းမြင့်

### အသက် (၆၅)နှစ်

အထက(၃)၊ သဃ်္ဃန်းကျွန်း (ငြိမ်း)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ လွတ်လပ်ရေးလမ်း၊ အမှတ်(၁၃၂)နေ (ဦးကတုံး-ဒေါ်တင်လှ)တို့၏သမီး၊ (ဦးကံလှိုင်-ဒေါ်သိန်း)၊ ဦးထွန်းအေးကြည်တို့၏ ညီမ၊ ဦးခင်မောင်မြင့်၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်မြင့်မြင့်စိန်၊ ဒေါ်မြမြသန်း(ထ-၃၊ သင်္ဃန်းကျွန်း)၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးသိန်းဆွေမြင့်-ဒေါ်စီစီလှိုင်တို့၏ အစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ ကြီးတော်/အဒေါ်သည် ၁၇-၄-၂၀၁၉(ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၄-၂၀၁၉(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်နိုင်ဦး

### အသက်(၅၃)နှစ်

တာမွေမြို့နယ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊(၁၆၅)လမ်း၊ အမှတ်(၄၅)နေ ဦးအောင်တင်-ဒေါ်ကြူခွမ်းတို့၏ သားကြီး၊ ဦးသိန်း အောင်-(ဒေါ်ငြိမ်းတင်)တို့၏ သားသမက်၊ ဒေါ်မို့မို့လွင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဦး-ဒေါ်သင်းသင်းနွယ်၊ ဦးသန်းဌေးအောင်၊ ဦးဝင်းထွေး-မနီလာယုတို့၏ အစ်ကိုကြီး၊ မသီသီနိုင်၊ မောင်ကျော်ရဲလွင်၊ မောင်ရဲလင်းထိုက်တို့၏ မွေးသဖခင်သည် ၁၇-၄-၂၀၁၉ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅ နာရီ တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၉ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၄၅)၊ (၁၆၅)လမ်း၊ တာမွေကြီး(ခ) ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

## တစ်လပြည့်အထူးလွမ်းဆွတ်သတိရခြင်း

## မောင်အောင်ကောင်းမြတ် (ပထမနှစ်-မြန်မာစာ) အသက်(၂၀)

(၁၈-၃-၂၀၁၉) (၁၈-၄-၂၀၁၉)

၁၈-၃-၂၀၁၉ရက်နေ့တွင် မိသားစုနှင့် ခွဲခွာသွားခဲ့သော သားလေး၏ ကွယ်လွန်ခြင်း တစ်လပြည့်ခဲ့သော်လည်း တစ်နေ့မှ မေ့မရသေးပါ သားလေးရယ်။ အချိန်တိုင်းဝမ်းနည်းသတိရနေမိပါတယ် သားလေးရေ။ ဖေဖေ မေမေတို့ ပြုသမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို သားလေး မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဖေဖေ- ဦးသိန်းရွှေ (ရွှေပြည့်စုံကုမ္ပဏီ)**

**ချစ်မေမေ- ဒုတိယရဲမှူး သီသီနိုင်**

**ချစ်ညီမလေး- ယွန်းအိဖြူ**

# နေပြည်တော်၌ နှစ်သစ်မင်္ဂလာအခါသမယတွင် ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားများပြား

**နေပြည်တော် မေ ၁၇**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ကုန်ဆုံး၍ ၁၃၈၁ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ နေ့ထူးနေ့မြတ် အချိန်အခါ သမယဖြစ်သည့်အတွက် နှစ်ဟောင်းမှ ကိုယ်၏အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်၏အညစ်အကြေးများကို ကုသိုလ်ဒါနပြုခြင်းဖြင့် ဆေးကြောသန့်စင်၍ နှစ်သစ်ကို မင်္ဂလာရှိစွာ အစပြုကြသည်။

**အလှူဒါနပြု**

ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှုများ ပြုလုပ်ပေးခြင်းနှင့် ကန်တော့ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်းနှင့် ကုသိုလ်ဒါနပြုခြင်းတို့ဖြင့် နှစ်သစ်ကိုအစပြုကြသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် နှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တန်ခိုးကြီးဘုရားစေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြသူများ၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော် အတွင်း၌ (၁၁)ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရား တော်နာယူပွဲမင်္ဂလာအခမ်းအနားကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁



နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ (၁၁)ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ ကျင်းပစဉ်။



၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ မေ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် အင်းလေးဒေသ နန်းပန်ကျေးရွာအနီးရှိ ရေပြင်၌ သံဃာတော်အပါး ၁၀၀၀ စက်လှေများဖြင့် ရေပေါ်ဆွမ်း လောင်းလှူမည့်နေရာသို့ကြွချီရာ အလှူရှင်များက ဆွမ်းဆန်၊ အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။

ဓာတ်ပုံ-နေမျိုးသူရိန်

# ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာလူငယ်အသင်းများ ထွက်ခွာ

**ရန်ကုန် မေ ၁၇**

မြန်မာ ယူ-၁၈ အသင်းနှင့် မြန်မာ ယူ-၁၅ အသင်းသည် မေ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ဟောင်ကောင် ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက ဟောင်ကောင်သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာလူငယ်အသင်းများသည် အဖွင့်ပွဲအဖြစ် အိမ်ရှင်ဟောင်ကောင်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၈ အသင်းတွင် အုပ်ချုပ်သူ ဦးရဲဝင်းအောင်၊ နည်းပြချုပ် ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြ ဦးမင်းမင်းထွန်း၊ ဂိုးနည်းပြ ဦးစိန်အေး၊ **ဂိုး-**နေလင်းထက်၊ ပြည့်ဖြိုးသူ၊ **နောက်တန်း-** ရဲထက်အောင်၊ စည်သူမိုးခန့်၊ ကောင်းခန့်ကျော်၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ **အလယ်တန်း-**ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ပြည့်ဖြိုးအောင်၊ ရန်နိုင်လင်း၊ နောင်နောင်စိုး၊ သူရအောင်၊ ရဲမင်းကျော်၊ **ရှေ့တန်း-** စောကျော်အဲ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် နေပြည်တော်ကောင်စီ၏ တတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။


## ထွန်းရွှေဝါ ဆေးတိုက် နှစ်သစ်ကူးမင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများ၊ မိတ်ဆွေ အပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ နှစ်သစ်မင်္ဂလာ အခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း **ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး** မှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမြတ်ကို ပမာဏ မထား
အတတ်ကို ပဓာန ထားသည်။
ဂုဏ်ထူး ဦးသိန်းနိုင်
(ဂုဏ်ထူးမြန်မာစာ)
တည်ထောင်အုပ်ချုပ်ခဲ့သည်မှာ
၁၉၉၃ မှ ယနေ့အထိ ယှဉ်ပြိုင်သူ မရှိခဲ့ပါ။
ဆရာစုံ ဘာသာစုံနှင့်
အင်တိုက်အားတိုက်သင်ကြားနေပြီ
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc(Final)

"အတော်ဆုံး အတတ်ဆုံး နိုင်ငံသိ ဆရာများချည်း စုဝေးရာ၊ နှစ်စ နှစ်ဆုံး မပျက်မကွက် သင်ကြားရာကို အကောင်းဆုံးကျောင်းအဖြစ် မိဘနှင့်ကျောင်းသားကသာ သတ်မှတ်ကြသည်။"

ဂုဏ်ထူးဦးသိန်းနိုင်
ကိုယ်ပိုင်အထက်တန်းကျောင်းကြီး နှင့်
ပညာရေးဘော်ဒါဆောင်များ
မြေအမှတ် ၂၈(A)+၂၈(B)၊ဝေဃယန္တာလမ်းမကြီး၊
ဥက္ကံတိအိမ်ရာ၊ (ORANGE SUPER MART ညာဖက်)၊သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂

ဤကြေညာထားသည့်ဆရာများက သင်ကြားကြသည်ဆိုလျှင်...
ဤသို့ပင် စည်ကားသိုက်မြိုက်ရမြဲ။

ဒသမတန်း တန်းခွဲ(၁)+(၂)
မတ်လ (၇)ရက်က စဖွင့်သည်နှင့် တန်းခွဲ(၂)ခွဲလုံး ပြည့်ပါပြီ။
နောက်ထပ် လက်ခံစရာ နေရာ မရှိတော့ပါ။

မေ(၉)ရက် ဒသမတန်း တန်းခွဲ(၃)
မေ(၂)ရက် ဒသမတန်း တန်းခွဲ(၄)
ဖွင့်ပါမည်။

ကြိုတင် အပ်နှံထားပါမှသာ တစ်နေရာစာ သေချာပါမည်။

ဘယ်သူ ဘယ်မှုနဲ့မှ မတူသည့် ပညာရေးအင်အား
• ဂုဏ်ထူးဦးသိန်းနိုင်
ဂုဏ်ထူးဒေါ်စန်းမြင့်
• ဆရာနေအုပ်(စိန်ပေါင်)
ဂုဏ်ထူးဦးအောင်နိုင်
• ဒေါက်တာညီညီ(Ph.D)
• ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
• ဆရာ ဇော်လင်းအောင်
• ပါမောက္ခ ဒေါက်တာထွန်းခင်
ပါမောက္ခ ဒေါက်တာခင်မောင်ထွန်း
• ဒေါက်တာ ဝီဝ(Dr. ညီညီနိုင်)
• စိုင်းစိန်မြင့်အောင်

အထက်တန်း အောင်ပွဲဝင်

မူလတန်း အထူး

အလယ်တန်း အာမခံ

# နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း နေပြည်တော်ကောင်စီ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများ

**တွေ့ဆုံမေးမြန်း - သီသီမင်း၊ ဓာတ်ပုံ - မိုင်ခ**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်

**နေပြည်တော်ကောင်စီအတွင်းရှိ မြို့နယ်များနှင့် ကျေးလက်ဒေသများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရန် အနာဂတ်မျှော်မှန်းချက်များ ရွေးချယ်သတ်မှတ်ပြီး မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့်အညီ အရှိန်အဟုန်မြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

**အစိုးရသစ်သက်တမ်း တတိယ(၁)နှစ်တာကာလအတွင်း နေပြည်တော်ကောင်စီသည် နေပြည်တော် ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့တော် စည်ပင်သာယာလုပရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီ ဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့်စပ်လျဉ်းပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားဖော်ပြလိုက်ရပါသည်-**

**မေး။ ။ နေပြည်တော် ကောင်စီအနေနဲ့ လက်ရှိအစိုးရသက်တမ်း သုံးနှစ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်တွေရှိရင် ပြောပြပေးပါရှင်။**

ဖြေ။ ။ နေပြည်တော်မှာ မြို့နယ် ရှစ်မြို့နယ်နဲ့ လူဦးရေ ၁၁ သိန်းကျော် နေထိုင်ကြပါတယ်။ အဲဒီအထဲမှာ လူဦးရေသုံးသိန်းခွဲနဲ့ လေးသိန်းက နိုင်ငံ့ဝန်ထမ်းတွေ၊ ကျန်တဲ့ ခြောက်သိန်းခွဲနဲ့ ခုနစ်သိန်းကြားက ကျေးလက်နေပြည်သူတွေ ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီအနေနဲ့ အစိုးရသစ်သက်တမ်း တတိယ(၁)နှစ်တာ ကာလအတွင်း မိမိတို့တာဝန်ယူရတဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ အဆင့်အတန်းမြင့်မားရေးတို့ကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက်နေပါတယ်။ အဓိကလိုအပ်ချက်တွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်း၊ တံတားတွေအပြင် အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်နေပါတယ်။

**ဆောင်ရွက်လျက်ရှိ**

ဒါ့အပြင် နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော် ဖွံ့ဖြိုးတိုးတက်ရေး၊ စည်ပင်သာယာရေးနဲ့ သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ယခုလို ဒေသဖွံ့ဖြိုးရေးအတွက် ကဏ္ဍစုံကနေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့အထဲက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့ အပိုင်းကို ပထမဆုံး ရှင်းပြပေးပါရှင်။**

ဖြေ။ ။ ပညာရေးကဏ္ဍ ဆောင်ရွက်တဲ့အခါမှာ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ လွှတ်တော်ရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ ဒေသန္တရအလှူရှင်တွေနဲ့တွဲပြီး လုပ်ငန်းပေါင်း ၁၀၆ ခုကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ ခွင့်ပြုငွေကျပ်သန်းပေါင်း ၅၄၉၂ သန်းကျော်နဲ့ဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။ ပထမဆုံးဆောင်ရွက်တာက အခြေခံပညာကျောင်းပေါင်း ၉၆ ကျောင်းကို ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်းမှာ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနရဲ့ မူဝါဒအရ ဆရာ ဆရာမတွေ တိုးခန့်ဖို့ ဦးစားပေးရတဲ့အတွက် ပြည်ထောင်စုနယ်မြေမှာ ၅၆၆ ဦးကို တိုးခန့်ထားနိုင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ပညာရေးမူဝါဒဖြစ်တဲ့ စနစ်သစ်မှာ ခေတ်သစ်ပညာရေးစနစ်ကို အဆင့်မြင့်ပညာရေးစနစ်ဖြစ်အောင် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ကျန်းမာရေးကဏ္ဍမှာဒေသခံပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နေတာရှိရင် ပြောပြပေးပါ။**

ဖြေ။ ။ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း မီနီဘတ်ဂျက်လို့ခေါ်တဲ့ ခြောက်လဘတ်ဂျက်မှာ လုပ်ငန်း ၂၄ ခုကို ငွေကျပ်သန်းပေါင်း ၁၇၀၀ ကျော် သုံးနိုင်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ နေပြည်တော်မှာ အဓိက ကာကွယ်ဆေးထိုးအပိုင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်တယ်လို့ ပြောလို့ရပါတယ်။

**ကူးစက်ရောဂါတွေ လုံးဝမဖြစ်ပွားခဲ့**

အဓိကဖြစ်တဲ့ ကာကွယ်ရေးပိုင်းမှာ ကာကွယ်ဆေး အမျိုးအစား၊ ပိုလီယို၊ ဆံ့ဆို့နာ၊ ပြင်းထန်အဆုတ်ရောင်ရောဂါစတဲ့ ကာကွယ်ဆေး အမျိုးအစား ခုနစ်မျိုးကို အနည်းဆုံး ၉၁ ရာခိုင်နှုန်းကျော်ကနေ အများဆုံး ၉၈ ရာခိုင်နှုန်းအထိ အောင်မြင်စွာ ထိုးနိုင်ခဲ့ပါတယ်။ ဒါကြောင့် နေပြည်တော်ကောင်စီမှာ အားရစရာအကောင်းဆုံးအချက်က ပြီးခဲ့တဲ့နှစ်မှာ ကာကွယ်ဆေးစီမံချက်မှာ ပါဝင်တဲ့ ကူးစက်ရောဂါတွေ လုံးဝမဖြစ်ပွားခဲ့ပါဘူး။

နောက်ကုသရေးပိုင်းမှာ မြို့နယ်အဆင့်ဆေးရုံ ၁၆ ခုရှိပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာ

အထူးကဏ္ဍ [ ခ ] သို့ »»

**ပညာရေးကဏ္ဍ ဆောင်ရွက်တဲ့အခါမှာ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ လွှတ်တော်ရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ ဒေသန္တရအလှူရှင်တွေနဲ့တွဲပြီး လုပ်ငန်းပေါင်း ၁၀၆ ခုကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ ခွင့်ပြုငွေကျပ် သန်းပေါင်း ၅၄၉၂ သန်းကျော်နဲ့ ဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။ ပထမဆုံး ဆောင်ရွက်တာက အခြေခံပညာကျောင်းပေါင်း ၉၆ ကျောင်းကို ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်းမှာ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့**



နေပြည်တော်ရှိ ကြာပန်းအဝိုင်းကို မီးရောင်စုံများဖြင့် လှပတင့်တယ်စွာ တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

အတွင်း နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီးက တစ်တိုင်းပြည်လုံးက ပြည်သူတွေကို ကုသပေးနေပါတယ်။ နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီးမှာ အထူးကုဌာန ၂၃ ဌာန ဖွင့်ပြီး ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးမှာ မကြာခဏဖြစ်တဲ့ ယာဉ်မတော်တဆမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ လူနာတွေကို ခုတင် (၁၀၀၀) ဆေးရုံကြီးမှာ ကုသမှုခံယူကြတာများပါတယ်။

**ကုသဆောင်ရွက်ပေးနိုင်**

ပြီးခဲ့တဲ့နှစ်မှာ အဓိက ဆောင်ရွက်နိုင်တာက နှလုံးသွေးကြောကျဉ်းရောဂါ အဆင့်မြင့် သွေးကြောချဲ့ကြည့်ရတဲ့ ဓာတ်ခွဲကိရိယာနဲ့တကွ ခွဲစိတ်ကုသတဲ့ အဆောင်လေးတစ်ခု တိုးချဲ့ဖွင့်နိုင်ခဲ့ပါတယ်။ ပထမတစ်သုတ်မှာ လူနာ ၇၉ ဦးကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လအတွင်းမှာ နောက်ထပ်လူနာ ၁၃ ဦးကို ကုသပေးနိုင်ခဲ့ပါတယ်။ အခုဖွင့်လှစ်ခဲ့တဲ့ ငါးလအတွင်းမှာ လူနာ ၁၀၀ ကျော်ကို အောင်မြင်စွာ ကုသဆောင်ရွက်ပေးနိုင်ပါပြီ။

နောက်တစ်ခုက အဆင့်မြင့် လူနာဆောင်နှစ်ဆောင် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ထိုင်းနိုင်ငံက ဆေးရုံကြီးတစ်ရုံနဲ့တွဲဖက်ပြီး ဆီးနဲ့ကျောက်ကပ်အထူးကုဆရာဝန်တွေနဲ့ ပူးပေါင်းကာ လူနာခုနစ်ယောက်ကို ရှေ့ပြေးအနေနဲ့ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။ ဒါက နိုင်ငံခြားမှာ သွားရောက်ကုသရင် ငွေကုန်ကျစရိတ်တွေအစား အခမဲ့နီးပါး ကုသရမယ့် အစီအစဉ်ဖြစ်ပါတယ်။

**ချိတ်ဆက်ပေးမှုကို ဆောင်ရွက်နေ**

နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီးမှာ လူနာတွေနဲ့ ဆရာဝန်တွေ မထိခိုက်စေဘဲ နောက်ဆုံးပေါ်နည်းစနစ်ဖြစ်တဲ့ Digital X - Ray စနစ်ကို တပ်ဆင်ပြီးဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာ နည်းစနစ်အသစ်အနေနဲ့ ပေါ်ပေါက်လာတဲ့ One Stop Service အနေဖြင့် သက်ငယ်မုဒိမ်းမှုတွေနဲ့ စွန့်ပစ်ကလေးငယ်တွေကို ဆေးရုံကနေ ယာယီကာကွယ် ကုသစောင့်ရှောက်ပေးပြီး သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ပေးမှုကို ဆောင်ရွက်နေပါတယ်။




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

**မေး။ ။ ဒေသဖွံ့ဖြိုးရေးနဲ့ပတ်သက်လို့ အထူးအရေးပါတဲ့ လမ်း၊ တံတား တည်ဆောက်ရေးကဏ္ဍတွေကို သိပါရစေရှင့်။**

ဖြေ။ ။ နေပြည်တော်မှာ ကျေးရွာချင်းဆက်လမ်းမကြီးတွေကိုပဲ အဓိကထား ဖော်ဆောင်နေပါတယ်။ ခြောက်လဘတ်ဂျက်နဲ့ ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းပေါင်း ၂၄၆ ခုကို ငွေကျပ် သန်းပေါင်း ၂၅၃၈ သန်းကျော်နဲ့ ဖော်ဆောင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ပြည်ထောင်စုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ လွှတ်တော်ရန်ပုံငွေတွေနဲ့ လုပ်ငန်းပေါင်း ၆၂၄ ခုကို ငွေကျပ်သန်းပေါင်း ၃၁၈၁၄ သန်းနဲ့ ခွင့်ပြုဖို့ရှိပါတယ်။

ထူးကဲရာသီဥတုကြောင့် ၂၀၁၇ ခုနှစ်မှာ ရန်ကုန် - မန္တလေး လမ်းဟောင်းက မိုင် ၈၀ ကျော်ထဲက ဇေယျာသီရိမြို့နယ်ထဲမှာ လမ်းမိုင် နှစ်မိုင်ခန့်က ရေမြုပ်ခဲ့ပါတယ်။ လမ်းရေမြုပ်ချိန်က နာရီပိုင်းလောက်ဆိုပေမယ့် အသွားအလာတစ်ရက်နီးနီး ပြတ်တောက်သွားပါတယ်။ ဒီလိုဖြစ်ပေါ်ရခြင်းက ရေဆင်းဆည်ကနေ မိုးရေချိန်များတဲ့အခါ ရေပိုလွှဲကနေ လွှတ်လိုက်တဲ့ရေတွေက လမ်းပေါ်ရောက်ရှိလာလို့ ဖြစ်ပါတယ်။ ဒါကနောင်လည်း ဖြစ်ပေါ်လာနိုင်တဲ့အတွက် ဘတ်ဂျက်တင်ပြပြီး လမ်းပေါ်မရောက်အောင် ရေဆင်းချောင်းဖော်ပြီး ရေလွှဲနဲ့ ရေမမြုပ်အောင် ရေနုတ်မြောင်းတွေ အသစ်ဖောက်လုပ်ခဲ့ပါတယ်။

**မေး။ ။ ကျေးလက်ဒေသအပါအဝင် ဒေသတစ်ခုလုံး ဖွံ့ဖြိုးဖို့အတွက် အထူးအရေးပါတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းကဏ္ဍတွေ တိုးတက်အောင် ဆောင်ရွက်ပေးနေမှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ နေပြည်တော်မှာ တောင်သူလယ်သမားဦးရေကများပြီး လယ်ယာကဏ္ဍနဲ့ စိုက်ပျိုးရေးထွက်ကုန်နဲ့ နီးနွယ်တဲ့ လုပ်ငန်းတွေ အများဆုံးလုပ်ကိုင်ကြပါတယ်။ လူဦးရေ ခုနစ်သိန်းကျော်ရှိတဲ့ တောင်သူလယ်သမားတွေက မိုးစပါးစိုက်ပျိုးမှု ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးကြပြီး အထွက်နှုန်းက တင်း ၁၄ သိန်းခွဲနဲ့ ၁၅ သိန်းလောက် ပုံမှန်ထွက်ရှိပါတယ်။ နွေစပါးအနေနဲ့ စိုက်ပျိုးမှုနည်းပြီး ဧက ၇၀၀ ကျော်ကို လျာထားစိုက်ပျိုးထားပါတယ်။ နေပြည်တော်ရဲ့ ထူးခြားချက်က လယ်ယာကဏ္ဍများတဲ့အတွက် ဒေသဝမ်းစာဖူလုံပါတယ်။

စပါးမျိုးသန့်ထုတ်လုပ်မှုအနေနဲ့ မိုးစပါးဧက ၁၄၀၀ ကျော်စိုက်ပြီး တစ်ဧက မျိုးသန့်အထွက်နှုန်း တင်း ၈၀ ကျော်နဲ့ တင်းပေါင်းသိန်း ၁၀၀၀၀ ကျော်ထွက်ရှိကာ လယ်သမားတွေကို သင့်လျော်တဲ့ဈေးနှုန်းနဲ့ ပြန်ဖြန့်ဝေပေးနေပါတယ်။

**ရေမမြုပ်အောင် ကာကွယ်ဆောင်ရွက်**

ဆည်မြောင်းကဏ္ဍမှာ ပြီးခဲ့တဲ့ ခြောက်လဘတ်ဂျက်နဲ့ ငွေကျပ်သန်းပေါင်း ၁၅၀ နဲ့ ရေဆင်း၊ ငလိုက်၊ ဆင်သေဆည်တွေ ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခုက ယခင်နှစ်က ရေဆင်းဆည်မှာ ဖြစ်ပေါ်ခဲ့တဲ့ ရေပိုလွှဲကြောင့် ကျေးရွာအိမ်ခြေ ၃၀၀ ကျော် ရေနစ်မြုပ်တာကို ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘတ်ဂျက်မှာ စိုက်ပျိုးမြေဧက ၂၃၀၀ ကျော်နဲ့ ၂၄၀၀ နီးပါးကို ရေမမြုပ်အောင် ကာကွယ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

မွေးမြူရေးကဏ္ဍအနေနဲ့ မြစိမ်းရောင် (အသားကဏ္ဍ)မှာ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာ၊ ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာနဲ့ ဥတ္တရသီရိမြို့နယ် သရက်တောကျေးရွာတို့မှာရှိတဲ့ လယ်သမားတွေကို ဝက်ကောင်ရေ ၆၀၀ နဲ့ နွားကောင်ရေ ၆၀ ကို ဖြန့်ဖြူးပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိတဲ့အပြင် ကျွဲ၊ နွား ရောဂါကာကွယ်ဆေးထိုးခြင်း၊ မေထုံမွဲ

အထူးကဏ္ဍ [ ဂ ] သို့ »»»



နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ မြေဂရန်လျှောက်ထားမှုများ၊ အမည်ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။

> **နေပြည်တော်မှာ ကျေးရွာချင်းဆက်လမ်းမကြီးတွေကိုပဲ အဓိကထား ဖော်ဆောင်နေပါတယ်။ ခြောက်လဘတ်ဂျက်နဲ့ ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်း ပေါင်း ၂၄၆ ခုကို ငွေကျပ်သန်းပေါင်း ၂၅၃၈ သန်းကျော်နဲ့ ဖော်ဆောင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ပြည်ထောင်စုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ လွှတ်တော်ရန်ပုံငွေတွေနဲ့ လုပ်ငန်းပေါင်း ၆၂၄ ခုကို ငွေကျပ်သန်းပေါင်း ၃၁၈၁၄ သန်းနဲ့ ခွင့်ပြုဖို့ရှိ**

»»» အထူးကဏ္ဍ [ ခ ] မှ

သားစပ်ပေးခြင်းနဲ့ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေး ကျင့်စဉ်သင်တန်းနဲ့ ဟောပြောပွဲတွေကို ပြုလုပ်ပေးပြီး လူဦးရေ ၅၀၀၀ ကျော်ကို ပညာပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ လျှပ်စစ်မီးလင်းရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေကို သိပါရစေရှင့်။**

ဖြေ။ ။ နေပြည်တော်ရဲ့ အားသာချက်က ရေအားလျှပ်စစ်ထုတ်ပေးတဲ့ အထက်ပေါင်းလောင်း၊ အလယ်ပေါင်းလောင်းနဲ့ နန်ချိုစတဲ့ ဆည်ကြီးသုံးခုအပြင် နောက်တစ်ခုကို ထပ်ဆောက်နေပါတယ်။ လျှပ်စစ်ဌာနရဲ့ ရှင်းလင်းတင်ပြချက်အရ နေပြည်တော်က လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀ ကျော် ထွက်ရှိပြီး စက်မှုကဏ္ဍအပါအဝင် မဂ္ဂါဝပ် ၁၆၀ လောက်ရှိပါတယ်။ ကျန်တဲ့လျှပ်စစ်ဓာတ်အားတွေကို National Grid လျှပ်စစ်ဓာတ်အားလိုင်းကို ပေးသွင်းနေပါတယ်။ နေပြည်တော်မှာ ကျေးရွာပေါင်း ၇၉၆ ရွာရှိတဲ့အနက် ၄၃၂ ရွာ မီးရရှိနေပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၄၈ ရွာ ထပ်မံမီးလင်းနိုင်မှာဖြစ်ပါတယ်။ ကျန်တဲ့ ကျေးရွာ ၃၁၆ ရွာ မီးလင်းရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကနေ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အထိ နှစ်အလိုက် ဓာတ်အားခွဲရုံတွေ တည်ဆောက်ခြင်းနဲ့ လျှပ်စစ်မီးချိတ်ဆက်ပေးခြင်းတို့ကို ဆောက်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှုကို သိပါရစေရှင်။**

ဖြေ။ ။ လယ်ယာမြေနဲ့ ပြည်သူတွေအတွက် သောက်သုံးရေ အပါအဝင် နေပြည်တော်စည်ပင်က ထိန်းသိမ်းထားတဲ့ ဆည် ၃၀ ကျော်နဲ့ ဆည်မြောင်းဌာနက ထိန်းသိမ်းထားတာ ၁၀ ခုရှိပါတယ်။ ဆည်ရေကနေ ပြည်သူကို သောက်သုံးရေပေးဖို့ လက်လှမ်းမမီတဲ့ နေရာတွေကို ကျေးလက်ဦးစီးဌာနကနေ အဝီစိတွင်းတွေ တူးပေးပါတယ်။ ရေရှည်စီမံကိန်းအနေနဲ့ ဆည်ကနေရေပေးဝေတဲ့စနစ်က အကောင်းဆုံးဖြစ်တဲ့အတွက် စီမံချက်တွေရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ် ခြောက်လဘတ်ဂျက်မှာ ကျေးလက်ဦးစီးဌာနကတစ်ဆင့် လုပ်ငန်း ၂၆ ခု ဖော်ဆောင်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ လုပ်ငန်းပေါင်း ၁၀၀ ဆောင်ရွက်ဖို့အတွက် ဘတ်ဂျက်မှာ ငွေကျပ်သန်းပေါင်း ၆၂၀၀ ကျော် တင်ပြထားပါတယ်။

**မေး။ ။ ဒေသရဲ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်မှာ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေတို့နဲ့ လုပ်ငန်းပေါင်း ၁၉၃ ခုကို ငွေကျပ်သန်းပေါင်း ၁၂၄၅ သန်းကျော်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေနဲ့ ပြည်ထောင်စုလွှတ်တော်ခွင့်ပြုရန်ပုံငွေတို့နဲ့ လုပ်ငန်းပေါင်း ၁၇၂ ခုကို ငွေကျပ်သန်းပေါင်း ၁၆၆၅၄ သန်းကျော်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

### ရေလွှမ်းမိုးမှုကနေ ကာကွယ်နိုင်မှာဖြစ်

အခြားဒေသဖွံ့ဖြိုးရေး ကဏ္ဍအနေနဲ့ ဥတ္တရသီရိမြို့နယ်မှာရှိတဲ့ မိုးရာသီရောက်ရင် နှစ်စဉ် ရေကြီးရေလျှံမှုကိုခံရတဲ့ ဒေသခံတွေအတွက် ရေထိန်းနံရံတွေ တည်ဆောက်ပေးခြင်းနဲ့ သဲနုန်းတူးဖော်ခြင်းတွေကို ဆောင်ရွက်နေပါတယ်။ ဒီလုပ်ငန်းတွေပြီးစီးရင် အိမ်ခြေ ၂၉၀၀ ကျော်နဲ့ လယ်ဧက ၃၅၀၀ ကျော်ကို ရေလွှမ်းမိုးမှုကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် အထူးကိစ္စရပ်အနေနဲ့ နေပြည်တော်က ဝန်ကြီးဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ ဝန်ထမ်းအိမ်ရာ ၄၃ လုံးကို ငွေကျပ်သန်းပေါင်း ၂၂၈၇၈ သန်းကျော် အကုန်အကျခံပြီး ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ ဝန်ထမ်းအိမ်ရာ ၇၆ လုံးကို ငွေကျပ်သန်းပေါင်း ၅၀၀၀၀ အကုန်အကျခံပြီး တည်ဆောက်ပေးလျက်ရှိရာ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ပါတယ်။

ပြည်သူ့အကျိုးပြု လုပ်ငန်းအနေနဲ့ နေပြည်တော် ရှစ်မြို့နယ်အတွင်းမှာ ပြည်သူ့ဝန်ဆောင်မှုရုံးတွေဖွင့်လှစ်ပြီး ဝန်ဆောင်မှု လုပ်ငန်းပေါင်း ၃၁၇၅၈ ခုကို ဆောင်ရွက်ပေးနေပါတယ်။ ကျေးလက်လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်မှာ ခွင့်ပြုငွေကျပ် ၃၇ သန်းနဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း ၂၂ ကြိမ် ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်း ၇၂ ကြိမ်ကို ခွင့်ပြုငွေကျပ် ၁၃၅ သန်းနဲ့ အကောင်အထည်ဖော်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။

> **ပြည်သူ့အကျိုးပြု လုပ်ငန်းအနေနဲ့ နေပြည်တော် ရှစ်မြို့နယ်အတွင်းမှာ ပြည်သူ့ဝန်ဆောင်မှုရုံးတွေဖွင့်လှစ်ပြီး ဝန်ဆောင်မှု လုပ်ငန်းပေါင်း ၃၁၇၅၈ ခုကို ဆောင်ရွက်ပေးနေပါတယ်။ ကျေးလက်လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်မှာ ခွင့်ပြုငွေကျပ် ၃၇ သန်းနဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း ၂၂ ကြိမ် ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်း ၇၂ ကြိမ်ကို ခွင့်ပြုငွေကျပ် ၁၃၅ သန်းနဲ့ အကောင်အထည်ဖော်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေ**

**မေး။ ။ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နေမှုကို သိပါရစေရှင့်။**

ဖြေ။ ။ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တည်ဆဲဥပဒေအရ ရရှိနိုင်မယ့် အခွင့်အရေးတွေကို ပြည်သူတွေ အပြည့်အဝခံစားခွင့်ရရှိဖို့ ပြစ်မှုကြိုတင်ကာကွယ်ရေးဆောင်ရွက်ခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်တွေကနေ မူခင်းအသိပညာပေးဟောပြောခြင်း၊ နယ်မြေလှည့်ကင်းဆောင်ရွက်ခြင်း၊ ပြစ်မှုကျူးလွန်တတ်သူတွေကို စောင့်ကြည့်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နေပါတယ်။ မြို့ဝင်/မြို့ထွက် ဂိတ်တွေနဲ့ အရေးကြီးနေရာတွေမှာ CCTV ကင်မရာ ၅၁ လုံး တပ်ဆင်ပြီး ၂၄ နာရီ စောင့်ကြည့်နေပါတယ်။ မူးယစ်ဆေးဝါးနှိမ်နင်းရေးကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး တတိယ (၁)နှစ်တာကာလအတွင်း မူးယစ်ဆေးဝါးအမှု ၉၃ မှု ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

**မေး။ ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူတွေရဲ့ လိုအပ်တဲ့ ငွေကြေးကို အတိုးနှုန်းသက်သာစွာနဲ့ ထုတ်ချေးပေးနေမှုကို သိပါရစေရှင့်။**

ဖြေ။ ။ နေပြည်တော်က စက်မှုလက်မှုလုပ်ငန်းနည်းပြီး ကျေးလက်နဲ့ ဆက်နွယ်တဲ့ လုပ်ငန်းတွေက များပါတယ်။ အသေးစား အရင်းအနှီးချေးငွေလုပ်ငန်း (EXIM Bank)မှာ အခြေခံအသင်း ၂၇၃ သင်းရှိပြီး တောင်သူလယ်သမား ၂၆၉၇ ဦးကို အတိုးနှုန်းသက်သာစွာနဲ့ စိုက်ပျိုးစရိတ်ချေးငွေကို ပထမအကြိမ်အဖြစ် ငွေကျပ် ၄၁၃၂ သန်းကျော် ထုတ်ချေးခဲ့ပါတယ်။ ဒုတိယအကြိမ်အဖြစ် ယခုနှစ်မှာ အခြေခံအသင်း ၂၄၄ သင်းရှိ အသင်းသား ၂၂၀၀၁ ဦးကို ငွေကျပ် ၃၃၆၆ သန်းကျော် ထုတ်ချေးပေးခဲ့ပါတယ်။ ဒီလိုချေးပေးခြင်းဖြင့် တောင်သူလယ်သမားတွေအနေနဲ့ ပြင်ပမှာပေးရတဲ့ အတိုးနှုန်းထက် နှစ်ဆလောက် သက်သာသွားပါတယ်။

### ထုတ်ချေးပေးခဲ့

အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း (သက်တံရောင်)အစီအစဉ်နဲ့ ငွေကျပ်သန်း ၅၂၉ သိန်းကျော်ကို အသင်းသား လက်လုပ်လက်စားနဲ့ ကျပန်းအလုပ်သမား ၉၀၀၀ ကျော်ကို အတိုးနှုန်းသက်သာစွာနဲ့ ပထမအကြိမ် ထုတ်ချေးပေးခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ငွေကျပ် ၄၁၃ သန်းကျော်ကို ထုတ်ချေးပေးခဲ့ပါတယ်။

**မေး။ ။ မြို့တော်ဖွံ့ဖြိုးရေး၊ သန့်ရှင်းသာယာလှပရေး၊ မြို့ပြအင်္ဂါရပ်တွေနဲ့ ညီညွတ်အောင် ဆောင်ရွက်ထားရှိမှုကို သိချင်ပါတယ်။**

ဖြေ။ ။ နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ တတိယ (၁)နှစ်တာကာလမှာ ဈေးများဌာနအနေနဲ့ အောင်ဇမ္ဗူဈေးကို အခုနှစ်အတွင်းမှာ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီလို ဖွင့်ပေးလိုက်ခြင်းဖြင့် လမ်းရဲ့ဘေးဝဲ/ယာမှာ စည်းကမ်းမဲ့ရောင်းချနေတဲ့ ဈေးသည်တွေကို ဈေးအတွင်း စနစ်တကျပြောင်းရွှေ့ ရောင်းချစေတာကြောင့် ယာဉ်ကြောပိတ်ဆို့မှု၊ အမှိုက်သရိုက်တွေနဲ့

အထူးကဏ္ဍ [ ဃ ] သို့ »»»



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူဈေးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုတွေကို ကာကွယ်ပေးနိုင်ခဲ့ပါတယ်။

အင်ဂျင်နီယာဌာန (လမ်းတံတား)အနေနဲ့လည်း ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်မှာ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းနဲ့ သီရိငါးမြို့နယ်မှာ ၃၂၄၄ ပေရှိတဲ့ ကျောက်ရောမြေ(ရိစာ) လမ်းကို ငွေကျပ် ၂၃ သန်းကျော်၊ ကွန်ကရစ်တံတား ၇၇ စင်းကို ငွေကျပ် ၅၂၂ သန်းကျော်၊ ကျောက်စီရေမြောင်း၊ အုတ်စီရေမြောင်း၊ မြေထိန်းနံရံနဲ့ မြေသားရေမြောင်း တည်ဆောက်တာတွေကို ငွေကျပ်သန်းပေါင်း ၃၀၀ ကျော် အကုန်အကျခံဆောင်ရွက်ခဲ့ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၉၀ အတွက် ငွေကျပ်သန်းပေါင်း ၈၄၆ သန်းကျော်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

### ဆက်လက်ဆောင်ရွက်သွား

ပန်းဥယျာဉ်နဲ့ အားကစားကွင်းများဌာန အနေနဲ့ ရေပန်းဥယျာဉ်ကို နိုင်ငံတကာ အဆင့်မီ ဆောင်ရွက်သွားနိုင်ဖို့ ၂၀၁၈ ခုနှစ် ကပြုလုပ်တဲ့ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် ၂၉/ ၂၀၁၈ အရ ပုဂ္ဂလိက လုပ်ငန်းရှင်တွေထံ အငှားချထားဖို့အတွက် ဆုံးဖြတ်ခဲ့ပါတယ်။ နှစ်ရှည်လုပ်ကိုင်နိုင်စွမ်းရှိတဲ့ ပြည်တွင်းကုမ္ပဏီရှစ်ခုရဲ့အဆိုပြုတင်ပြမှုအပေါ် တင်ဒါစနစ်နဲ့ အပြီးသတ်ရွေးချယ်နိုင်ရေးအတွက် တင်ဒါစည်းမျဉ်းစည်းကမ်းများကို ရေးဆွဲပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ တင်ဒါခေါ်ယူပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနအနေနဲ့ နေပြည်တော်ရှိ ဝန်ထမ်းတွေနဲ့ ပြည်သူတွေအပန်းပြေစေဖို့ ရုပ်သံလိုင်းတွေ ထုတ်လွှတ်ပေးနေသလို နေပြည်တော်စည်ပင်သာယာရေးကော်မတီရဲ့ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုတွေကိုသိရှိဖို့ ထုတ်လွှင့်တင်ပြပေးနေပါတယ်။ ဒါ့အပြင် CATV ရုပ်သံလိုင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကစပြီး ထုတ်လွှင့်ခဲ့ပါတယ်။ အဲဒီရုပ်သံလိုင်းကနေ သတင်းကဏ္ဍ၊ သာယာလှပနေပြည်တော်ကဏ္ဍ၊ ဌာနများရဲ့ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတို့အပြင် ရှေ့ဆက်ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို ထုတ်လွှင့်တင်ဆက်ပေးနေပါတယ်။

၂၀၁၇ ခုနှစ်က ရပ်နားထားတဲ့ ဘီလပ်မြေစက်ရုံ(နေပြည်တော်)ကို တင်ဒါအောင်မြင်ခဲ့တဲ့ ဖွံ့ဖြိုးမြန်မာစွမ်းအားဆောက်လုပ်ရေးနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီတို့နဲ့ စာချုပ်ချုပ်ဆို ငှားရမ်းနိုင်ရေးအတွက် အစိုးရအဖွဲ့ရုံးကိုတင်ပြခဲ့ရာ ခွင့်ပြုမိန့်ရရှိပြီးဖြစ်တဲ့အတွက် ကော်မတီပိုင်ဝင်ငွေ တိုးတက်ရရှိလာတော့မှာဖြစ်ပါတယ်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးကို လာရောက်ပြသတဲ့ ပြင်ပလူနာဦးရေဟာ ၅၀၀ ကျော်/ ၆၀၀ ဝန်းကျင်ရှိတဲ့အတွက် လူနာနဲ့ အဆောက်အအုံ မမျှမတဖြစ်နေတဲ့အတွက် ငွေကျပ်သန်း ၄၀၀ ကျော်အကုန်အကျခံပြီး အထူးကုပြင်ပလူနာဌာန တိုးချဲ့ဆောင်အသစ်ဆောက်လုပ်ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်မှာ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်းမှာ ထူးထူးခြားခြားဆောင်ရွက်တာက နေပြည်တော်မှာ ကျူးကျော်ပြည်သူလူထုက ၁၂၀၀ ကျော်လောက်ရှိပါတယ်။ ပထမအဆင့်အနေနဲ့ သူတို့အတွက် အခြေခံကျတဲ့ ပြည်သူလက်လှမ်းမီတဲ့ အိမ်ရာစနစ်ကို ၁၅ နှစ်အရစ်ကျ ချေးငွေစနစ်နဲ့ ဝယ်ယူနိုင်ဖို့ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။

**မေး။ ။ သဘာဝဘေးအန္တရာယ် ကြုံတွေ့လာရင် ဖြေရှင်းနိုင်ဖို့ကြိုတင်ပြင်ဆင်ထားတာတွေရှိရင်လည်း သိချင်ပါတယ်။**

ဖြေ။ ။ နေပြည်တော်မှာ တခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေလို လေဘေး၊ ရေဘေး၊ မီးဘေး စတဲ့ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့ရတာရှိပါတယ်။ လေဘေးက ၆၃ ကြိမ်၊ ရေဘေး ငါးကြိမ်၊ မီးဘေး ငါးကြိမ်၊ ကမ်းပြိုဘေး ၁၀ ကြိမ်၊ မိုးကြိုးဘေး တစ်ကြိမ်၊ ကြွက်ဘေး တစ်ကြိမ် စုစုပေါင်း သဘာဝဘေးဒဏ် ၈၅ ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ သဘာဝဘေးဖြစ်ပွားမှုအတွက် အိမ်ထောင်စု ၉၃၄ စု၊ လူဦးရေအားဖြင့် ၁၉၀၀၀ ကျော်အတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၄၀၃၀၁၁၀၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၃၂၇၃၀၀၀၀ နဲ့ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၁၃၀၃၄၉၄၆ စုစုပေါင်း ငွေကျပ် ၈၆၀၆၆၀၄၆ ကို နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

### အသိပညာပေးခြင်းတွေ ဆောင်ရွက်ခဲ့

ဒါ့အပြင် သဘာဝဘေး အသိပညာပေးဟောပြောပွဲတွေ၊ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဟောပြောပွဲတွေ၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းတွေနဲ့ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား) သင်တန်း ၁၀၉ ကြိမ်ပြုလုပ်ခဲ့ပြီး သင်တန်းသား ၂၂၇၇၂၂ ဦးကို သဘာဝဘေးနဲ့ဆိုင်တဲ့ အသိပညာပေးခြင်းတွေ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။ နေပြည်တော်ကို Smart Cities အကောင်အထည်ဖော်ဖို့ စီစဉ်နေတဲ့ အခြေအနေကိုလည်း သိပါရစေ။**

ဖြေ။ ။ အာဆီယံအဖွဲ့ကြီးအနေနဲ့ ၂၀၁၈ ခုနှစ်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက မြို့ကြီး ၂၆ မြို့နဲ့ အာဆီယံ Smart Cities ကွန်ရက် (ASEAN Smart Cities Network) ထူထောင်ရာတွင် နေပြည်တော်ဟာ ကနဦးမြို့တော် တစ်မြို့အဖြစ် ပါဝင်ခဲ့ပါတယ်။ အာဆီယံ Smart Cities မူဘောင်အဖြစ် ချမှတ်ထားတဲ့ လုပ်ငန်းစဉ်တွေအနက် ပြည်သူလူထုရဲ့ ကျန်းမာရေးနဲ့ သာယာဝပြောရေး၊ အရည်အသွေးကောင်းမွန်တဲ့ သဘာဝပတ်ဝန်းကျင်နဲ့ အခြေခံအဆောက်အအုံစတဲ့ ကဏ္ဍသုံးရပ် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး လုပ်ငန်းစဉ် (Action Plan)တွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် ကိုရီးယားနိုင်ငံက ဆက်သွယ်ပြီး ဘက်စုံတက္ကသိုလ်စီမံကိန်း ဆောင်ရွက်ဖို့ သူတို့လိုချင်တဲ့ မြေကွက်ကို ပြီးခဲ့တဲ့နှစ်က လာဆွေးနွေးပါတယ်။ သံတမန်ဇုန်ဖော်ထားတဲ့ မြေနေရာက တစ်ခု၊ ပညာရေးဝန်ကြီးဌာနက ညှိနှိုင်းပြီးပေးဖို့ မြေနေရာက တစ်ခု ရှိပါတယ်။ ဒါတွေကို ရွေးချယ်နေတုန်းပါ။ နိုင်ငံတော်က သတ်မှတ်တဲ့ဈေးပေးရင် မြေငှားဖို့ အဆင်သင့်ပါပဲ။

နေပြည်တော်မြို့တော်အနေနဲ့ Smart Cities အကောင်အထည်ဖော်ဖို့ ကနဦး Pilot Area အဖြစ် သံတမန်ဇုန်နဲ့ ဟိုတယ်ဇုန်တွေကို ရွေးချယ်ထားပြီး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်သုံးစွဲမှုချွေတာနိုင်တဲ့၊ အလိုအလျောက်ထိန်းချုပ်နိုင်တဲ့ လမ်းမီးတိုင်စနစ် Smart Street Lighting ကို စင်ကာပူနဲ့ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ပြီး အဓိကကျတဲ့ မြို့ပြရပ်ကွက်ဖြစ်တဲ့ ကျောက်မျက်ရတနာဇုန်တွေကို Smart Cities အဖြစ် ပုံဖော်ဖို့ မူလပထမ စီမံချက်ရေးဆွဲထားရှိပါတယ်။

Smart Cities လုပ်ငန်းစဉ်တွေကို e-Government စနစ်နဲ့ ICT နည်းပညာအခြေပြု ပြည်သူ့ဝန်ဆောင်မှုစနစ်တွေနဲ့ ပေါင်းစပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ပေးဆောင်ရမယ့် အခွန်အကောက်တွေကို အွန်လိုင်းကတစ်ဆင့် ပေးဆောင်နိုင်ဖို့ နေပြည်တော်စည်ပင်ဘဏ်နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ GIS Data Base လို့ခေါ်တဲ့ မြို့တော်ရဲ့ အချက်အလက်တွေကို Data Base ထဲ ဖွင့်ကြည့်လိုက်တာနဲ့ လူဦးရေသိပ်သည်းမှုကအစ လျှပ်စစ်အခြေအနေ စတဲ့အချက်တွေကို အကုန်လုံးသိရတဲ့ စနစ်ကို သပြေကုန်းရပ်ကွက်မှာ ဖော်ဆောင်နေပြီဖြစ်ပါတယ်။


**မေး။ ။ ထပ်မံဖြည့်စွက်ပြောကြားဖို့ရှိရင်လည်း ပြောကြားပေးပါရှင်။**

ဖြေ။ ။ နေပြည်တော်နဲ့ ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ချမှတ်ထားတဲ့ မူဝါဒငါးချက်ရှိပါတယ်။ အဲဒီအထဲမှာ ပညာရေးနဲ့ နီးနွယ်တဲ့ လုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ဆိုတဲ့ အချက်တစ်ချက်ပါပါတယ်။ နေပြည်တော်မှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ အခြေခံကောင်းတွေရှိပါတယ်။ နိုင်ငံတကာက စိတ်ဝင်စားလာအောင် အခြေခံကောင်းတွေ ဖော်ထုတ်ဖို့၊ ရုပ်ရှင်စတူဒီယိုကို နိုင်ငံတကာအဆင့်ဖြစ်အောင် ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လမ်းညွှန်ထားပါတယ်။

နေပြည်တော်ကောင်စီအနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားမယ့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြု ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဟုတ်ကဲ့ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ရှင်။ ။


နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာသော တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။


လယ်ဝေးမြို့နယ် အောင်ကုန်းကျေးရွာတွင် မြေထိန်းနံရံ ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

CHINDWIN-PSB
INSTITUTE

# နှစ်သစ်ကူး ဆုမွန်လွှာ

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၏ နှစ်သစ်ကူးပြောင်းချိန်မှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်းနှင့် အသိပညာ၊ အတတ်ပညာ၊ စီးပွားဥစ္စာ၊ အလုပ်အကိုင်များ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်ကြပါစေကြောင်း

Chindwin-PSB Institute မှ နှစ်သစ်ဦး ဆုမွန်ကောင်းများတောင်းခြွေအပ်ပါသည်။

CHINDWIN-PSB INSTITUTE 1st Floor, Sinmalite Business Tower, Kyimyindaing Kanner, Kamayut Township Yangon Ph - 01- 502508, 09 - 954005959



**ရွှေလမ်းခရီး**...မှ အထက်မြန်မာပြည်ခရီးစဉ်များ

* ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး-ပုပ္ပါး၊ ပခုက္ကူ-ရွှေတန့်တာစ် ဆောင်ကြာ‌ရေ‌တိုင်း
* မန္တလေးဘုရားဖူး၊ မြင်ဦးလွင်၊ ကျောက်စိမ်းစေတီ၊ စစ်ကိုင်း၊ မုံရွာ၊ မင်းကွန်း
* တောင်ကြီး(မွေတော်ကက္ကူ)၊ (ထန်းစမ်းလှိုဏ်ဂူ)၊ အင်းလေး၊ မိန်းမရဲတောင်
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကယားပြည်နယ်-လွိုင်ကော်(တောင်ကွဲစေတီ)
* ထားဝယ်(ရှင်ကိုရှင်)၊ မျော်ရစ်၊ မောင်းမကန်ကမ်းခြေ၊ ဇက်ဗိကမ်းခြေ၊ ကျိုက္ကမီ
* ကချင်ပြည်နယ်၊ အင်းတော်ကြီး၊ ရွှေမြှုဘုရား၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ဇလွံတောင်
* ကယားပြည်နယ်၊ လွိုင်ကော်-တောင်ကွဲစေတီ၊ ကြုတ်ဂူ၊ မြင်းမထိလှိုဏ်ဂူ
* မော်လမြိုင်ဘုရားဖူး(ရွှေသာလျှောင်းတောင်)၊ ကျိုက္ကမီရေလယ်ဘုရား၊ စက်စဲကမ်းခြေ

09 5124678, 09 401589907, 09 8627170



**အောင်မြေစေတနာ**

အကျိုးဆောင်လုပ်ငန်းမှ အမြန်ရောင်း / ငှါးမည်

* အလုံ၊ Timeမင်းရဲကျော်စွာကွန်ဒို, M-1,B-1 (ပြင်ဆင်ပြီး) (2150-Sqft) 3400.L
* လှိုင်၊ GEMS Condo, M-1,B-2 (ပြင်ဆင်ပြီး) (1505-Sqft) 3400.L
* အလုံ၊ ရွှေဗဟုဒီပ်ကွန်ဒို, M-1,B-2 (1920-Sqft) 3200.L
* အလုံ၊ Orchid Condo, M-3, F.F (ပြင်ဆင်ပြီး) (2050-Sqft) 2650.L
* လသာ၊ တက်လမ်းကွန်ဒို, M-1,B-2 (ပြင်ဆင်ပြီး) (1700-Sqft) 2500.L
* ရန်ကင်း၊ ရွှေမိုးကောင်းကွန်ဒို, M-1,B-2 (1690-Sqft) 1950.L
* စမ်းချောင်း၊ Mini Condo, M-2 (ပြင်ဆင်ပြီး) (2600-Sqft) 1800.L
* မရမ်းကုန်း (၉)မိုင်၊ Ocean Condo, M-2,B-1 (ပြင်ဆင်ပြီး) (1250-Sqft) 1350.L
* တ/ဥ၊ သစ္စာလမ်းမ-ကွန်ဒို, M-1,B-1 (ပြင်ဆင်ပြီး) (1680-Sqft) 1350.L
* ကမ္ဘာအေးဘုရားလမ်းသွယ်ကွန်ဒိုသစ်, M-1,B-1 (ပြင်ဆင်ပြီး) (1250-Sqft) 1250.L
* သန်လျင်၊ Star City Condo, M-1,B-1 (ပြင်ဆင်ပြီး) (900-Sqft) 1050.L
* ဗိုလ်တထောင်၊ Time Square Condo, B-2 (650-Sqft) 700.L
* မရမ်းကုန်း၊ May Inya Condo, M-1,B-1 (ပြင်ဆင်ပြီး) (700-Sqft) 20.L
* သင်္ဃန်းကျွန်း၊ မလိခကွန်ဒို, M-1, B-1 (ပြင်ဆင်ပြီး) (1350-Sqft) 11.L
* (၉)မိုင်၊ တော်ဝင်သီရိကွန်ဒို, M-2,B-1 (ပြင်ဆင်ပြီး) (1750-Sqft) 10.L
* ပုဇွန်တောင်၊ Dagon Tower, BR-1 (ပြင်ဆင်ပြီး) (1050-Sqft) 10.L

FB-Page ▸ Aung Myay Saytanar Realestate Co.,Ltd

"ကျွန်ုပ်တို့ကုမ္ပဏီ၏ Facebook Page တွင် ဈေးနှုန်းသင့် အိမ်၊ခြံ၊မြေ၊ကွန်ဒို၊ တိုက်ခန်း(အရောင်း/အငှါး)ကြော်ငြာများကို ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်"

"အိမ်၊ခြံ၊မြေ၊ကွန်ဒို၊တိုက်ခန်းများအား အပ်နှံပေးရန် ဖိတ်ခေါ်ပါသည်"

09-422 8888 94, 09-422 8888 93, 09-422 8888 92



**M.K.T Construction Co.,Ltd**

မြန်မာ့ နှစ်သစ်ကူးအခါသမယတွင် မြန်မာပြည်သူ ပြည်သားများ အားလုံး ကျန်းမာချမ်းသာပျော်ရွှင်ပြီး ကံကောင်းခြင်း မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။




ရုံးချုပ်-အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

☏ ၀၁-၈၃၈၂၄၂၊ ၀၁-၈၃၉၈၁၉၁၊ ၀၁-၈၂၄၅၇၈၆ 📱 ၀၉- ၄၄၃၀၇၂၂၅၀၊ ၀၉-၈၆၃၁၀၅၇

Website: www.mktconstruction.com Email: marketing@mktconstruction.com. Facebook: www.facebook.com/mktconstruction.mm

C B BANK

# နှစ်သစ်ကူးဆုတောင်း

CB Bank နှင့် အစဉ်လက်တွဲဆောင်ရွက်လျက်ရှိသော
Customer များအားလည်းကောင်း၊ လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်စေရန်
ကြိုးစားဆောင်ရွက်ပေးလျက်ရှိသော ဘဏ်ဝန်ထမ်းများအားလည်းကောင်း
အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိသော အစုရှယ်ယာရှင်များအားလည်းကောင်း
မြန်မာ့နှစ်သစ်ကူးအခါသမယတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်
ပြည့်စုံပြီး CB Bank နှင့်အတူ ရေရှည်လက်တွဲဆောင်ရွက်သွားနိုင်ပါရန်
နှစ်သစ်ကူးဆုမွန်ကောင်း တောင်းအပ်ပါသည် ...

CB Bank မိသားစု




Sweety®
ဇာဘော်လီ ၊ ဘရာစီယာနှင့် အတွင်းခံအမျိုးမျိုး
"Sweety ဇာဘော်လီ ၊ ဘရာစီယာ နှင့် အတွင်းခံအမျိုးမျိုးမှ
မြန်မာသက္ကရာဇ် ၁၃၈၁ ခု နှစ်သစ်မင်္ဂလာဆုတောင်း"
Sweety ထုတ်ကုန်များကို အစဉ်တစိုက်
နှစ်သက်စွာဝယ်ယူဝတ်ဆင် အားပေးခဲ့ကြသော
Sweety ချစ်သူမိဘပြည်သူများနှင့်
Sweety ဇာဘော်လီ ကို
ချစ်ခင်ယုံကြည်စွာရောင်းချပေးလျက်ရှိသော
ရပ်နီး ၊ ရပ်ဝေး မှ မိတ်ဟောင်း/မိတ်သစ်
ဖောက်သည်ကြီးများအားလုံး
မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် မင်္ဂလာရှိသော
မြန်မာ့နှစ်သစ်ကူးသင်္ကြန်အခါသမယ မှစ၍
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ၊
ပျော်ရွှင်ခြင်းသုခအဖြာဖြာနှင့် ကောင်းကျိုးလိုရာဆန္ဒများ
ပြည့်ဝကြပြီးလျှင် စီးပွားလာဘ်လာဘများ ဆပွားတိုးတက်
အောင်မြင်ကြပါစေကြောင်း Sweety မိသားစုမှ
လှိုက်လှဲစွာ နှစ်သစ်ဆုမွန်ကောင်းများ တောင်းအပ်လိုက်ပါသည်။
Sweety®
Lady life
NOBBY®

5BB BROADBAND
Global Technology Company

# အတန်ဆုံး၊ အကောင်းဆုံး ဖိုင်ဘာအင်တာနက်

မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ် မှ ၁၃၈၁ ခုနှစ်သို့ ကူးပြောင်းသော နှစ်သစ်မင်္ဂလာအခါသမယတွင်

**5BB Broadband Inteternet** သုံးစွဲသူ **Subscribers** အပေါင်းနှင့် မြန်မာပြည်သူ/ပြည်သား အပေါင်း

စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများပြည့်စုံကြပြီး စီးပွားဥစ္စာများ ဒီရေအလား

တိုးတက်ဝေဖြာကြပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။



5BB BROADBAND
Global Technology Company

မိသားစု

ရန်ကုန်မြို့ မန္တလေးမြို့
ပြည်မြို့ ပဲခူးမြို့
ဘားအံမြို့ မော်လမြိုင်မြို့
မကွေးမြို့

5BBbroadband www.5BB.com.mm



# နှစ်သစ်ဦးအထူးဓမ္မသဘင်ပွဲ ဖိတ်ကြားအပ်ပါသည်။

တိုက်ခွဲ (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာကြီးများ၏ ဦးစီးပဓာနနာယက

သောတာပတ္တိမဂ် (ရှုဖွယ်) ကျမ်းပြုဆရာတော်

## အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ စန္ဒိမာ (အောင်လံ)

၂၀-၄-၂၀၁၉ (စနေနေ့)၊ ၂၁-၄-၂၀၁၉ (တနင်္ဂနွေ) ညစဉ် (၇း၀၀) နာရီ

သခင်မြပန်းခြံ အတွင်း၊ အလုံမြို့နယ်။

အလှူဒါယကာ ကိုကျော်ကြီး+အလှူဒါယိကာမ မစန္ဒာမြင့် သမီးများ မကေခိုင်လင်းလက်၊ မပေပြတ်ပွန် မိသားစု

အလုံးစုံသော အရပ်ရပ်တို့မှ နှစ်သစ်ဦးအထူးဓမ္မသဘင်ပွဲတော်သို့ ကြွရောက်၍ တရားနာမည့် သူများအနေဖြင့် (၁၀)ယောက် နှင့် အထက်၊ ကားငှားလာမည့်သူများသည် တရားပွဲမကျင်းပမီအချိန်အတွင်း ကျွန်တော်တို့ထံမှ ကားငှားရမ်းခများကို အလှူခံနိုင်ပါသည်ခင်ဗျာ။

ဆက်သွယ်ရန် – 09-444466567, 09-967895055, 09-43095370, 09-5097011

---

## စံတော်ဝင်မြေဖြင်းတောရဓမ္မရိပ်သာ (မိုးကုတ်မြို့)
## အကြိမ် (၂၀) မြောက် ရက် (၆၀) တရားစခန်း
## ဖွင့်လှစ်မည်ဖြစ်ကြောင်းကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု၊ ရွှံ့ပန်လေးရပ် "စံတော်ဝင်မြေဖြင်းတောရဓမ္မရိပ်သာ" တွင် ရက်(၆၀) တရားစခန်းကို (၁၃၈၁)ခုနှစ်၊ ကဆုန်လဆန်း(၁)ရက် (၄-၅-၂၀၁၉)ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းပါရန်နှင့် တရားစခန်းဝင်မည့် ယောဂီများသည် တရားစခန်းဖွင့်ပွဲမတိုင်မီ (၁)ရက်ကြိုတင်၍ လာရောက်ကြပါရန်အသိပေးကြေညာအပ်ပါသည်။ {အသက်(၅၀)ရှိပါလျှင် လပေါင်း (၆၀၀) မိမိလုပ်ချင်တာလုပ်ခဲ့ကြပါပြီ ဘဝတစ်ခုလုံးနှင့် သံသရာတစ်လျှောက်လုံးအတွက် ရက်(၆၀)တရားစခန်းဝင်ကြပါနို့လားခင်ဗျာ။}

မှတ်ချက် ။ ။ သင်္ကြန်ကာလရုံးပိတ်ရက်(၁၀-၄-၂၀၁၉ မှ ၁၉-၄-၂၀၁၉) ထိ (၁၀)ရက် တရားစခန်းရှိပါသည်။

★ တရားစခန်းဝင်မည့်ယောဂီများအနေဖြင့် တရားစခန်းသို့ ရွှေ၊ ငွေ အဖိုးတန်ပစ္စည်းများ ယူဆောင်ခြင်း မပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန် ။ ၀၉ ၄၀၂၆၈၆၉၉၉၊ ၀၉ ၄၅၁၄၉၀၃၈၆၄၊ ၀၉ ၉၆၂၃၁၁၇၅၉ (ဦးဌေးမြင့်)။ ၀၉ ၇၈၉၂၀၃၁၇၀ (ဦးသိန်းဝင်း)

သုဓမ္မဇောတိကဓဇ ဦးသန်းနိုင် (စံတော်ဝင်)+ဒေါ်အေးအေးဝင်း (မြန်မာစံတော်ဝင်၊ စံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ)

---


# နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

"ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော မြန်မာနှစ်သစ်ကူးအခါသမယတွင်"

မြန်မာပြည်သူပြည်သားများ စိတ်ချမ်းသာကိုယ်ကျန်းမာ၍စီးပွားလာဘ်လာဘများတိုးပြီး

လိုရာဆန္ဒများ ပြည့်ဝပါစေကြောင်းဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**စိန်ပင်လယ်၊ ရွှေပင်လယ်** အာမခံစိန်ရွှေရတနာဆိုင် မိသားစု


---

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## အခမဲ့ဗလာ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ကြီးကြပ်မှုဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံးအောက်ရှိ အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအားလုံးအတွက် အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သောလေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်သွင်းရမည့် လေ့ကျင့်ခန်းစာအုပ်ဒါဇင်

(က) (၇၂၆၃၃)ဒါဇင်

(ခ) တင်ဒါပိတ်မည့်ရက်၊အချိန် ၃၀-၄-၂၀၁၉ ရက်(အင်္ဂါနေ့)၊ ညနေ ၄း၃၀ နာရီ

၃။ တင်ဒါပုံစံများကို ၁၈-၄-၂၀၁၉ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် ကိုယ်တိုင် ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကချင်ပြည်နယ်ပညာရေးမှူးရုံး၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၇၄-၂၅၂၁၇၁၊ ၀၇၄-၂၅၂၂၄၅၆**

---




# ကမ္ဘာ့ရတနာဘဏ်
GLOBAL TREASURE BANK PUBLIC CO.,LTD.

မင်္ဂလာနှစ်သစ်အခါသမယတွင်
မိတ်ဟောင်းမိတ်သစ် Customer အပေါင်း
လိုအင်ဆန္ဒများပြည့်ဝပြီး
စီးပွားဥစ္စာများ တိုးတက်ကြပါစေကြောင်း
GTB ဘဏ် မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ယခင် မြန်မာ့မွေးမြူရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ်


ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

## ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး
## နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ကြည့်မြင်တိုင်မြို့နယ်အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၃၈)မြို့နယ်မှ ပရိယတ္တိစာချစာသင် သုတဗုဒ္ဓသံဃာတော် အရှင်သူမြတ်တို့အား နေ့စဉ်အရက်ဆွမ်းအတွက် တစ်နှစ်လျှင်သုံးကြိမ် ဆွမ်းဆန်တော်များလှူဒါန်းလျက်ရှိခြင်း။ အထက်ပါ စာသင်တိုက်များရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအားဂုဏ်ပြုပူဇော်လှူဒါန်းခြင်း၊ စာမေးပွဲအသီးသီးအောင် စာအောင်အရှင်သူမြတ်တို့အား စာအောင်သံဃာလှူဒါန်းပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ အစီအမံဖြင့် ကျင်းပပြုလုပ်သော လှူဒါန်းမှုကိစ္စအဝဝတွင် ပါဝင်ကုသိုလ်ပြုလှူဒါန်းခြင်းနှင့် အခြားထည့်ဝင်လှူဒါန်းမှုများကိုလည်း ဆောင်ရွက်ခဲ့သည်မှာ ၉၃နှစ်တိုင် ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ထို့ပြင် ရန်ကုန်ဆန်လှူအသင်း စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိပြီး ရဟန်းရှင်လူပြည်သူအများအား ပိဋကတ်စာပေ၊ သုတ၊ ရသစာပေများ လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက် ပေးထားလျက်ရှိသလို သာသနာတော်ပြန့်ပွားရေးအတွက် အဘိဓမ္မာနှင့် အခြားဘာသာရေးဆိုင်ရာသင်တန်းများ ၊ လူပုဂ္ဂိုလ်များဆိုင်ရာ နိုင်ငံတကာဘာသာစကား သင်တန်းများကိုလည်း အခမဲ့ ဖွင့်လှစ်ထားလျက်ရှိပါသည်။

ဤကဲ့သို့နှစ်စဉ်အစဉ်အလာမပျက် လှူဒါန်းပူဇော်နိုင်ခြင်း၊ သာသနာတော်ဆိုင်ရာ သင်တန်းများဖွင့်လှစ်နိုင်ခြင်းသည် အနယ်နယ်အရပ်ရပ်မှအကျိုးဆောင်များ၏ ကူညီဆောင်ရွက် လှူဒါန်းပေးမှု၊ စေတနာ သဒ္ဓါထက်သန်စွာဖြင့် အာမိဿကံစုဘူးများရယူစုဆောင်းလှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၏ ကျေးဇူးကြောင့် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နှစ်သစ်အခါသမယတွင် ရန်ကုန်ဆန်လှူအသင်းကြီးသို့ ထည့်ဝင်လှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော အမှုဆောင်၊ အကျိုးဆောင် ၊ အသင်းသား ၊ ဝန်ထမ်းများအားလုံး ကိုယ်ကျန်းမာ ၊ စိတ်ချမ်းသာကြလျက် ဘာသာ ၊ သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပြီး စီးပွားလာဘ်လာဘများ တိုးပွားကြစေကြောင်း နှစ်သစ်မင်္ဂလာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အမှုဆောင်အဖွဲ့
ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး

မင်္ဂလာနှစ်သစ် အခါသမယမှာ မြန်မာပြည်သူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာပြီး စီးပွားဥစ္စာများ တိုးပွားပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

www.junespirulina.com
JUNE SPIRULINA

➤Ygn: + 95 9 730 12000, 730 13000, 730 14000 ➤Mdy: + 95 2 40 24490, 40 39985, 40 39725, 40 36122



မင်္ဂလာနှစ်သစ် အခါသမယမှာ မြန်မာပြည်သူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာပြီး စီးပွားဥစ္စာများ တိုးပွားပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။



www.greatjune.com
GREAT PAPER

➤Ygn: + 95 1 9010660, 202743, 296754, + 95 9 7310 6111, 7310 6222, 7310 6333, 731 60003


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၁၇၈/မမ/(CE) | ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း CP-103 (ညောင်လေးပင်-တောင်ငူအပိုင်း) တွင် အသုံးပြုမည့် New Heavy Rail 25 m Length (JIS 50 N Rail)2400-Nos (3000-M/Ton)အား ရွာသာကြီးစုပုံကွင်းမှ အုတ်တွင်း Depot သို့ Transporter ကားများဖြင့် သယ်ယူပေးပို့ခြင်း လုပ်ငန်း |
| ၂ | ၁၇၉/မမ/(CE) | တိုင်းအမှတ်(၇)ရန်ကုန် ရန်ကုန်မြို့ပတ်လမ်းပိုင်း၊ ဟံသာဝတီဘူတာ နှင့်လှည်းတန်း ဘူတာကြား မိုင်(၄/၁၈- ၁၉)ရှိ နာနတ်တော ကားလမ်းကူး ခုံးကျော်တံတား အောက်တွင် 4' အကျယ် တံတား တည်ဆောက်ခြင်း လုပ်ငန်း |
| ၃ | ၁၈၀/မမ/(CE) | ရန်ကုန်မြို့ပတ်လမ်းပိုင်း၊ အင်းစိန်ဘူတာ နှင့်ရွာမဘူတာကြား မိုင်(၉/၈-၉) တွင် (2/ 6' x 10' ) RC Box Culvert (၁)လုံး တည်ဆောက်ခြင်း လုပ်ငန်း |
| ၄ | ၁၈၁/မမ/(CE) | ဆိုက်ခေါင်- ထီးရိုလမ်းပိုင်း၌ ဖြုတ်သိမ်းပြီး စုပုံထားသော (၇၅)ပေါင် သံလမ်းနှင့် ဆက်စပ်ပစ္စည်းများ(827.151)တန် အား ထီးရိုဘူတာ၊ မီးရယ်ဘူတာ နှင့် ပြင်သာယာဘူတာတို့မှ ရွှေညောင် ဘူတာ သို့ ပြင်ပကားများ ဖြင့် တင်/ချ အပါအဝင် သယ်ယူပို့ ဆောင်ခြင်းလုပ်ငန်း |
| ၅ | ၁၈၂/မမ/(CE) | ကျိုင်းတုံ- ဝမ်ကောင်းရထားလမ်းပိုင်းရှိ စုပုံ ဖြုတ်သိမ်းထားသည့် (၇၅)ပေါင် သံလမ်း နှင့် ဆက်စပ်ပစ္စည်းများ (1177.174) တန် အား ကျိုင်းတုံဘူတာ ၊ ယမ်းလုဘူတာများမှ ရွှေညောင်ဘူတာသို့ ပြင်ပကား များ ဖြင့် တင်/ချ အပါအဝင် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် - (၁၆ .၅ .၂၀၁၉ ) (ကြာသပတေးနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၁၈.၄.၂၀၁၉) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်း နိုင်ပါ သည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:-294352, 291994




နှစ်သစ်ကူး နှစ်ဦးမှာ မင်္ဂလာ အပေါင်း နှင့်ပြည့်စုံ ကြပါစေ

ပြည်သူ ပြည်သား ကမ္ဘာသူ ကမ္ဘာသား များ
● အေးငြိမ်းသာယာ ပွင့်လန်းချမ်းမြေ့ကြပါစေ

မိုက်ခွဲဖို့အရေး ကာကွယ်ပေး နေတဲ့
ဓော်ပု
အာဟာရဆေး
မိသားစု ဆုမွန် ရတနာ

KN tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

အဲယားကွန်း
အဟောင်းအပျက်များ
ဈေးကောင်းပေးဝယ်သည်။
09 5191361

မီးဘေးရှောင် မလောင်ခင်တား

လိပ်ခေါင်း၊ ဂရင်ဂျီနာ
09-73121554
အပူ၊ အကျိတ်၊ အရေပြား၊ အရိုးအကြော၊ မသွဲမစိ၊
မနာမကျင် အမြစ်ပြတ်ကုသပေးသည်။
(ဇီဝက ဆေးခန်း)
၃၄၈၊ မြေညီ၊ ရွှေဘုံသာအထက်လမ်း၊ အောင်ဆေးခန်းအောင်၊
ရန်ကုန်မြို့၊ 09-73038158, 09-43088215

ပြည်သူ့အတွက်

**SKY NET**

နှစ်သစ်ဆုတောင်း

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ (ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ဧပြီလ ၁၇ ရက်) တွင်ကျရောက်သော ကျက်သရေ မင်္ဂလာအပေါင်းစည်းဝေဆာ၊ ကောင်းခြင်းပြာသည့် မြန်မာနှစ်ဆန်း အခါသမယတွင် ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်တစ်ဝန်းလုံးရှိ မိဘပြည်သူညီအကို မောင်နှမများ အားလုံး

**"ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာပြည့်ဝ**
**လိုတိုင်းရသား၊ အများအကျိုး**
**သယ်ပိုးရွက်ထမ်း၊ မေတ္တာစွမ်းဖြင့်**
**ငြိမ်းချမ်းအေးမြ၊ သာယာကြပါစေကြောင်း"**

SKY NET မိသားစုမှ လေးစားရှိသေစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## " နှစ်သစ်ကူး ဆုမွန်ရွှာ"

ဇော် မိတ္တူ၏ မိတ်ဟောင်း၊မိတ်သစ် အပေါင်းတို့ ခင်ဗျား . . .

မြန်မာသက္ကရာဇ် (၁၃၈၁) ခုနှစ်သစ်တွင် မိတ်ဆွေတို့၏ လုပ်ငန်းများ တိုးတက်အောင်မြင်ပြီး ကိုယ်စိတ်နှလုံးသုံးပါးစလုံးရွှင်ပြုံးကြပါစေရန် ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

အမှတ် (၈၅) ၁၃လမ်း(အလယ်) လမ်းမတော်မြို့နယ် ဆိုင်ခွဲတွင်လည်း ဂျပန်နိုင်ငံထုတ် HP Pagewide နည်းပညာသုံး XL5100 စက်သစ်ကြီး ဖြင့်လည်း အကောင်းဆုံး ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါး အပ်ပါသည်။ အကောင်းဆုံး အရည်အသွေး အသက်သာဆုံး ဈေးနှုန်းများဖြင့်

မိတ်ဆွေများကိုစိတ်တိုင်းကျစေမည်

ဇော် အဆင့်မြင့် မိတ္တူ၊ ကွန်ပျူတာ နှင့် စာအုပ်ချုပ်လုပ်ငန်း မိသားစု

Door to Door Delivery

*Open Daily*
*8:30 Am to 8:00 PM*

*Best Quality, Fair Price!*

Air.con တွေဘယ်လောက်ပျက်ပျက် (၁)ရက်ထဲနဲ့ ကောင်းအောင်ပြင်ပေးနိုင်တာ AAS ပါ။

AAS Air.con Services



| | |
|---|---|
| Thinggangyun branch | : 573 811,578 957 |
| Tamwe branch | : 09 505 4228 , 09 420071954 |
| Myaynigone branch | : 09 86 14140 |
| Lanmadaw branch | : 09 4200 33454 , 09 4200 33464 |
| Mandalay branch | : 09 450 236 294 , 09 772 013 711 |

## ရွှေလမ်းခရီး... ဓမ္မမိတ်ဆွေများ ခင်ဗျာ

ချင်းပြည်နယ်(ကန်ပက်လက်) ဆရာတော်ဦးဥတ္တမ၏ ဗဟိုသာသနာပြုကျောင်းနှင့် မိဘမဲ့ကလေးများ ကျညီစောင့်ရှောက်ရေးအတွက် ဘုရားဖူး ဓမ္မမိတ်ဆွေများမှ လှူဒါန်းထားသော အလှူငွေအစုစုကို (၁၃-၅-၂၀၁၉) ရက်နေ့တွင် လှူဒါန်းသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ထိုအလှူတော်မင်္ဂလာသို့ (၁၀-၅-၂၀၁၉) ရက်နေ့တွင် ကားများ စောင် ထွက်ခွာမည်ဖြစ်ပါ၍ လိုက်ပါလိုသော ဘုရားဖူးအလှူရှင်များအနေဖြင့် အသေးစိတ်သိရှိနိုင်ရန်အတွက် 01-371317, 09-5124678, 09 8627170 သို့ ဆက်သွယ် နိုင်ပါကြောင်း နှိုးဆော် အသိပေးအပ်ပါသည်။

ရွှေလမ်းခရီးမိသားစု

## မိုးသောက်ပန်းအဆင့်မြင့်မုန့်တီ

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"


နံနက်(၅း၀၀)နာရီမှ (၃း၀၀)နာရီအထိ
ကျွေးကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction စဝန်အနီး: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133



မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် တန်ခူးလတွင် ကျရောက်မည့် မြန်မာ့ရိုးရာအခါသမယတွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုကွန်ဗစ်ဆေးရုံကြီးမှ နှစ်သစ်ဆုမွန်ကောင်း ပို့သအပ်ပါသည်။

ဆုကွန်ဗစ်ဆေးရုံကြီး




## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၄၂၃(ခ)၊ (၀.၀၂၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၂)လမ်း၊ အမှတ်(၄၃၂/ခ) ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဦးစိုးနွယ်(ကွယ်လွန်)နှင့် ဒေါ်ကြည်(ကွယ်လွန်)တို့၏ အမွေစားအမွေခံသားသမီးများဖြစ်သည့် ဒေါ်ကြည်ကြည်ခိုင်[၁၂/သကတ(နိုင်) ၁၁၃၄၇၄]၊ ဒေါ်ချိုချိုမာ[၁၂/သကတ(နိုင်)၁၂၇၀၀၆] ဒေါ်အေးအေးမော်[၁၂/သကတ(နိုင်)၁၃၄၉၆၇]တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆိုယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)**
**အခန်း-၅၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-5149636**

**ဥ တု ရာ သီ တော ကို မှီ ၏**

**တော တောင် ခြောက် ခန်း လယ် ယာ နွမ်း ၏**










နိုင် ငံ တစ် ဝန်း စိမ်း လန်း ဖို့သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
မဟာသင်္ကြန်နှစ်သစ်ကူး အချိန်ခါသမယမှာ မြန်မာပြည်သူပြည်သားအပေါင်း
စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနှင့် ဖြတ်သန်းနိုင်ကြပါစေကြောင်း MPT မိသားစုမှ
နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။







## ခရမ်းလွန်ရောင်ခြည်အန္တရာယ်အထူးသတိပြုဖွယ်

- အရိပ်ရသော နေရာများတွင်သာ နေပါ။
- နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသောအဝတ်အစားများ ဝတ်ဆင်ပါ။
- ဦးထုပ်ဆောင်းထားပါ။
- အနည်းဆုံး SPF 15+(နေရောင်ကာကွယ်နိုင်စွမ်း ၁၅+) ပါဝင်သော နေရောင်ခံ လိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့် ကြိုလိမ်းပါ။ နောက်ထပ် ၂ နာရီကြာတိုင်း တစ်ကြိမ်ထပ်၍ လိမ်းပါ။
- ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန